# သင်းကွဲဝိညာဉ်မ

ဆောင်းလုလင်

ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု



# ဆောင်းလုလင်

## သင်းကွဲဝိညာဉ်မ

ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု

□

တိတ်ဆိတ်သောည။

လရောင်က ရွှန်းရွှန်းမြမြသာလျှက်ရှိသည်။

ကောင်းကင်၌ ပြေးလွှားနေသော တိမ်တစ်အုပ်သည် လမင်းရှေ့မှ ကွယ်လိုက်သည့်အခါတွင်မူကား … မြေတပြင်လုံးအမှောင်ထု ဖုံး၍သွားပြန်လေသည်။

ခဏအကြာတွင် … တိမ်အုပ်သည် တလိမ့်လိမ့်ရွေ့လျားကာ လမင်းအတွက် နေရာဖယ်ပေးလိုက်ပြန်၏။

ယာတောအလည်မှ အိမ်အိုကြီး၏မြင်ကွင်းသည် လရောင်အောက်တွင် တစစပေါ်လွင်ထင်ရှားလာ၏။ မြင့်မားလှသော နှစ်ထပ်အိမ်အိုကြီး၏ အမိုးထိပ်သည် ဝန်းကျင်ရှိ သစ်ပင်ကြီးများထက်မြင့်မားကာ ကောင်းကင်သို့ထိုးမျှော်နေလေသည်။

တကယ်တော့ … လူမနေသည်မှာ နှစ်ပေါင်း၃၀ ကြာပြီဖြစ်သော အိမ်အိုကြီးအတွက် ရှိသမျှသော ပြတင်း

ပေါက် ၊ တခါးပေါက်များ ပိတ်ကွယ်နေသည်မှာ အဆန်း မဟုတ်ပါပေ။

သို့ရာတွင် ...မိန်းမတစ်ယောက်၏ ရုပ်သွင်သဏ္ဍာန် သည်ကား ... တိတ်ဆိတ်သောညများတွင် အိမ်အိုကြီးအ တွင်း လှည့်လည်သွားလာနေသည်ကို ရံဖန်ရံခါ တွေ့မြင်ရ တတ်ပေသည်။

နှစ်၃၀ကြာကာလတိုင်သည်ထိ... လူသူတစ်ယောက် မှရောက်မလာသည့်အိမ်အိုကြီး။

လူကြီးလက်တစ်ဝါးစာမျှရှိသော ကြေးဝါ သော့ခ လောက်ကြီးက အိမ်အိုကြီး၏တခါးမကြီးကိုခတ်ထားလျှက်ရှိ ၏။ ခြံတခါးကိုလည်း သံကြိုးအထပ်ထပ်ရစ်ပတ်ကာ အာမ ခံသော့ခလောက်ကြီးဖြင့်ခတ်၍ ပိတ်ဆို့တားဆီးထားပေ၏။

ဤမျှ ဟန့်တားပိတ်ပင်ထားပါလျှက်နှင့် အ,ကာလ ညများ၌ မိန်းမတစ်ယောက်၏သဏ္ဍာန်သည် ခြံအတွင်း၌ သော်၎င်း ၊ အိမ်အတွင်း၌သော်၎င်း ... လှည့်လည်သွား လာနေသည်ကို မြင်တွေ့ရတတ်သည်။

ရံဖန်ရံခါတွင် ... အိမ်ကြီးအပေါ်ထပ်မှ ပြူတင်း ပေါက်သည် ပွင့်လာကာ ... မိန်းမတစ်ယောက်သည် ပြူ တင်းပေါက်မှရုပ်လျှက် အပြင်သို့ လှမ်းမျှော်ကြည့်နေသည် ကိုမြင်တွေ့ရတတ်သည်။

ရံဖန်ရံခါတွင် … အိမ်ဖော်ထပ် လသာဆောင်ဆီ၌ မတ်တပ်ရပ်လျှက် လမင်းဆီသို့မျှော်ကြည့်နေသည့် မိန်းမ သဏ္ဍာန်ကိုမြင်ရပြန်သည်။ ထိုအခါများတွင် မိန်းမ၏ဆံပင် များသည် ကျောလည်အထိပြန့်ကျလျှက် … လေထဲတွင် တလွန့်လွန့်လွင့်နေသည်ဟု ဆိုကြ၏။

ရံဖန်ရံခါတွင် … ခြံထဲ၌ ဟိုဟိုဒီဒီလမ်းလျှောက် သွားနေသော မိန်းမတစ်ယောက်ပုံသွင်ကို မြင်တွေ့ရတတ် ပြန်ပေသည်။

မိန်းမသည် ဖြူဖွေးသောအဝတ်အစားများကို ဝတ် ဆင်ထားပြီး အဖြူရောင်သဏ္ဍာန်ကြောင့်ပင် ညအခါများ၌ သူမ၏လှုပ်ရှားမှုကို အဝေးမှပင် မြင်တွေ့ရတတ်သည်ဟု ဆိုကြ၏။

အိမ်ကြီးနှင့်မလှမ်းမကမ်းတွင် လူနေရွာတစ်ရွာရှိပြီး ရွာသူရွာသားများမှာ နေ့လည်ခင်း၌ပင် အိမ်ကြီးကို ကွင်း ရှောင်တတ်ကြသည်။

ညအချိန်များတွင် မလွဲမရှောင်သာ အိမ်ကြီးရှေ့မှ ဖြတ်သွားရပါက … ခြံထဲ၌ သွားလာလှုပ်ရှားလျှက်ဖြစ်စေ၊ အပေါ်ထပ်ပြတင်း၌ ရပ်လျှက်ဖြစ်စေ ၊ လသာဆောင် လက်ရမ်းများကိုမှီ၍ဖြစ်စေ … မိန်းမ၏ သဏ္ဍာန်ကိုမြင် တွေ့ရမြဲဖြစ်သည်။

ထိုမိန်းမသဏ္ဍာန်ကို ဝိညဉ်သရဲအဖြစ် ရွာသူရွာသားများက ထင်မှတ်ကြလေသည်။

မိန်းမသဏ္ဍာန်သည် ခြံရှေ့မှဖြတ်သွားသူများကို လက်ယပ်၍ခေါ်တတ်သည်။

လက်ခုပ်တီး၍လည်းခေါ်တတ်သည်။ သူမလက်ခုပ်တီး၍ခေါ်လိုက်သည့်အခါ လက်ခုပ်သံတဖျောင်းဖျောင်းသည်ချောက်ချားဘွယ်ထွက်ပေါ်လာပြီး … ပတ်ဝန်းကျင်သို့ပင် ပဲ့တင်ထပ်သွားသည်ဟု အဆိုရှိလေသည်။

ယင်းသို့ … အခေါ်ခံရလျှင် မိန်းမသဏ္ဍာန်ကို သရဲတစ္ဆေဟု ယုံကြည်ထားပြီးသူများမို့ အိမ်အိုကြီးရှေ့မှ အစွမ်းကုန်သုတ်ခြေတင်၍ ပြေးကြမြဲဖြစ်လေ၏။

ယနေ့ညတွင်လည်း …

တိမ်တိုက်များ ပြေးလွင့်သွားသည့်အချိန်တွင် လရောင်သည် အိမ်ကြီးတစ်ခုလုံးကို လွှမ်းခြုံအုပ်မိုးလိုက်၏။

အိမ်အပေါ်ထပ်၏ လသာဆောင်ဆီသို့ထွက်သောတခါးသည် ဖြည်းညှင်းစွာပွင့်၍လာလေသည်။ အိမ်မကြီးထဲမှ ဖြူဖွေးသောအရိပ်တစ်ခုထွက်လာပြီး လသာဆောင်ဆီသို့လျှောက်လှမ်းလာလေသည်။

လသာဆောင်ထိပ်သို့ရောက်သောအခါ ဖြူသောအရိပ်သည် လသာဆောင်၏ လက်ရမ်းကိုမှီ၍ရပ်နေလိုက်၏။

သူမသည် အဝေးသို့မျှော်ကြည့်ရင်းငြိမ်သက်စွာရပ်နေရာ ဖြန့်ချထားသောဆံနွယ်များသည် လေတိုက်လိုက်တိုင်းတဝဲဝဲ လွင့်လျှက် ရှိလေ၏။

ရွာထဲမှ ခွေးလေခွေးလွင့်တစ်ကောင်သည် မျက်စိလည်လမ်းမှားကာ အိမ်အိုကြီးရှေ့သို့ရောက်ရှိလာပြီး … လသာဆောင်တွင်ရပ်လျှက်ရှိသည့် မိန်းမသဏ္ဍာန်ကို မြင်တွေ့သွားလေသည်။ ခွေးသည် မိန်းမသဏ္ဍာန်ကိုမော်ကြည့်ရင်း ရှည်လျားစွာအူလိုက်သည်။

ခွေးဝဲစား၏အူသံကြောင့် ရွာထဲမှခွေးများပါ တစ်ကောင်ပြီးတစ်ကောင်လိုက်အူကြရာ … ခွေးအူသံများက ပတ်ဝန်းကျင်တစ်ခုလုံးသို့
ချောက်ချားဘွယ်လွှမ်းမိုးသွားလေ သည်။

လသာဆောင်ပေါ်မှမိန်းမသည် အူနေသောခွေးကို ငုံ့၍ကြည့်လိုက်သည်။

ခွေးအူသံသည် တိကနဲပြတ်သွား၏။

ခွေးဝဲစားသည် အမြီးကုပ်သွားသည်။ ကြောက်ရွံ့တုန်လှုပ်မှုကြောင့် ခွေးဝဲစား၏တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်ယင်နေလေသည်။

ခွေးဝဲစားသည် တဂိန်ဂိန်အော်ရင်း ရွာဘက်သို့ လျင်မြန်စွာထွက်ပြေးသွားလေတော့သတည်း။

ဖြူဖွေးသော အရိပ်သဏ္ဍာန်ရှင်မိန်းမသည် မည်သူ ပေနည်း။

အများထင်သလို ဝိညာဉ်တစ်ခု၏ အရိပ်ကိုယ်ပွား ပေလား။ အမှန်တကယ်ပင် သရဲတစ္ဆေတစ်ကောင်ပေလား။

ဤအိမ်အိုကြီး၌ လွန်ခဲ့သောနှစ်ပေါင်း၃၀က ... တစ်ရက်ထဲ ၊ တစ်ညထဲ၌ပင် မိန်းမနှစ်ယောက်သေဆုံးခဲ့ ဘူးလေသည်။ နှစ်ဦးစလုံးမှာ အသေဆိုးဖြင့် အစိမ်းသေ သေဆုံးခဲ့ခြင်းဖြစ်လေသည်။

ထိတ်လန့်ချောက်ချားဘွယ်အဖြစ်ဆိုးဖြင့် သေဆုံး ခဲ့သည် ထိုမိန်းမနှစ်ယောက်က နာနာဘာဝအဖြစ်ချောက် လှန့်နေသည်ဟု ယုံကြည်ကြသည်။

အချို့က မိန်းမသဏ္ဍာန်သည် အိမ်ကြီး၏ အရှင်သ ခင်မ “ ပတ္တမြားနတ်မယ် ” ၏ဝိညာဉ်ဟု ဆိုကြသည်။

အချို့က အိမ့်ကျွန်မလေး “ ပန်းရုံ ” ၏အရိပ် ဟုဆိုကြသည်။

အချို့ကတော့ သူတို့နှစ်ဦးထက် ရှေးကျစွာ သေ ဆုံးသွားခဲ့သည့် အထိန်းတော်ကြီး “ ဒေါ်အိုဇာ ” ၏ နာနာဘာဝရုပ်သွင်ဟု ထင်မြင်ကြပြန်လေသည်။

ထိုမိန်းမ ၃–ဦးစလုံးက တစ်လှည့်စီကိုယ်ထင်ပြ ချောက်လှန့်နေသည်ဟု ယူဆကြသူများလည်း ရှိပါသေး သည်။

မည်သို့ပင်ဆိုစေ ...

လွန်ခဲ့သော နှစ်ပေါင်း ၃၀–က ...

စိတ်နှလုံးတုန်လှုပ်ချောက်ချားဘွယ် ၊ သွေးပျက် ထိတ်လန့်ဘွယ် အဖြစ်ဆိုးကြီးတစ်ခုကား ...

... ဤအိမ်ကြီးပေါ်ဝယ် အမှန်တကယ်ဖြစ်ပျက်ခဲ့ ဘူးပါလေသည်။

❤ ❤ ❤

□

နေဝင်ရီတရောအချိန်တွင် ...

မြင်းညိုကြီးကို ကဆုန်ဆိုင်း၍ စီးနင်းလာသော ယောကျာ်းတစ်ယောက်အသွင်က ယာတောအိမ်ကြီးဆီသို့ ဦးတည်သွားလျှက်ရှိသည်။မြင်းစီးယောကျာ်းသည်ပို့င်တူးတူး သေနတ်ကို လွယ်လျှက် မြင်းပေါ်တွင် ခန့်ညားစွာစီးနင်း လိုက်ပါလာလျှက်ရှိသည်။

တစ်ကိုယ်တော် တောလည်ထွက်ရာမှ ပြန်လာခဲ့သော မြင်းစီးယောကျာ်းမှာ ယာတောအိမ်ကြီး၏အရှင်သခင် ဦးစိုးအုပ် ဖြစ်ပါသည်။ ရှေးဘုရင်တို့၏ အနွယ်တော်တစ်ဦး ဖြစ်ပြီး ... ကြွယ်ဝချမ်းသာသော မြေရှင်တစ်ဦးမို့ " ဦး " တပ်၍ခေါ်ရသော်လည်း ဦးစိုးအုပ်၏ အသက်မှာ ၃၀,ဝန်း ကျင်သာရှိပါသေးသည်။

သခင်ကြီးဦးစိုးအုပ်စီးနင်းလာသောမြင်းညိုကြီး ယာတောအိမ်ခြံဝင်းထဲဝင်လာသည်နှင့် ... ဘဏ္ဍာစိုးကြီးဖိုးသာဒင်ကအိမ်ထဲမှပြေးထွက်လာသည်။

ဦးစိုးအုပ် မြင်းပေါ်မှလွှားကနဲခုန်အဆင်းနှင့် ဖိုးသာဒင်က မြင်းဇက်ကြိုးကို ဦးစိုးအုပ်ထံမှ လွှဲယူလိုက်သည်မှာ တချိန်ထည်းဖြစ်သည်။

ထိုအချိန်တွင် ... အိမ်မကြီး၏တခါးဝမှ ချောမော လှပ၍ ခန့်ညားကျက်သရေရှိသော အမျိုးသမီးတစ်ဦးထွက် လာလေသည်။ သခင်ကြီးဦးစိုးအုပ်၏ဇနီး " ပတ္တမြားနတ် မယ် " ဖြစ်ပါ၏။

" မောင်မောင် ... ပြန်လာတာနောက်ကျလှချည် လား၊ မိမိဖြင့် စိတ်ပူနေရတယ်မောင်မောင် "

ပတ္တမြားနတ်မယ်က ခင်ပွန်းဖြစ်သူကို နှုတ်ဆက် လိုက်သည်။

ဦးစိုးအုပ်က လက်ထဲတွင် နွယ်ကြိုးနှင့်ချည်၍ဆွဲ လာသော ယုန်နှစ်ကောင်ကို မြှောက်ပြရင်း ...

" လူတွေအနေများလာတော့ တောအုပ်ကကျဉ်းပြီး တောတိရစ္ဆာန်တွေရှားပါးလာပြီမိမိ၊ ဟောဒီ ယုန်လေးနှစ် ကောင်ပဲ ရခဲ့လေရဲ့ "

ပတ္တမြားနတ်မယ်က ယုန်သေနှစ်ကောင်ကို လှမ်း ယူလိုက်သည်။

" ဝမ်းစာအတွက် တောလိုက်တာမှမဟုတ်ပဲ မောင်မောင်ရယ်၊ ဝါသနာကို မစွန့်နိုင်လို့ဟာကိုး၏ ဘယ် လောက်ပဲရရပေါ့ "

ဘဏ္ဍာစိုးကြီးဖိုးသာဒင်က မြင်းညိုကြီးအောင်စည်ကို နောက်ဖေးရှိမြင်းဇောင်းထဲတွင် သိမ်းဆည်းရန်ဆွဲခေါ်သွားလေပြီ။

“ မောလာသလားမောင်မောင်၊ ဒီညစာအဖို့တော့ မိမိကိုယ်တိုင်စီစဉ်ထားတယ် ”

ပတ္တမြားနတ်မယ်၏အပြောကြောင့် ဦးစိုးအုပ် အံ့ဩသွားသည်။ ဆွေတော်မျိုးတော်မင်းသမီးတစ်ပါးဆိုသောမာန်ဖြင့် ဘယ်သောအခါကမှ မီးဖိုချောင်ဝင်ခြင်း၊ ချက်ပြုတ်ခြင်းဆိုသည့် အိမ်ရှင်မတာဝန်များကို မကျေပွန်ခဲ့သည့် ပတ္တမြားနတ်မယ်။ ရွှေပေါ်မြတင်ဘော်ကြော့နေခဲ့သည့် ပတ္တမြားနတ်မယ်က သူ့အတွက် ညစာစားသောက်ဖွယ် ပြင်ဆင်ထားတယ်ဆိုတော့ ဦးစိုးအုပ် အံ့ဩမိလေသည်။ သူမ၏မယ်တော်ကြီး ဆိုဆုံးမလွှတ်လိုက်၍ ဖြစ်ပေမည်။

“ ကိုယ့်မိန်းမက ချက်ပြုတ်စီမံထားတယ်ဆိုတော့ အံ့ဩစရာပါလားမိမိရယ် ”

“ အို … တစ်ခါတရံတော့လည်း ကိုယ့်လင်သားကို ပြုစုကြည့်ရတာပေါ့၊ မိမိစီမံထားတာ ဘာဟင်းလို့ထင်သလဲ မောင်မောင် ၊ အသည်းဟင်းရှင့်၊ အသည်းဟင်း ”

“ ဘာရယ် ”

“ မောင်မောင်ကြိုက်တတ်တဲ့အသည်းဟင်းလေ ”

ဦးစိုးအုပ်၏မျက်နှာဝယ် မလုံလဲသော အရိပ်အယောင်များဖြတ်ပြေးသွား၏၊ ချက်ချင်းပင် မျက်နှာကိုတည်ကာ ဣန္ဒြေဆည်ပစ်လိုက်သည်။

အိမ်ထဲသို့ဝင်လာရင်း မျက်လုံးမှလည်း တစ်စုံတစ်ယောက်ကို ရှာဖွေကြည့်လိုက်၏။ ဦးစိုးအုပ်အပြင်ကပြန်လာတိုင်း ထွက်ကြိုနေကျသူမှာ အိမ်ဖော်မလေး ပန်းရုံဖြစ်သည်။ ပန်းရုံ၏အရိပ်အရောင်ကို အိမ်ကြီးထဲ၌မမြင်ရပေ။ ထုတ်ဖော်မေးရန်မသင့်တော်၍ ဦးစိုးအုပ်က နှုတ်ဆိတ်နေလိုက်၏။

သူ့သခင်မကြီးရောက်နေချိန်ဖြစ်၍ ပန်းရုံရှောင်နေဟန်တူပါသည်။

ပတ္တမြားနတ်မယ်သည် ရန်ကုန်မြို့ကြီး၌နေထိုင်သူဖြစ်ပြီး တစ်ခါတရံမှသာ ခင်ပွန်းရှိရာ ယာတောအိမ်ကြီးဆီသို့ လာရောက်တတ်သူဖြစ်ပါ၏။

“ ရေမိုးချိုး အနားယူဦးမလား၊ တစ်ခါတည်း ပွဲတော်တည်တော့မလား မောင်မောင် ”

ပတ္တမြားနတ်မယ်က ဦးစိုးအုပ်ကိုယ်၌ စလွယ်သိုင်းထားသော ပွိုင့်တူးတူး သေနတ်ကို ချွတ်ယူရင်းမေးလိုက်သည်။

“ အိပ်ခါနီးမှ ရေချိုးတော့မယ် မိမိ၊ မောင်မောင် ထမင်းဆာနေပြီ ”

သေနတ်ကို ညှော့ခန်းနံရံရှိချိတ်မှာ ပတ္တမြားနတ်မယ်က ချိတ်ထားလိုက်သည်။ ဒီမိန်းမ အချိုးတွေပြောင်းလှချည်လား ။ သည်တစ်ခေါက်မှာ သူ့ကို ပြုစုယုယလှချည်လား ။

မနေ့ကမှ ပတ္တမြားနတ်မယ် ရန်ကုန်ကရောက်လာခြင်းဖြစ်သည်။ သည်တစ်ခေါက်မှာ ယခင်ကနှင့်မတူ။ လင်ယောကျ်ားကိုပြုစုသည်၊ယုယသည်၊ ဖော်ရွေသောစကားတွေပြောသည်။ မိခင်ဖြစ်သူမယ်တော်ကြီး သွန်သင်ဆုံးမလိုက်လို့ပဲဟု ဦးစိုးအုပ်က မှတ်ယူလိုက်သည်။

ပတ္တမြားနတ်မယ်ထံမှ မကြုံစဖူး ယုယကြင်နာမှုတွေရလိုက်တော့ … သူ့ရဲ့လုပ်ရပ်တွေအတွက် ဦးစိုးအုပ်စိတ်မလုံမလဲဖြစ်ရလေသည်။ ပန်းရုံလေးကို ယခုအချိန်ထိမမြင်မိသေး ။

ပတ္တမြားနတ်မယ်က ဦးစိုးအုပ်ကိုလက်ဆွဲရင်း တစ်ဖက်ခန်းကိုခေါ်သွား၏။ တစ်ဖက်ခန်းမှာ ထမင်းစားခန်းဖြစ်သည်။

အခန်းထဲရောက်တော့ ... စားပွဲပေါ်မှ ထွန်းညှိထားလက်စ ရေနံဆီမီးအိမ်ကို ပတ္တမြားနတ်မယ်က မီးဇာမြှင့်လိုက်သည်။ ထမင်းစားခန်းမှာလင်းထိန်သွားလေသည်။

ပတ္တမြားနတ်မယ်က စားပွဲပေါ်မှ အုပ်ဆောင်းကို ဖွင့်လိုက်၏။

ထမင်းအုပ်ထဲမှ အငွေ့တထောင်းထောင်းထ,နေသော ထမင်းများ။ ဆီပြန်ဟင်းတစ်ခွက် ၊ ဟင်းချိုတစ်ပန်း ကန် ၊ အသားကြော်တစ်ပန်းကန် ။

အသားကြော်ပန်းကန်ကို ဦးစိုးအုပ်ရှေ့ ချပေးလိုက်သည်။

“ ဟင်းကလဲ အသည်းဟင်းပဲ ၊ ဒါကလဲ အသည်းကြော်ပဲ ၊ မောင်မောင်မြည်းဖို့ ခွဲပြီးကြော်ထားတာလေ ”

“ ဒါတွေအားလုံး မိမိလုပ်ထားတာလား ”

ဦးစိုးအုပ်က တအံ့တသြမေးလိုက်သည်။

“ အားလုံး မိမိလက်ရာချည်းပါပဲ မောင်မောင် ”

“ ပန်းရုံကို ကူလုပ်ခိုင်းရောပေါ့ကွယ် ”

ဦးစိုးအုပ်၏နှုတ်မှ ပန်းရုံအမည်ကို လွတ်ကနဲထွက်သွားသည်။ ပတ္တမြားနတ်မယ်များ ရိပ်မိသွားသလားဟု အကဲခတ်ကြည့်လိုက်၏။

ပတ္တမြားနတ်မယ်က အပြုံးမပျက်ပေ။

“ ပန်းရုံကို အနားပေးထားလိုက်ပြီမောင်မောင် ”

ပတ္တမြားနတ်မယ်က နံရံမှျပ်ဘီရိုအံတခါးကိုလှပ်၍ ဝီစကီပုလင်းကို ဆွဲထုတ်လိုက်သည်။

ဖန်ခွက်နှစ်လုံးကိုပါ ဆွဲထုတ်လာ၍ ဦးစိုးအုပ်ရှေ့ချပေးလိုက်သည်။

“ အသည်းကျော်လေးနဲ့ မြည်းကြည့်ပါဦးမောင်မောင် ”

ဝီစကီကို ဦးစိုးအုပ်ရှေ့က ဖန်ခွက်ထဲလောင်းထည့်ပေးကာ ပတ္တမြားနတ်မယ်က ပြောသည်။

နောက်ထပ် ဖန်ခွက်အလွတ်တစ်ခုထဲသို့ ဝီစကီကိုလောင်းထည့်လိုက်ပြန်သည်။

“ ဒါက ဘယ်သူ့ဖို့လဲ မိမိ ”

“ မိမိအတွက်ပေါ့ ”

“ ဟင် – မိမိ အရက်သောက်မလို့ ”

“ တစ်ခါတလေ ကိုယ့်လင်သားနဲ့ အပန်းဖြေချင်လို့ပါ မောင်မောင် ”

ပတ္တမြားနတ်မယ်၏ ထူးခြားသောအပြုအမူများကြောင့် ဦးစိုးအုပ် အံ့သြပြီးရင်း အံ့သြရင်းဖြစ်နေရတော့

သည်။ ပတ္တမြားနတ်မယ်သည် ဦးစိုးအုပ်ကို အရက်မသောက်ရန် ဟန့်တားလေ့ရှိသည့်မိန်းမမဟုတ်လား။

ပတ္တမြားနတ်မယ်က ဖန်ခွက်နှစ်လုံးထဲသို့ ဆော်ဒါကို အလော်တော်လောင်ထည့်လိုက်ပြန်၏။

" သောက်လေ မောင်မောင် ၊ အသည်းကြော်လေးနဲ့ မြည်းပါဦး "

ပတ္တမြားနတ်မယ်က အသည်းကြော် တစ်တုံးကို ခက် ရင်းဖြင့် ထိုးယူလိုက်ပြီး ဦးစိုးအုပ် ပါးစပ်ထဲ ထည့်ပေး လိုက်သည်။

ဦးစိုးအုပ်က အသည်းကြော်ဝါးရင်း ဝီစကီကို တစ်ကြိုက်သောက်လိုက်၏။

" ကောင်းရဲ့လားမောင်မောင် ၊ အသည်းကြော်က အရသာရှိရဲ့လား "

" ကောင်းပါတယ် "

" ဟင်း – ဟင်း – ဟင်း ... မောင်မောင်ကြိုက်တယ်ဆိုတဲ့အသည်းလေ "

ပတ္တမြားနတ်မယ်က မသောက်စဖူး ဝီစကီသောက်ရင်း အူမြူးနေ၏။ အသည်းကြော်ဖတ်များကို ဦးစိုးအုပ် ပါးစပ်ထဲ ခွံ့–ခွံ့ပေးနေ၏။

" ဆိုဒါကို များများရောသောက်ပါမိမိ၊ မိမိက မသောက်ဖူးပဲနဲ့ "

" ရပါတယ် မောင်မောင်ရဲ့၊ မိမိ ပျော်လို့ပါ "

" မောင်မောင်တော့ တော်ပြီ၊ မောင်မောင်က ထမင်းမစားခင် သုံးပက်က ပုံမှန်ပဲ "

" ဩော် ... မောင်မောင် ထမင်းစားတော့မယ် "

ပတ္တမြားနတ်မယ်က မှောက်ထားသောကြွေပန်းကန်ပြားကိုယူ၍ ထမင်းအုပ်ထဲမှ ထမင်းကိုထည့်ပေးသည်။

" ထိုင်နေပါလားမိမိ ၊ ပန်းရုံကိုခေါ်ခိုင်းပါလား "

" အို ... ပန်းရုံကို အနားပေးလိုက်ပါပြီဆို၊ မိမိပြုစုစမ်းပါရစေ မောင်မောင်ရဲ့၊ ဟီ-ဟီ-ဟီ "

အရက်ရှိန်ဖြင့် ပတ္တမြားနတ်မယ်သည် သွက်လက်ပြီး ရွှင်မြူးနေပေ၏။

" စား မောင်မောင်၊ မိမိချက်ထားတဲ့ အသည်းဟင်းလေးကို စားကြည့်စမ်းပါဦး "

အသည်းဟင်းများကို ဇွန်းနှင့်ခပ်ထည့်ပေးရင်းပြော၏။

" မိမိလဲ စားတော့လေ "

" မိမိ ဒါကုန်အောင် ဖြည်းဖြည်းသောက်ဦးမယ် ၊ မောင်မောင်စားပါ "

ဦးစိုးအုပ်က ထမင်းကို စ,စားလိုက်သည်။

“ ကောင်းရဲ့လားမောင်မောင် ၊ အသည်းဟင်းက ဘယ်လိုနေသလဲ ”

“ သိပ်ကောင်းတာပဲ ၊ မိမိလက်ရာက ဘယ်ဆိုး လို့လဲ ”

အမှန်မှာ အသည်းဟင်းသည် ထူးထူးခြားခြားကြီး မကောင်းလှပေ။ ပတ္တမြားနတ်မယ် စိတ်ကျေနပ်အောင် ပြောလိုက်ခြင်းသာဖြစ်၏။

ထိုစဉ် ... ဘဏ္ဍာစိုးကြီးဖိုးသာဒင် အခန်းထဲသို့ဝင် လာပြီး အခန်းဒေါင့်တွင် လက်ကိုနောက်ပစ်၍ရပ်နေသည်။

“ ဘာလဲ ဖိုးသာဒင် ”

ပတ္တမြားနတ်မယ်က မေးလိုက်သည်။

“ ခိုင်းစေစရာရှိရင်ခိုင်းဘို့ ကျွန်တော်မျိုးလာ ရောက်ခြင်းပါ သခင်မ ”

“ မလိုဘူး ဖိုးသာဒင်၊ မဖုရားတို့လွတ်လွတ်လပ် လပ်နေချင်တယ် ”

ဖိုးသာဒင်က သခင်ကြီးမျက်နှာကို စိုက်ကြည့်နေ သေး၏။

“ သွားလေ ”

ဖိုးသာဒင် ချာကနဲလှည့်ထွက်သွားသည်။

ဖိုးသာဒင်မျက်နှာထူးခြားသည်ဟု ဦးစိုးအုပ်ထင်မိ၏ သည်ကနေ့အိမ်မှာ ဘာတွေဖြစ်နေတာလဲ။

ဦးစိုးအုပ်က ထမင်းကိုဆက်စားနေလိုက်သည်။

“ အသည်းဟင်း ထည့်စားပါဦးမောင်မောင် ”

ပတ္တမြားနတ်မယ်က အသည်းဖတ်များကို ဇွန်းနှင့် ခပ်၍ ဦးစိုးအုပ်ပန်းကန်ထဲ ထည့်ပေးလိုက်ပြန်သည်။

“ မိမိဘို့ မကျန်ပဲနေပါ့မယ် ”

“ စားပါမောင်မောင်ရဲ့ ၊ မိမိအသည်းမှမကြိုက်တာ၊ မိမိဘို့က အသားတွေရှိပါတယ် ”

“ စားသာစားနေရတယ်၊ ဒါ ဘာအသည်းလဲ မိမိရဲ့ ”

ပတ္တမြားနတ်မယ်က အရက်ခွက်ကိုကိုင်၍တစ်ကျိုက်မော့ရင်းက ပြုံးနေသည်။

“ ဟင် … ဘာအသည်းများလဲ မိမိရယ် ”

“ မောင်မောင်ကြိုက်တဲ့အသည်းပါ၊ မောင်မောင်က အသည်းဟင်း သိပ်ကြိုက်တယ် မဟုတ်လား၊ ပန်းရုံက မောင်မောင့်အတွက် အသည်းဟင်း ခဏခဏချက်ပေးရတယ်မှုတ်လား ”

ဦးစိုးအုပ်က ပတ္တမြားနတ်မယ်၏ မျက်နှာကိုကြည့် လိုက်သည်။ ပန်းရုံ အသည်းဟင်းချက်ပေးတာ သူသိနေပါလား။

ဦးစိုးအုပ်က စိတ်မလုံတော့ပဲ ခေါင်းကိုငုံ့ကာ ထမင်းဆက်စားလိုက်သည်။

" ဟုတ်တယ်မှုတ်လားမောင်မောင်၊ ပန်းရုံကလဲ ဟင်းအချက်ကောင်း၊ မောင်မောင်ကလဲ အသည်းဟင်းဆို ကြိုက်၊ ဟော ... နောက်တော့ ပန်းရုံရဲ့အသည်းလေးကို တောင် မောင်မောင်က ငုံထားချင်တဲ့ဘဝရောက်ရော၊ ဟုတ်တယ်မှုတ်လားဟင် မောင်မောင် - ဟီ-ဟီ-ဟီ "

ပတ္တမြားနတ်မယ်က ပြီတီတီမျက်နှာပေးဖြင့် ရယ် လိုက်သည်။ သူမ မူးယစ်နေပေပြီ။

" မင်း ဘာတွေပြောနေတာလဲ မိမိ "

" အမယ်၊ မိမိကိုများ မင်းတွေဘာတွေနဲ့၊ ချက်ချင်းပြောင်းလဲသွားလိုက်တာ "

ဦးစိုးအုပ် ထမင်းကို လက်စသတ်လိုက်သည်။

ပတ္တမြားနတ်မယ်၏ရည်ရွယ်ချက်ကိုသိပေပြီ။ သူနှင့် ပန်းရုံအကြောင်းကိုသိသွား၍ ခနဲ့သည့်စကားများ စ,လာပြီ ကိုရိပ်မိလိုက်၏။

ဦးစိုးအုပ်က စားပွဲမှ ထ,ရပ်လိုက်သည်။

“ နေပါဦးမောင်မောင်ရဲ့၊ ဒီညစားလိုက်ရတဲ့အသည်းဟင်းလေးက မချိုဘူးလား၊ အရသာမရှိဘူးလား၊ ပြောပါဦးမောင်မောင် ”

“ မိမိ သိပ်မူးနေပြီကွယ် ”

“ မိမိမမူးပါဘူး၊ မိမိချက်ကျွေးတဲ့အသည်းဟင်းနဲ့ ပန်းရုံချက်ကျွေးတဲ့အသည်းဟင်း ဘာကွာသလဲဟင် ”

“ ကိုယ် အနားယူတော့မယ် ”

ပတ္တမြားနတ်မယ်၏ မြားချက်များကို အလိမ္မာနှင့် ရှောင်ကွင်းဘို့ ကြိုးစားလိုက်သည်။ အခန်းအပြင်သို့ ထွက်ရန်ပြင်လိုက်၏။

ပတ္တမြားနတ်မယ်က ဦးစိုးအုပ်၏ လက်မောင်းကို လှမ်းဆွဲထားလိုက်သည်။

“ ပြောပါဦးမောင်မောင်ရဲ့၊ ပန်းရုံချက်ပေးတဲ့ အသည်းဟင်းက အစပ်အဟပ်ပိုတည့်ချင်တည့်မယ်၊ မိမိချက်ကျွေးတဲ့အသည်းဟင်းလောက်တော့ ချိုမြိန်မှာမဟုတ်ပါဘူး၊ အရသာရှိမှာမဟုတ်ပါဘူး ”

“ မင်း ဘာကိုဆိုလိုတာလဲ မိမိ ”

“ ဟွန်း – ဟွန်း – ပန်းရုံတစ်ကိုယ်လုံးကို ကိုယ့်ရင်ထဲမှာထည့်ထားလိုက်ချင်ပါရဲ့ဆို ”

ဦးစိုးအုပ်ခန္ဓာကိုယ်တစ်ခုလုံး တောင့်ကနဲဖြစ်သွားသည်။

“ ပန်းရုံရဲ့အသည်းလေးကို တဖဲ့ချင်း ကိုက်စားချင်တယ်ဆို ”

သူ၏မှတ်တမ်းစာအုပ်ထဲမှာ ရေးထားမိသည့် ခံစားချက်စကားလုံးများ။

“ မင်းက ငါ့ရဲ့စာအုပ်ကို ယူဖတ်တယ်ပေါ့ မိမိ၊ ဒါဟာ အဆင့်အတန်းရှိတဲ့ မင်းမျိုးမင်းနွယ်တွေရဲ့ အလုပ်မဟုတ်ဘူး ”

“ မှန်ပါတယ် ၊ မိမိကလဲ ကျေးကျွန်တွေလုပ်တဲ့ အလုပ်မျိုး လုပ်လိုက်တာပါ ”

“ ဘာကွ ”

“ ရှင်က ကျေးကျွန်ကိုမှ မယားအဖြစ် မြှောက်စားဘို့ကြံနေတာမှတ်လား သခင်ကြီးဦးစိုးအုပ်ရဲ့ ”

“ မင်းပါးစပ်ပိတ်ထားစမ်း၊ ငါဟာ ယောကျ်ား ၊ မင်းမျိုးမင်းနွယ် မင်းသားတစ်ပါး၊ ငါ့မှာ ငါကြိုက်တဲ့မိန်းမကို မြှောက်စားခွင့်ရှိတယ်၊ ယောကျ်ားကောင်း မောင်းမတစ်ထောင်တဲ့ကွ ”

ပတ္တမြားနတ်မယ်က ခွက်ထဲမှ လက်ကျန်ဝီစကီကို အပြတ်မော့သောက်လိုက်သည်။

" အိမ့်ကျွန်အဆက်ဆက်ကမွေးလာတဲ့ ကျွန်မျိုးရိုး၊ ကျွန်ကမွေးတဲ့ သဘောက်မကိုမှ ရှင်က ... "

" တော် "

ဦးစိုးအုပ်က ပတ္တမြားနတ်မယ်ကို စိုက်ကြည့်လိုက်သည်။

ပတ္တမြားနတ်မယ်ကလဲ ဦးစိုးအုပ်မျက်လုံးကို တည့်တည့်စူးစိုက်ကြည့်နေသည်။

နှစ်ဦးစလုံးမျက်ဝန်းများဝယ် မုန်းတီးမှု၊ စက်ဆုပ်မှုများစွာဖြင့် ... အကြည့်ချင်းပြိုင်နေကြ၏။

" ဟီ – ဟီ – ဟီ – ဟီ "

ပတ္တမြားနတ်မယ်က သူရူးမတစ်ယောက်သဖွယ်ရယ်လိုက်သည်။

" မိမိက သဝန်တိုတတ်ပေမယ့် ကိုယ်ချစ်တဲ့လင်သားရဲ့အလိုဆန္ဒကိုတော့ ဖြည့်ဆည်းပေးတတ်ပါတယ် မောင်မောင်ရဲ့ ၊ ဟီ... ဟီ... ဟီ... "

ပတ္တမြားနတ်မယ်ကို နားလည်ရခက်စွာ ဦးစိုးအုပ်ငေးကြည့်နေမိသည်။ ဒီမိန်းမ မူးနေတာလား၊ ရူးသွားတာလား၊ နှစ်ခုစလုံးလား။

" ပန်းရုံတစ်ကိုယ်လုံးကို ငုံထားချင်တယ်ဆို၊ ပန်းရုံအသည်းလေးကို တစ်ကိုက်ချင်းဖဲ့စားချင်တယ်ဆို ... ဟီ

ဟီ ၊ မိမိကလေ မောင့်မောင့်ကိုချစ်လို့ မောင်မောင့်ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ပါပြီကွဲ့ ”

ဦးစိုးအုပ် မျက်မှောင်ကြုတ်သွားသည်။

“ အခုဆိုရင် မောင်မောင့်ဆန္ဒအတိုင်း ပန်းရုံရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေဟာ မောင်မောင့်ကိုယ်ထဲ ရောက်သွားပြီ ”

“ ဘာ ”

“ ပန်းရုံရဲ့အသည်းလေးကိုလဲ တစ်ကိုက်ချင်းကိုက်စားပြီးပြီ၊ ဟီ – ဟီ … ”

“ မိမိ ၊ မင်း ဘာစကားပြောတာလဲ၊ မင်း ဘာပြောတာလဲ ”

ပတ္တမြားနတ်မယ်က မျက်နှာပိုးကိုသတ်လိုက်သည်။

သူမမျက်နှာ၌ ရက်စက်ကြမ်းကြုပ်မှုအသွင်သဏ္ဍာန်များပေါ်လာ၏။ ကျားနာတစ်ကောင်၏မျက်လုံးများလို စူးရဲလက်ရှသည့် မျက်လုံးများဖြင့် ဦးစိုးအုပ်ကိုကြည့်သည်။

“ မှတ်ထား ၊ ရှင် ဒီည စားလိုက်တဲ့ အသည်းဟင်းဟာ ဘယ်တိရစ္ဆာန်ရဲ့အသည်းမှမဟုတ်ဘူး၊ ရှင်ချစ်လှပါချည်ရဲ့ဆိုတဲ့ ပန်းရုံရဲ့အသည်း ”

“ ဘာ ”

ဦးစိုးအုပ်အသံက ကျားတစ်ကောင်နှယ် ဟိန်းထွက်လာသည်။

“ ဟင်း ... ဟင်း ... ဟင်း ၊ ကျွန်မက ရှင့်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်တာပါ ဦးစိုးအုပ်ရဲ့ ”

“ မင်း တကယ်ပြောနေတာလား၊ ပတ္တမြားနတ်မယ် ”

“ ပတ္တမြားနတ်မယ်တို့မျိုးရိုးဟာ ရဲရင့်တယ်၊ ပြတ်သားတယ်၊ သတ္တိရှိတယ်၊ လက်စားချေတတ်တယ်၊ မုသားစကားကိုလည်း ဘယ်တော့မှပြောလေ့မရှိဘူး ဦးစိုးအုပ် ”

ဦးစိုးအုပ် ဖြတ်ကနဲ ထမင်းစားခန်းထဲမှ ထွက်သွားသည်။

လျှင်မြန်စွာပင် အခန်းထဲပြန်ဝင်လာ၏။

သူ့လက်ထဲမှာတော့အမဲပစ်ပွိုင့်တူးတူး သေနတ်။

သူက သေနတ်ကို မောင်းချိုး၍ ပတ္တမြားနတ်မယ်ကိုချိန်လိုက်သည်။

ပတ္တမြားနတ်မယ်က ရင်ကိုကော့၍ ခေါင်းကိုမော်ကာ ရပ်လိုက်၏။ ဦးစိုးအုပ်ကို မျက်လွှာစင်း၍ မခိုးမခန့်ကြည့်လိုက်ရင်း ...

“ ရှင်က မယားငယ်ကိုထိလို့ ကျွန်မကို သေနတ်နဲ့ပစ်မယ်ပေါ့၊ ပစ်လိုက်စမ်းပါ ”

“ မင်း ပြောခဲ့တာတွေဟာ တကယ်ပဲလား၊ ကိုယ့်ကိုနောက်နေတာမှုတ်လား ပတ္တမြားနတ်မယ် ”

“ ကျီစယ်နေတယ်လို့များထင်သေးတာ အံ့ပါရဲ့၊ ပန်းရုံသဘောက်မကို ကျုပ်ကိုယ်တိုင် အဆိပ်ကျွေးသတ်လိုက်တာ၊ ဒါပေမယ့် စိတ်ချပါ၊ ရှင့်ကိုကျွေးတဲ့အသည်းမှာ အဆိပ်တွေမပျံ့သေးပါဘူး၊ သူသေသေချင်း ကျွန်မက သူ့ရင်ကိုခွဲပြီး အသည်းနှလုံးကိုထုတ်ယူထားလိုက်တာလေ၊ ဟီး ဟီး ၊ ဟီး ”

“ မင်း တကယ်ပြောနေတာလား၊ မင်း တကယ်ပြောနေတာလား၊ ပန်းရုံဘယ်မှာလဲ ”

စိတ်လှုပ်ရှားမှုဖြင့် ဦးစိုးအုပ်ကိုင်ထားသော သေနတ်မှာ တဆတ်ဆတ်တုန်နေသည်။

“ ပန်းရုံဘယ်မှာလဲ ၊ မှန်မှန်ပြောစမ်း ၊ ငါ ပစ်လိုက်မှာနော် ”

“ သေပြီလို့ရှင့်ကို ဘယ်နှခါပြောရမလဲ၊ ကျွန်မ ကိုယ်တိုင်သတ်လိုက်တယ်၊
အဆိပ်ကျွေးပြီးသတ်လိုက်တယ်”

“ ဖိုးသာဒင် ၊ ဖိုးသာဒင် ”

ဦးစိုးအုပ်က အသံနက်ကြီးဖြင့်အော်လိုက်သည်။

ထမင်းစားခန်းအပြင်ဘက်တွင် အဆင်သင့်ရှိနေသော ဖိုးသာဒင်က ချက်ချင်းရောက်လာသည်။

“ ဖိုးသာဒင် ၊ ပန်းရုံ ဘယ်မှာလဲ ”

“ ပန်းရုံ မရှိတော့ပါဘူး သခင် ”

“ ဘာ ၊ ဘယ်လိုမရှိတာလဲ ”

“ အသက်မရှိတော့တာပါ၊ ပန်းရုံလေး သေပါပြီ သခင် ”

“ ဒါ – ဒါ တကယ်ပဲပေါ့ ”

“ ဟား … ဟား … ဟား … ဟား ”

ပတ္တမြားနတ်မယ်က ဟားတိုက်ရယ်လိုက်သည်။

“ ရှင် တစ်ကိုက်ချင်းကိုက်စားချင်တယ် ဆိုတဲ့ ပန်းရုံအသည်းကို ရှင့်ဆန္ဒအတိုင်းစားရအောင် ကျွန်မက ဖြည့်ဆည်းပေးလိုက်တာပါ မောင်မောင်ရဲ့ ”

“ မင်းကိုသတ်မယ် ၊ မင်းကိုသတ်မယ် ”

“ ပန်းရုံအသည်းလေးက လတ်ဆတ်ပါတယ် မောင်မောင် ၊ သေသေချာချာ ရင်ကိုခွဲပြီး … ”

“ ဒိုင်း ”

ပတ္တမြားနတ်မယ်၏ စကားမဆုံးလိုက် ။

ဦးစိုးအုပ်က သေနတ်မောင်းကို ဆွဲချလိုက်သည်နှင့်အတူ ပတ္တမြားနတ်မယ်ရင်ဝတွင် သွေးများပွက်ကနဲ ထွက်သွားသည်။

" မှားမယ်သခင် ၊ မှားပါမယ်သခင် "

ဖိုးသာဒင်၏ ဟန့်ထားမှုက နောက်ကျသွားပေပြီ။

ပတ္တမြားနတ်မယ်သည် ကြမ်းပြင်ပေါ် လဲကျသွား၏။

ပတ္တမြားနတ်မယ်က အားတင်း၍ လက်တစ်ဖက် ထောက်ကာ ထလိုက်သေးသည်။ အရောင်တဝင်းဝင်း တောက်နေသော မျက်လုံးကြီးများဖြင့် ဦးစိုးအုပ်ကိုကြည့်ကာ ...

" နင့်ကို ဘဝအဆက်ဆက် လက်စားချေရပါစေ"

နာကျည်းစွာ ကျိန်ဆိုလိုက်သည်။

ဦးစိုးအုပ်က နောက်တစ်ချက်လှမ်းပစ်လိုက်၏။

ပတ္တမြားနတ်မယ်၏ခန္ဓာကိုယ် နောက်သို့လန်ကျကာ ဆန့်ငင်ဆန့်ငင်နှင့် အကြောဆွဲနေသည်။

" မှားပါပြီသခင် ၊ မှားပါပြီ ၊ ပန်းရုံဟာ သေပြီ ဆိုပေမယ့် ... "

အဝိဇ္ဇာအမှောင်တိုက်ဖုံးလွှမ်းနေသော ဦးစိုးအုပ်သည် ဖိုးသာဒင်၏စကားကိုလည်း မကြားပါလေတော့။ သေနတ်ကို နောက်တစ်ချက် မောင်းဆွဲဖြုတ်လိုက်သည့်

အခါတွင်တော့ ပတ္တမြားနတ်မယ်၏ ခန္ဓာကိုယ်သည် အပြီး သတ်ငြိမ်သက်ကာ အသက်ထွက်သွားပါလေတော့၏။

သာကီဝင်မင်းမျိုးတို့၏သွေး မြေခလေပြီ။

ဦးစိုးအုပ်သည် သေနတ်ကို တင်းတင်းဆုပ်ရင်း ကြောင်ငေးနေသေး၏။

ထို့နောက် … ဂူနန္ဒရစ္စာပင် အိမ်ရှေ့သို့လျှောက် ထွက်သွားသည်။

ဖိုးသာဒင်သည် သွေးပျက်ဖွယ် မြင်ကွင်းကြောင့် မှင်သက်မိကာ ကြောင်နေသည်။

ခဏနေတော့ … မြင်းညိုကြီးအောင်စည်ကို စီး နင်းကာ ပွိုင့်တူးတူးသေနတ်ကို စလွယ်သိုင်းလျှက်အမဲပစ် ထွက်သည့်ပုံစံအတိုင်း … ဦးစိုးအုပ်သည် မြင်းကိုဒုန်းဆိုင်း ကာ ခြံကြီးထဲမှ ထွက်ခွာပျောက်ကွယ်သွားလေသည်။

❤ ❤ ❤

□

၁၂မိုင်ဝေးသော မြို့ပေါ်ရှိ ရဲစခန်းရှေ့သို့ ရောက်သည့်အခါ ... ဦးစိုးအုပ်သည် မြင်းကိုဇက်သတ်၍ရပ်လိုက်သည်။

မြင်းပေါ်မှ လွှားကနဲ ခုန်ဆင်းလိုက်သည်။

မြင်းကြီး၏ လည်ဆံကိုပွတ်သတ်ပေးရင်းပြောသည်၊

“ သားကြီးအောင်စည်၊ သွားပေတော့၊ ခုအချိန်ကစပြီး အဖေနဲ့သားကြီး ခွဲရတော့မယ်၊ သားကို လွတ်လပ်ခွင့်ပေးလိုက်ပြီ၊ လိုရာသွားပေတော့ကွယ် ”

မြင်းကြီးကို မျက်ရည်ဝေသော မျက်လုံးဖြင့်စိုက်ကြည့်နေပြီး ... သံယောဇဉ်ဖြတ်ကာ ချာကနဲလှည့်ထွက်၍ ရဲစခန်းထဲ ဝင်သွားလေတော့သည်။

မြင်းကြီးအောင်စည်က သံရှည်ဆွဲ၍ ဟီလိုက်သည်။

နောက်သို့ တစ်ချက်မှလှည့်မကြည့်သောသခင်ကို စိုက်ကြည့်နေရာမှ ဦးစိုးအုပ် ရဲစခန်းအဆောက်အဦးထဲ

ဝင်ရောက်ပျောက်ကွယ်သွားချိန်တွင် မျက်ရည်များစီးကျလာလေ၏။

မြင်းကြီးအောင်စည်က နောက်တစ်ချက်ဟီရင်းရှေ့ ခြေနှစ်ချောင်းကို ပတပ်ရပ်လိုက်သည်။ နောက်ခွာဖြင့်မြေ ကိုပေါက်သည်။ မြင်းကြီး၏ ဆောက်တည်ရာမရသောဟီသံမှာ ရဲစခန်းတစ်ခုလုံးကို လွှမ်းခြုံသွားလေ၏။

ဦးစိုးအုပ်သည် ရဲအရာရှိစားပွဲသို့ တန်းတန်းမတ်မတ်လျှောက်သွားပြီး... သေနတ်ကို စားပွဲပေါ်သို့တင်လိုက်သည်။

“ ဟောဒီ သေနတ်နဲ့ ကျွန်တော့်ဇနီးကို မသေမချင်း ပစ်သတ်ခဲ့ပါတယ် ရဲအရာရှိမင်း ၊ ကျွန်တော့်ကို ဥပဒေအရ အရေးယူပါ ၊ အကျဉ်းချထားပါတော့ ခင်ဗျား ”

တစ်လုံးချင်းပြော၍ ဝန်ခံချက်ပေးလိုက်လေတော့သတည်း ။

❤ ❤ ❤

□

မြကျွန်းသာရွာ၏ ယာတောအိမ်ကြီးသို့ ရဲအမှုထမ်းများရောက်လာသည့် အချိန်တွင် တစ်အိမ်လုံး တိတ်ဆိတ်နေလေသည်။

ပတ္တမြားနတ်မယ်၏အလောင်းကို ထမင်းစားခန်းထဲ၌ သွေးအိုင်ထဲ လဲလျှက်တွေ့ကြရ၏။

ထူးဆန်းသည်မှာ ... ဘဏ္ဍာစိုးကြီးဖိုးသာဒင်ကို ရှာလို့မတွေ့တော့ခြင်းပင်။

ဘဏ္ဍာစိုးကြီးဖိုးသာဒင်မှာ ထိုအချိန်မှစ၍ လုံးဝပျောက်ဆုံးသွားပါလေတော့၏။

ရဲများ အလောင်းနှင့်အလုပ်ရှုပ်နေချိန်တွင် မြင်းညိုကြီးအောင်စည် အိမ်ပြန်ရောက်လာသည်။

မြင်းကြီးသည် ခြံထဲတွင် အိမ်ကိုပတ်၍ ပြေးလွှားနေသည်။ ကြေကွဲဘွယ် ဟီရင်း … အကြိမ်ပေါင်းများစွာ အိမ်ကိုပတ်၍ ပြေးနေသည်။

နောက်တစ်နေ့ နံနက်တွင် မြင်းဇောင်းထဲ၌ အသက်ပျောက်နေသော မြင်းကြီးအောင်စည်၏ အလောင်းကို တွေ့ရလေ၏။

အများက မြင်းကြီးအောင်စည်မှာ ရင်ကွဲနာကျ၍ သေဆုံးသွားသည်ဟု ထင်မြင်ချက်ပေးကြလေသည်။

❤ ❤ ❤

□

အဖြစ်အပျက်များ ဖြစ်ပွားပြီး ၂-ရက်အကြာတွင် ရန်ကုန်မြို့မှ ဦးစိုးအုပ်၏ အစ်မ **သူဇာတင်တင်** ယာတောအိမ်ကြီးသို့ ရောက်ရှိလာလေသည်။

သူဇာတင်တင်သည် ယောင်းမဖြစ်သူ ပတ္တမြားနတ်မယ်၏ အသုဘကိစ္စအဝဝကို ဆောင်ရွက်ပေးသည်။

အချုပ်ခန်းထဲတွင် အချုပ်နှောင်ခံနေရသည့်မောင်ဖြစ်သူ ဦးစိုးအုပ်နှင့်သွားရောက်တွေ့ဆုံသည်။ ဦးစိုးအုပ်လွတ်မြောက်ရေးအတွက် သူဇာတင်တင်က ဆောင်ရွက်လိုသော်လည်း … ဦးစိုးအုပ်က တရားဥပဒေအတိုင်းဖြစ်ပါစေဆိုကာ ငြင်းဆန်ခဲ့သည်။

သူဇာတင်တင်သည် မြကျွန်းသာတစ်ရွာလုံးရှိ ရွာသူ ရွာသားများအားလုံးကို ယာတောအိမ်ကြီးဆီသို့ ဖိတ်ခေါ် လိုက်၏။

တကယ်တော့ မြကျွန်းသာတစ်ရွာလုံးမှာ သူဇာတင်တင်တို့၏ အဘေးတော်စပ်သူ မြကျွန်းသာမင်းသားကြီး၏ ကျေးတော်၊ကျွန်တော်များဖြစ်ပါသည်။

မင်းနှစ်ပါး ပါတော်မူပြီးနောက် … အနွယ်တော်များ မြန်မာပြည်အရပ်ရပ်သို့ တိမ်းရှောင်လာခဲ့ရာ … မြကျွန်းသာမင်းသားကြီးနှင့် နောက်ပါကျေးကျွန်တစ်သိုက်သည် ဤနေရာသို့ ရောက်ခဲ့ကြ၏။

မြေဆီသြဇာကောင်းသော ဤနေရာတွင် အခြေချကာ ရွာတည်၍ နေထိုင်ခဲ့သည်။ ရွာအမည်ကို မြကျွန်းသာဟုမှည့်ခေါ်ခဲ့သည်။

မင်းသားကြီးက ပတ်ဝန်းကျင်ရှိ ယာမြေများကို ကျေးကျွန်များအား လုပ်ပိုင်ခွင့်ချထားပေးခဲ့သည်။ ကျေးကျွန်များက လယ်ယာထွက်သီးနှံများကို အခွန်တော်ဆက်သရသည်။ လက်ထောက်ခ၊သီးစားခပေးရသည်။

မြကျွန်းသာမင်းသားကြီး၏လက်ထက်မှစ၍ အစဉ်အဆက်လက်ခံကျင့်သုံးလာသည့် စနစ်ဖြစ်ပါသည်။

ယနေ့တော့ဖြင့် ……

မြကျွန်းသာတစ်ရွာလုံးကို အစည်းအဝေးခေါ်ယူကာ တစ်ဦးထည်းကျန်ရစ်သော မြကျွန်းသာအနွယ်တော် သူဇာတင်တင်က အများရှေ့တွင် တရားဝင်ကြေငြာလိုက်သည်။

“ ဒီအချိန်ကစ,လို့ မြေကျွန်းသာလယ်ယာမြေများမှာ လုပ်ကိုင်သူများအားလုံး အခွန်တော်ဆက်သစရာ မလို တော့ပါဘူး၊ လယ်ယာမြေများကိုလည်း လက်ရှိလုပ်ကိုင်နေသူအားလုံးကို ပိုင်ဆိုင်စေဘို့ လွှဲပြောင်းပေးလိုက်ပါပြီ၊ လယ်ခွန်နဲ့ သီးစားခ၊လယ်ထောက်ခပေးရတဲ့စနစ်ကို ဖျက်သိမ်းပစ်လိုက်ပါပြီ၊ မိမိလုပ်ကိုင်နေတဲ့ လယ်ယာများမှာ လွတ်လပ်စွာ ဆက်လက်လုပ်ကိုင်နိုင်ပါတယ် ”

ရွာသူရွာသားများက သောင်းသောင်းဖျဖျသြဘာပေး လိုက်ကြသည်။

တကယ်တော့ ... မြေရှင်စနစ်မှာလည်း ထိုအချိန်ကပြိုပျက်စ,ပြုနေပြီဖြစ်သည်။ “ လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ရှိရမည် ” ဆိုသည့် ကြွေးကြော်သံများကို အစိုးရက ချမှတ်ကျင့်သုံးနေချိန်လည်းဖြစ်ပါသည်။

လယ်သမား၊ အလုပ်သမားများကို အခြေခံလူတန်းစားအဖြစ်သတ်မှတ်ကာ “ခေတ်ပြောင်းတော်လှန်ရေး”ဆင်နွှဲနေသည့် ကာလလည်းဖြစ်ပါသည်။

သူဇာတင်တင် လယ်ယာမြေလွတ်လပ်ခွင့်ပေးလိုက်ချိန်မှာ အံကိုက်ဖြစ်နေသည်။

သူဇာတင်တင်၏ဖခင်လက်ထက်မှစ၍... ရန်ကုန်မြို့သို့ပြောင်းရွှေ့အခြေခြကာ စီးပွားရေးလုပ်ငန်းများ အောင်

မြင်နေပြီဖြစ်သည်။ သည်အချိန်မတိုင်မီကပင် မြကျွန်းသာမှ ရပိုင်ခွင့်များကို မြှတ်နိုးတွယ်တာခြင်း မရှိကြတော့ပါ။ ခေတ်စနစ်ကလည်း ပြောင်းလဲလာခဲ့ပြီ။

ဦးစိုးအုပ်တစ်ယောက်ထဲသာ မြကျွန်းသာ၏ ယာတောအိမ်ကြီးကို သံယောဇဉ်တွယ်တာပြီး ဆက်လက်အုပ်ချုပ်နေခဲ့ခြင်းဖြစ်သည်။

ယခုလို မောင်ဖြစ်သူ အတိဒုက္ခရောက်ရသည့်အချိန်တွင်တော့ အားလုံးကိုစိတ်နာကာ သူဇာတင်တင်သည် ယာတောအိမ်ကြီးကို သံယောဇဉ်ဖြတ်လိုက်တော့၏။

အိမ်ထဲရှိ ပရိဘောဂနှင့်ပစ္စည်းပစ္စယများကို ဒီအတိုင်းထားခဲ့ကာ အိမ်မကြီးကို ကြေးသော့ခလောက်ကြီးဖြင့် ပိတ်သည်။ ခြံတခါးကိုလည်း သံကြိုးအထပ်ထပ်ရစ်ပတ်၍ ပိတ်သည်။

သွေးပျက်ချောက်ချားဖွယ် ဖြစ်ရပ်များ ဖြစ်ပွားခဲ့သော ယာတောအိမ်ကြီးကို ထားရစ်ကာ သူဇာတင်တင် ရန်ကုန်သို့ ပြန်သွားလေတော့သည်။

❤ ❤ ❤

□

သခင်ကြီးဦးစိုးအုပ်သည် သေစားသေစေအမိန့်ဖြင့် ကြိုးမိန့်ပေးခံလိုက်ရသည်။

အဖြစ်အပျက်တို့သည် နှစ်ပေါင်း၃၀ကြာမြင့်ခဲ့လေပြီတည်း။

အိမ့်ကျွန်မလေး ပန်းရုံ၏အလောင်းကို ရှာဖွေ၍ မတွေ့ရှိခဲ့ကြပါလေ။

အချို့က ပန်းရုံတကယ်မသေဘူးဟု ထင်ကြေးပေးကြသည်။

ပတ္တမြားနတ်မယ်သည် ပန်းရုံကို တစ်နေရာရာတွင် ဝှက်ထားကာ သေပြီဟုပြောခဲ့ခြင်းဖြစ်ကြောင်း၊ ပန်းရုံ၏ အသည်းကို ဟင်းအဖြစ်ချက်၍ကျွေးသည်ဆိုသည်မှာ ဦးစိုးအုပ်ကို စိတ်ဓာတ်စစ်ဆင်ရေးလုပ်ခြင်းသာ ဖြစ်နိုင်ကြောင်း ထင်ကြေးပေးကြသည်။

ပန်းရုံ၏အလောင်းကို မည်သို့ရှာရှာ မတွေ့ရှိခဲ့ခြင်းကလည်း ယင်းထင်ကြေးကို ထောက်ခံသကဲ့သို့ရှိနေ၏။

တစ်ဦးတည်းသောမျက်မြင်သက်သေ ဘဏ္ဍာစိုးကြီး ဖိုးသာဒင်ကလည်း ပျောက်ဆုံးသွားပြန်လေသည်။ ဖိုးသာဒင်၏သတင်းကို ဘယ်လိုမှ စုံစမ်းလို့မရတော့။

ထိုအချိန်မှစ၍ ... ယာတောအိမ်ကြီးမှာ လူနေသူမရှိပဲ တိတ်ဆိတ်ချောက်ကပ်သွားတော့၏။

သို့တစေ ... ညအချိန်များတွင် အိမ်ခြံဝင်းထဲ၌ ၄င်း၊ အိမ်အပေါ်ထပ်၌၄င်း ... ဖြူလွှသော အဝတ်အစားများကိုဝတ်ဆင်ထားသည့် မိန်းမတစ်ယောက်၏ အသွင်သဏ္ဍာန်ကို မြင်ကြရသည်ဟုဆိုသည်။

ထိုသဏ္ဍာန်သည် ပန်းရုံ၏ဝိညာဉ်လေလားဟု အချို့က ထင်ကြ၏။

တချို့ကတော့ ... အသေဆိုး သေခဲ့သည့် သခင်မကြီးပတ္တမြားနတ်မယ်၏ ဝိညာဉ်ရိပ်သွင်ဟု စွပ်စွဲကြပြန်သည်။

အဖြစ်ဆိုးကြီးမဖြစ်ပျက်မီ ယာတောအိမ်ကြီးတွင် သေဆုံးသွားသော မိန်းမအိုကြီးတစ်ယောက်ရှိပါသေးသည်။ အထိန်းတော်ကြီး ဒေါ်အိုဇာဖြစ်သည်။ ဝိညာဉ်ကောင်သည် ဒေါ်အိုဇာ၏ နာနာဘာဝကောင်ဟု ယုံမှတ်ကြသူများလည်း ရှိ၏။

ရုံဖန်ရုံခါတွင် ယာတောအိမ်ကြီးဆီမှ မြင်းဟီသံကို ကြားရတတ်ပြီး ... မြင်းညိုကြီးတစ်ကောင်သည် အိမ်ကို ပတ်၍ပြေးနေသည်ဟုလည်း အဆိုရှိ၏။

ရွာသူရွာသားများက သရဲချောက်သည်ဆိုသောအ ကြောင်းဖြင့် ယာတောအိမ်ကြီးကို ရှောင်ကွင်းကြလေသည်၊

အချိန်မတော် ယာတောအိမ်ကြီးနား ရောက်သွား ကြသူများသည် မိန်းမတစ်ယောက်၏ ဖြူဖျော့သော အ သွင်သဏ္ဍာန်ကိုမြင်ရသည်။ ထိုမိန်းမ၏ လက်ရပ်လှမ်းခေါ် မှုကိုခံရသည်။ လက်ခုပ်တီး၍ ခေါ်ယူမှုကိုခံရသည်။

ယာတောအိမ်အိုကြီး။

ညစဉ်ကိုယ်ထင်ပြချောက်လှန့်သော ဝိညာဉ်မ။

အိမ်ကြီးကိုပတ်၍ ပြေးနေသော မြင်းခွာသံနှင့် မြင်းဟီသံ။

အဖြစ်အပျက်တို့က နှစ်ပေါင်း၃၀ကြာခဲ့လေပြီ။

ကျွန်တော် သည် နှစ်ပေါင်း၃၀ကာလအတွင်း ယာ တောအိမ်ကြီးသို့ ပထမဆုံးပြန်လည်ရောက်ရှိခဲ့သော အ နွယ်တော်တစ်ဦးဖြစ်ပါ၏။

❤ ❤ ❤

□

မြင်းလှည်းသည် နွေးကွေးလေးလံစွာဖြင့် တလိမ့်လိမ့်ရွေ့လျားနေသည်။ မြင်းအိုမသည် အရိုးပေါ်အရေတင်လျှက် ပိန်လှီနေကာ အသက်အရွယ်လည်းကြီးပြင်းလှပြီဖြစ်ဟန်တူသည်။ အိုမင်းသည့်တိုင် အနားမရသေးပဲ သခင် ကိုအလုပ်အကြွေးပြုနေရရှာသည့် မြင်းအိုမကြီးဆွဲလာသော လှည်းပေါ်တွင် ကျွန်တော်သည် စိတ်မသက်သာစွာလိုက်ပါ လာခဲ့၏။

မိုးစက်များက ပေါင်းမိုးပေါ်သို့ တပေါက်ပေါက်ကျနေ၏။

မိုးသည် သည်းလည်းမသည်း၊ ဖွဲလည်းမဖွဲပဲ အချိန်ဆွဲ၍ တအိအိရွာသွန်းနေ၏။ လေပြင်းပြင်းတိုက်ခတ်လာသည့်အခါမျိုးတွင်တော့ လမ်းဘေးရှိသစ်ပင်ကြီးများတွင်ခိုတွဲနေသည့် မိုးစက်မိုးပေါက်များက မြင်းလှည်းပေါင်းမိုးပေါ်သို့ တဖြုံးဖြုံးကြွေကျလာတတ်သည်။

ကျွန်တော်သည် အီလေးဆွဲ၍ တအိအိနှင်နေသော မြင်းလှည်း၏နှေးကွေးမှုကို စိတ်မရှည်လှသော်လည်း … မြင်းအိုမကိုကြည့်၍ သနားနေပြန်သည်။

မြင်းလှည်းမောင်းသမားမှာလည်း မြင်းနှင့်အပြိုင် ပိန်လှီချောက်ကပ်နေကာ နံရိုးများ အပြိုင်းပြိုင်းထ,နေ၏။ ကြည့်ရသည်မှာ … အရိုးချည်းရှိသော မြင်းတစ်ကောင်ကို လူအရိုးစုတစ်ခုက မောင်းနှင်လာသည့်သဖွယ် မှောင်ရီပျိုးစအချိန်တွင် ချောက်ချားဘွယ်ကောင်းနေလေ၏။

ကျွန်တော်သည် အကြည့်ကိုပတ်ဝန်းကျင်ရှုခင်းများ ထံလွှဲပြောင်းလိုက်၏။

လမ်းသည် ကျဉ်းမြောင်းလျှက် ဘေးဝဲယာတလျှောက် သစ်ပင်ကြီးများအတိပြီးသော တောအုပ်ကိုသာ တွေ့ရလေသည်။

ကျွန်တော်စီးလာသော စာပို့မီးရထားသည် "ပေါက်ဦးတော" အမည်ရှိ ကျေးရွာဘူတာရုံလေးသို့ ဆိုက်ရောက်ချိန်တွင် ညနေဖနာရီရှိပေပြီ။

ဘူတာရုံလေးမှထွက်ပြီး မြကျွန်းသာသို့သွားမည့် မြင်းလှည်းကိုစုံစမ်းသည့်အခါ ဤပုဂ္ဂိုလ်၏ မြင်းလှည်းတစ်စီးသာရှိပြီး မြကျွန်းသာသို့သွားမည့် ခရီးသည်မှာလည်း ကျွန်တော်တစ်ယောက်ထဲသာရှိလေသည်။

သူက ကျွန်တော်၏ လက်ဆွဲအိတ်နှင့် အိပ်ယာလိပ်ကိုဆွဲယူလိုက်ပြီး မြင်းလှည်းပေါ်ပစ်တင်ကာ "တက်" ဟုတစ်ခွန်းထဲဆိုလျှက် မြင်းလှည်းကို မောင်းထွက်ခဲ့သည်။ လမ်းခရီးတွင် စကားတစ်ခွန်းမှ မပြောခဲ့ပါ။

" ခင်ဗျားက ဘယ်သွားမှာလဲ "

သူက ရုတ်တရက်လှည့်၍ ကျွန်တော့်ကိုမေးလိုက်သည်။

" မြကျွန်းသာကိုလေ "

" ကျုပ်မြင်းလှည်းပေါ်ပါလာမှတော့ မြကျွန်းသာကိုပေါ့ဗျ ၊ ဘယ်အိမ်သွားမှာလဲမေးတာ "

သူက ကျွန်တော့်ကို "ကြောင်ရန်ကော"ဆိုသည့် အကြည့်မျိုးနှင့်ကြည့်ကာ ခပ်ဆတ်ဆတ်မေးလိုက်သည်။

" မြကျွန်းသာကိုယ်တော်ကြီးအိမ်ပါ "

" ဘာ "

သူက ကျယ်လောင်စွာ တအံ့တသြရေရွတ်လိုက်သည်။ ယောင်ယမ်း၍ မြင်းဇက်ကြိုးကိုပင်ဆွဲထားလိုက်ပေ၏။ မြင်းလှည်းသည် ရုတ်တရက်တုံ့ရပ်သွားလေသည်။

" ရွာနဲ့ခပ်လှမ်းလှမ်းမှာ မြကျွန်းသာကိုယ်တော်ကြီး အိမ် ရှိတယ်လို့ပြောပါတယ်၊ ကျွန်တော်တော့ တစ်ခါမှ မ ရောက်ဖူးဘူး၊ ခင်ဗျားသိမလား "

" ခင်ဗျားက ဘယ်သူတုံး "

ကျွန်တော့်အမေးကိုမဖြေပဲ သူကပြန်မေးသည်။

" မြကျွန်းသာမင်းသားကြီးရဲ့ ဆွေစဉ်မျိုးဆက်ထဲကပါ "

" သြော ... မြကျွန်းသာမျိုးဆက်က ခုထိရှိသေးသကိုး "

သူက ခေါင်းတညိတ်ညိတ်နှင့် အံ့သြစွာမှတ်ချက်ချပြီး ... ရပ်နေသောမြင်းလှည်းကို ဆက်မောင်းလိုက်သည်။

" အဲဒီအိမ်က သရဲခြောက်တယ်ဗျ "

" ဟုတ်လား "

ကျွန်တော်က သရဲ တစ္ဆေ အယုံအကြည်မရှိသူပီပီ သူ့စကားကို ခပ်ပေါ့ပေါ့ပဲ တုံ့ပြန်လိုက်သည်။

“ ခင်ဗျား အဲဒီကိုတန်းသွားလို့ မဖြစ်ဘူးထင်တယ် ”

“ ကျွန်တော် သရဲမကြောက်တတ်ပါဘူးဗျာ ”

“ အဲဒါပြောတာမဟုတ်ဘူး၊ အခု ညမိုးချုပ်နေပြီ၊ ဟိုအိမ်က လူမနေတာကြာပြီ၊ မှောင်မှောင်မဲမဲထဲ ခင်ဗျား ဘယ်လိုဝင်မလဲ၊ မီးလိုတယ်၊ ပြီးတော့ - ခင်ဗျား ထမင်း မစားတော့ဘူးလား၊ ရေမိုးမချိုးတော့ဘူးလား၊ ကျုပ်အိမ် လိုက်ခဲ့ပါ ”

သူ့ပုံစံကိုကြည့်၍ သူ့အိမ်လိုက်ရမှာ စိတ်မသန့်ပါ။

“ သွားဖို့ရည်ရွယ်ထားတဲ့နေရာကိုတော့ ရောက်အောင်သွားမယ်ဗျာ၊ ဒါ ကျွန်တော့် ခရီးဆုံးပဲ၊ ထမင်းတော့ ရွာထဲမှာဝယ်စားလိုက်တာပေါ့၊ ထမင်းဆိုင်မှာ ကျွန်တော့်ကို ခဏရပ်ပေးပါ ”

“ ရွာမှာ ထမင်းဆိုင်မရှိဘူး ”

“ ဗျာ ”

“ ကျုပ်က စေတနာနဲ့ပြောတာ၊ ကျုပ်အိမ်လိုက်စား၊ ရေမိုးချိုး၊ ခင်ဗျားသွားချင်သပဆိုရင် အိမ်ကြီးခြံဝထိ ကျုပ်လိုက်ပို့မယ်၊ ဓာတ်မီးတို့၊ မီးအိမ်တို့ ခင်ဗျားယူသွားဖို့ လိုမယ်လေ၊ ပါလား၊ မပါရင် ရွာကစတိုးဆိုင်မှာ ဝယ်လိုက် ဦးပေါ့ ”

သူပြောတာ သဘာဝကျပါသည်။

နှစ်ပေါင်း၃၀ လူမနေသည့်အိမ်က ဘယ်လိုပုံစံမျိုးနဲ့ ကျွန်တော့်ကို ဆီးကြိုနေမည်မသိ။

သောက်စရာ ရေသန့်ဗူးကအစ ဖယောင်းတိုင်၊မီးခြစ် အားလုံးဝယ်သွားဖို့လိုပါမည်။ ဟိုမှာ ကျွန်တော့်ကို ဆီးကြိုညှော့ခံမည့်သူမှ မရှိပေပဲ။

မြင်းလှည်းသမားစကားကို မည်သို့မှမတုံ့ပြန်တော့ပဲ ခပ်မဆိပ်လိုက်ပါလာလိုက်သည်။

မြင်းလှည်းကတော့ နှေးကွေးလေးလံစွာ ရွေ့လျားနေဆဲ ... ...

❤ ❤ ❤

□

ရွာကိုရောက်လာပေပြီ။

ရွာထဲ ဝင်ဝင်ချင်း ရွာထိပ်မှာ ဗီဒီယိုရုံတစ်ရုံတွေ့ရသည်။ မီးစက်ဖွင့်ထားဟန်တူ၍ မီးစက်သံတထိန်းထိန်းကြားနေရသည်။ ယနေ့ညပြမည့် ဇာတ်ကားအကြောင်းကို ကြေငြာနေသံကြားရ၏။

မြင်းလှည်းက ရွာလယ်လမ်းမအတိုင်း မောင်းဝင်လာခဲ့သည်။

လမ်းတွင် စတိုးဆိုင်တစ်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကိုမြင်ခဲ့ရ၏။ ဆိုင်များတွင် မီးချောင်းများကို ဘက်ထရီအိုးနှင့် ဂျိုင်း၍ မီးထွန်းထားသည်ကိုမြင်ခဲ့ရသည်၊

ဆိုင်ရှေ့များမှအပ လမ်းမတစ်လျှောက်လုံးမှာမှောင်မဲနေသည်။

မိုးကတော့ တိတ်သွားပေပြီ။

“ ကျုပ်အိမ်ရောက်ပြီ ”

မြင်းလှည်းကို အိမ်တစ်လုံးရှေ့ရပ်လိုက်ပြီး လှည်းရှင်က ပြောလိုက်သည်။

အိမ်ထဲမှ လူငယ်လေးတစ်ယောက်ပြေးထွက်လာသည်။

" အဖေပြန်လာပြီ ၊ ဩော် ... ဧည့်သည်ပါလာတာကိုး "

လူငယ်က ကျွန်တော့်ကိုမြင်ပြီး ပြေးလာသည့်အရှိန်တန့်သွားသည်။

" အဲဒါ ကျွန်တော့်သားပဲ၊ ငါ့သား ဧည့်သည်ပစ္စည်းတွေယူ၊ လှည်းကို အဖေပဲသိမ်းလိုက်မယ် "

ကြည့်ရတာ လူငယ်လေးသည် မြင်းလှည်းသိမ်းပေးနေကျဖြစ်ပုံရသည်။

ကျွန်တော်က ကျွန်တော့်ပစ္စည်းများကို မြင်းလှည်းပေါ်မှနေ၍ ကောင်လေးဆီ ကမ်းပေးလိုက်သည်။

" အထဲဝင်နှင့် "

လှည်းရှင်က အမိန့်ဆန်ဆန် ကျွန်တော့်ကိုပြောသွားသည်။ ကျွန်တော်သည်လည်း သူစီစဉ်သည့်အတိုင်းလိုက်နာမိရက်သားဖြစ်နေ၏။ နယ်မြေက ကိုယ့်အတွက်နယ်စိမ်းမဟုတ်လား။

" ဦးလေး ၊ လာဗျ "

ကောင်လေးက အိတ်၂အိတ်ကိုထမ်းရင်း အိမ်ဆီသို့ကျွန်တော့်ကို ခေါ်သွားသည်။ ကောင်လေးမှာ မွန်ရည်သွက်လက်ဟန်တူလေသည်။ မေးရိုးပြတ်ပြတ်၊ နှာတံပေါ်ပေါ်နှင့် ယောကျ်ားဆန်ဆန်ချောမောပုံကို သတိပြုမိလိုက်သည်။ ကမ္ဘာဦးရုပ်ပိုင်ရှင် မြင်းလှည်းဆရာနှင့် သားအဖဆိုသည်မှာ ယုံလောက်စရာပင်မရှိ။

ကျွန်တော့်ကို ဦးလေးဟုခေါ်လိုက်သည့်အတွက်တော့ စိတ်ထဲမှာခုမိလေသည်။

အိမ်ထဲရောက်တော့ ဘုရားစင်ရှေ့မှာ ပုတီးထိုင်စိတ်နေတဲ့ မိန်းမတစ်ယောက်ကိုတွေ့ရသည်။

ကောင်လေးက ...

" အမေ ၊ ဧည့်သည်ပါလာတယ်ဗျ "

–ဟု အော်လိုက်သည့်အခါ မိန်းမသည် ပုတီးကိုချ၍ ဘုရားကိုဦးချကာ ဘုရားစင်ရှေ့မှထ,လာသည်။

အိမ်ကို အကဲခတ်ကြည့်လိုက်သည်၊ ကြမ်းခင်းတစ်ထပ်အိမ်လေးဖြစ်ပြီး အခန်းကန့်မထားပေ။ အိမ်ရှိပစ္စည်းအကုန်ကို ဒီအတိုင်းမြင်နေရသည်။

မြင်းလှည်းသမားအိမ်ထဲဝင်လာ၏။

“ အဲဒါကျူပ်မိန်းမပဲ ၊ မသက်တင်တဲ့၊ ကျူပ်သား နာမည်က ဇာနည် ၊ ကျူပ်နာမည်က သာအိ ၊ သက်တင် သူက ယာတောအိမ်ကြီးကိုသွားမယ့် ညေ့သည်ပဲ ”

“ ဘာ ”

မသက်တင်က အလန့်တကြားရေရွတ်လိုက်သည်။

“ ဟာ ”

ပစ္စည်းထုတ်များကိုချနေသော မောင်ဇာနည်က တ အံ့တသြလှမ်းကြည့်သည်။

“ ငါက အိမ်မှာတစ်ညအိပ်ဖို့ပြောပါတယ်၊ သူက ဟိုအိမ်ကြီးကို ဒီည အရောက်သွားမှာတဲ့ ”

“ ဘယ်ကလာတာလဲ ၊ ရန်ကုန်ကလား၊ မန္တလေး ကလား ”

မသက်တင်က စူးစမ်းလိုက်သည်။

“ ကျွန်တော် ရန်ကုန်ကပါ ”

“ ခင်ဗျားနာမည်လည်း မသိရသေးဘူး၊ ခင်ဗျား ဘာလာလုပ်တာလဲ ”

ကိုသာအိအပြောအဆိုများကို ရိုင်းတယ်လို့ သတ် မှတ်၍ မဖြစ်တော့၊ စကားကိုဒဲ့ဒိုးပြောတာ သူ့ထုံးစံဖြစ်ပုံရ သည်။ ဒါမှမဟုတ် ဒီအရပ်ရဲ့ သဘာဝလည်းဖြစ်နိုင်သည်။

ခရီးသည်ဧည့်စိမ်းတစ်ယောက်ကို အိမ်ခေါ်လာပြီး ဧည့်ဝတ်ပြုခြင်းကပင် လူမှုရေးစိတ်ဓာတ်ရှိသည့် အပြုအမူမို့ တွေ့စကလို သူ့ကို အထင်မသေးမိတော့ပေ။

" ကျွန်တော့်နာမည်က မိုးနောင် ပါ "

ကျွန်တော်က စာရေးဆရာတစ်ဦးဖြစ်ကြောင်းနှင့် ဝတ္ထုတစ်ပုဒ်ရေးရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။

စာရေးဆရာဟုပြောလိုက်သည်နှင့် မောင်ဇာနည့် မျက်လုံးများဝင်းလက်သွားကာ ကျွန်တော့်ကို အထင်တကြီးနှင့်ကြည့်သည်။

" ဝတ္ထုရေးတယ်၊ ဟုတ်လား၊ ဆရာ့ကလောင်နာမည်က ဘာလဲဟင် "

" ဆောင်းလေပြေဆိုတဲ့နာမည်နဲ့ရေးတယ် မောင်ဇာနည် "

" ဟာ – ကျွန်တော်ဖတ်ဖူးတာပေါ့ ၊ ကောင်းကောင်းဖတ်ဖူးတယ် ၊ ဆရာကနာမည်ကြီးပဲ "

" မောင်ဇာနည်က စာဖတ်သားပဲ၊ ဒီမှာ စာအုပ်ဆိုင်ရှိသလား "

" အငှားဆိုင် နှစ်ဆိုင်ရှိတယ်ဆရာ "

ကျွန်တော့်တွက်ကိန်းတစ်ခု လွဲပြန်ပြီ။ ကျေးလက်တောရွာဖြစ်၍ စာပေနှင့်ကင်းဝေးမည် ၊ ကျွန်တော့်ကလောင်ကို မသိနိုင်ဟု ထင်ခဲ့သည်။

" ကဲ ၊ ကဲ ၊ သူထမင်းစားဖို့လုပ်ဦး ၊ ခင်ဗျား ဆန်ဖိုးနဲ့ဟင်းဖိုးထုတ်ပေးလိုက်ပါ ကိုမိုးနောင် ၊ ကျုပ်တို့က အပိုအလျှံမရှိဘူး "

" ဪ – ဟုတ်ကဲ့ ၊ ကျွန်တော် ကိုသာအိကို မြင်းလှည်းခလဲ ပေးရဦးမယ် "

ကျွန်တော်က အိတ်ထဲမှ ငါးရာတန်နှစ်ရွက်ကိုထုတ်၍ မသက်တင်ထံလှမ်းပေးလိုက်သည်။

မသက်တင်က ကိုသာအိကို လှမ်းကြည့်၏။ သဘောထားတောင်းခံသည့် အမူအရာမျိုး။

" ငါးရာဆို လောက်ပါတယ် ကိုမိုးနောင် "

" မဟုတ်တာဗျာ၊ ထမင်းတစ်နပ် ငါးရာမကပါဘူး၊ မြင်းလှည်းခလဲရှိသေးတာ၊ ယူပါမသက်တင် "

မသက်တင်က ငွေများကို လှမ်းယူလိုက်၏။

" အသီးအနှံကတော့ လတ်လတ်ဆတ်ဆတ်ရတယ် ဆရာ၊ အသားကတော့ ငါးသေတ္တာပဲရမယ် "

" ဘယ်လိုပဲဖြစ်ဖြစ်ပါဗျာ၊ ထမင်းတစ်ပွဲဖြစ် ပြီးတာပဲ "

မသက်တင်က စျေးဝယ်ချမ်းရန် အိမ်ထဲမှထွက်ခွာသွား၏။

" ကျုပ်တို့ ရေချိုးရအောင် ကိုမိုးနောင် "

ကိုသာအိက သူ့အင်္ကျီကိုချွတ်ပစ်လိုက်ပြီး တန်းမှရေလဲပုဆိုးကို ဆွဲယူလိုက်သည်။

ကျွန်တော်လည်း အိတ်ထဲမှ မျက်နှာသုတ်ပုဝါ၊ဆပ်ပြာခဲထုတ်ယူခဲ့ကာ သူ့နောက်လိုက်ခဲ့၏။

မောင်ဇာနည်က ဖယောင်းတိုင်မီးဖြင့်လမ်းပြကာ ရှေ့မှသွားနှင့်သည်။ အိမ်နောက်ဖေးမှာ ရေတွင်းတစ်တွင်းရှိနေပါ၏။

မောင်ဇာနည်က ဖယောင်းတိုင်ကို ရေတွင်းဘောင်ပေါ် ဖယောင်းစက်ချပြီး စိုက်ထားလိုက်သည်။

" ခင်ဗျားအရင်ချိုး၊ ရော့ "

ကိုသာအိက ရေလဲပုဆိုးကို ကျွန်တော့်ကိုပေးရင်းပြော၏။

မောင်ဇာနည်က သစ်ပင်တွင်ချိတ်ထားသော ရေငင်ပုံးကိုသွားယူ၍ တွင်းထဲမှရေကို ငင်ယူသည်။ စက်သီး

မရှိပဲ ရေပုံးကို တွင်းထဲပစ်ချကာ လက်နှင့်ဆွဲယူရပါသည်။ တွင်းက သိပ်တော့မနက်ပေ။

တွင်းထဲမှရေကိုငင်ပြီး ဘေးရှိစည်ပိုင်းပြတ်ထဲသို့ မောင်ဇာနည်က တစ်ပုံးပြီးတစ်ပုံးလောင်းထည့်သည်။

" ချိုးလေဆရာ "

" ဆရာ့ဟာဆရာ ငင်ပါ့မယ်၊ မောင်ဇာနည် ၊ ပေး ၊ ပေး "

" ဟာ ... ဆရာမငင်တတ်ပါဘူး "

" ပေးပါမောင်ဇာနည်ရဲ့ "

မောင်ဇာနည့်လက်ထဲမှ ကြိုးနှင့် ရေငင်ပုံးကို ကျွန်တော်က ဆွဲယူရင်း ကိုယ့်ဖာသာငင်ဖို့ကြိုးစားသည်။

မောင်ဇာနည့်ကို အားနာသောကြောင့်ဖြစ်သည်။

ကျွန်တော်က ကြိုးကိုတဖြည်းဖြည်းလျှော့၍ ရေပုံးကို ရေတွင်းထဲချသည်။ ရေပုံးသည် တွင်းထဲမှရေနှင့်ထိသွားပါ၏။ ရေက ပုံးထဲသို့ဝင်မလာချေ။ ရေပုံးမှာ ရေပေါ်တွင် ပေါလောကြီးပေါ်နေသည်။

ကျွန်တော်သည် ကြိုးကိုလှုပ်ခါပြီး ပုံးရေထဲနစ်ရန် ကြိုးစားကြည့်သည်။ ရေပုံးမှာ ရေပေါ်တွင် ပေါလောကြီး မျော၍သာနေ၏။

" ဆရာမငင်တတ်ပါဘူးဆို၊ ပေး ကျွန်တော့်ကို "

ကိုသာအိက ကျွန်တော့်အဖြစ်ကိုကြည့်၍ရယ်နေ၏
" ရန်ကုန်သား၊ ဘယ် ရေငင်တတ်မှာတုန်း "
ကိုသာအိအပြောကြောင့် ကျွန်တော်ရှက်သွားမိသည်
မောင်ဇာနည်ငင်တော့ လွယ်လွယ်လေး၊ ပုံးကိုရေတွင်းထဲပစ်ချကတည်းက ခပ်စောင်းစောင်းပစ်ချရသည်။ ပုံးက အဝနှင့်တစောင်းကျသွားပြီး ရေထဲနစ်သွားတော့ ရေပြည့်လျှင် အပေါ်ဆွဲယူရုံသာဖြစ်ပါသည်။
မောင်ဇာနည်လုပ်တော့အလွယ်သားပါလား။ ကျွမ်းကျင်ရာလိမ္မာ ၊ နည်းလမ်းသိမှအလုပ်ဖြစ်တာပါလား။
" ချိုးပါဆရာရဲ့ "
ကျွန်တော်သည် ရှက်လဲရှက် ၊ အားလဲနာနာနှင့်ပင် မောင်ဇာနည်ခပ်ပေးသောရေကို တဝချိုးပစ်လိုက်ရ၏။
ရေချိုးပြီးတော့ မောင်ဇာနည်နှင့်အတူ အိမ်ထဲပြန်ဝင်ခဲ့သည်။ ကိုသာအိ ရေချိုးရင်းကျန်ခဲ့၏။
မသက်တင်ပြန်ရောက်နေပြီး ချက်ပြုတ်ဖို့မီမွှေးနေတာတွေ့ရသည်။
" ဆာပြီလားဆရာ "
မသက်တင်က နှုတ်ဆက်ရင်းမေးသည်။
" မဆာသေးပါဘူးမသက်တင်၊ ရပါတယ် "

အခုမှ မီးမွေးတုန်းမို့ တော်တော်နှင့်စားရဦးမှာ မဟုတ်သည့်အတူတူ အိမ်ရှင်အားနာနေမှာ စိုးရိမ်မိသည်။

" ဆရာ၊ ဆရာ "

ကျွန်တော်အဝတ်လဲနေဆဲ မောင်ဇာနည်အနားကပ်လာပြီး တိုးတိုးခေါ်သည်။

" ဘာလဲ မောင်ဇာနည် "

" ဆရာ ဒါ လုပ်တတ်လား "

မောင်ဇာနည်က လက်မကိုထောင်၍ ပါးစပ်နားကပ်ကာ မော့ပြသည်။

" ဟင့်အင်း ၊ ဆရာ အရက်မသောက်တတ်ဘူး မောင်ဇာနည် "

" ဩော် ... စာရေးဆရာတွေက အရက်သောက်တတ်တယ်ဆိုလို့ပါ ၊ ဆရာသောက်တတ်ရင် ဆိုင်လိုက်ပို့ပေးမလို့ "

မောင်ဇာနည့်အပြောကို ပြုံးလိုက်မိသည်။

ရေချိုးပြီး အိမ်ထဲပြန်ဝင်လာသော ကိုသာအိက ကျွန်တော့်ကိုလှမ်းပြောသည်။

" ခင်ဗျားလိုတဲ့ပစ္စည်းတွေ ဝယ်ဖို့လိုသေးတယ်လေ၊ အခုသွားဝယ်လိုက်ပါလား၊ ငါ့သား – ကိုမိုးနောင်ကို စတိုးဆိုင်လိုက်ပို့ပေးလိုက်ပါကွာ "

“ ဟုတ်ကဲ့အဖေ ”

ပိုက်ဆံအိတ်ကိုယူပြီး မောင်ဇာနည်နှင့်အတူ အိမ်မှထွက်ခဲ့၏။

❤ ❤ ❤

□

မြင်းလှည်းနှင့် ဝင်လာသည့်လမ်းအတိုင်း ရွာအလယ်ပိုင်းသို့ ပြန်လျှောက်လာခဲ့ရသည်။

“ ဒါ ရွာလယ်လမ်းမကြီးလားမောင်ဇာနည် ”

" ဒီတစ်လမ်းထဲရှိတာဆရာ "

" ဩော် ... "

" ရွာက ရွာတန်းရှည်ကြီးဆရာရဲ့၊ ကျွန်တော်တို့ အိမ်က အစွန်ဆုံးပဲ "

" ဩော် ... ဩော် ... "

လမ်းလျှောက်လာရင်း မောင်ဇာနည်က သူဖတ်ဖူးသော ကျွန်တော့်ဝတ္ထုများအကြောင်း ပြောပြလာသည်။ ကျွန်တော့်စာကို တကယ်ဖတ်ဖူးကြောင်းနှင့် မှတ်မိကြောင်း သိစေလိုပုံရသည်။

ကျွန်တော်ကလည်း ကျွန်တော်စာတွေကို စာဖတ်သူ များကပြန်ဆွေးနွေးတိုင်း ပီတိဖြစ်မြဲပင်။

" မောင်ဇာနည်က တော်တော်စာဖတ်သားပဲ၊ တခြား ဘာစာတွေဖတ်သေးလဲ "

သူဖတ်သည့် စာရေးဆရာနာမည်တွေ ရွတ်ပြသည်၊

" မဂ္ဂဇင်းတွေလဲ အကုန်ဖတ်ဖြစ်တယ်ဆရာ၊ ရွာကိုရောက်လာတဲ့အထဲကပေါ့ "

ရွာလယ်လမ်းသည် တိတ်ဆိတ်နေသည်။ အချို့ အိမ်များမှ အဘိုးကြီး၊အဘွားကြီးများ၏ အသံကျယ်ကျယ် ဘုရားရှိခိုးသံ ၊မေတ္တာပို့သံများကြားရသည်။

“ ရွာကတိတ်လှချည်လား၊ စောစောအိပ်ကြတယ်ထင်တယ် ”

“ မဟုတ်ဘူးဆရာ၊ ဗီဒီယိုရုံရောက်ကုန်ကြပြီလေ ၊ ဒီအချိန်က ဗီဒီယိုပြချိန် ”

“ ဪ … ”

ကျွန်တော်က ရွာအကြောင်းစပ်စုကြည့်လိုက်သည်။

“ ရွာကလူတွေ ဘာအလုပ်လုပ်ကြလဲ၊ အများအားဖြင့်ပေါ့ ”

“ လယ်အလုပ်ပဲဆရာ၊ ဒါပေမယ့် လယ်ကမဖြစ်တော့ပါဘူး၊ မိုးမရွာတာနဲ့၊ မိုးရွာတော့လည်း ရေကကြီးပြန်ရော၊ ခုတော့ မြို့ပေါ်တက်ပြီး ပျံကျလုပ်ကြတာများတယ်၊ မြို့မှာစက်ရုံတွေရှိတယ်လေ၊ စက္ကူစက်တို့၊ ကြိုးစက်တို့၊ အရက်ချက်စက်ရုံ၊ အထပ်သားစက်ရုံ အစုံပါပဲ၊ မနက်အစောကြီးစက်ဘီးနဲ့အလုပ်ဆင်းကြပြီး ညနေပြန်လာကြတာပေါ့၊ တောအလုပ်လုပ်တဲ့လူ သိပ်မရှိတော့ဘူး၊ ကျွန်တော်တို့အိမ်လဲ အဖေ့မြင်းလှည်းနဲ့ပဲစားနေရတာ ”

“ ဪ … ဪ ”

“ အခုတော့ ရွာနဲ့လေးမိုင်လောက်ဝေးတဲ့နေရာမှာဆည်တစ်ခုဆောက်နေတယ်ဆရာ၊ ဆည်ပြီးရင်တော့ လယ်ယာလုပ်ငန်း ပြန်ဖြစ်ထွန်းမယ်ထင်ရတာပဲ ”

“ ဖြစ်မှာပါ၊ မောင်ဇာနည်ကရော ဘာအလုပ်မှ မရှိသေးဘူးလား ”

“ ခက်တာကဆရာ၊ ကျွန်တော်က ဆယ်တန်း အောင်ထားတော့ ပျံကျအလုပ်မလုပ်ချင်ဘူး၊ အဲဒါ မကောင်းပါဘူး၊ ကိုယ့်ကိုကိုယ် ဘဝင်မြင့်နေမှန်းလဲသိတယ်၊ လေဘာကဒ်လုပ်ထားပြီး အစိုးရအလုပ်တွေတော့ လျှောက်ထားတာပဲဆရာ ”

“ မောင်ဇာနည်က ဆယ်တန်းအောင်ပြီးသားကိုး ”

“ အဝေးသင်ဒုတိယနှစ်တက်နေပါတယ်ဆရာ ”

စတိုးဆိုင်အနီးရောက်လာသည်။ မြင်းလှည်းနှင့်ဝင်လာခဲ့စဉ်က တွေ့ခဲ့ရသော စတိုးဆိုင်ပင်ဖြစ်သည် ။ ဘက်ထရီမီးချောင်းများ ထိန်နေအောင်ထွန်းထား၏။

“ အဲဒီဆိုင်ပဲဆရာ၊ လိုချင်တာအစုံရတယ်၊ ဆရာသွားဝယ်လိုက်ပါ၊ ကျွန်တော်ဒီကစောင့်နေမယ် ”

မောင်ဇာနည်က အမှောက်ရိပ်သစ်ပင်အောက်တွင် ရပ်ပြီးပြောသည်။

“ မောင်ဇာနည်လဲ လိုက်ခဲ့လေ ”

“ ကျွန်တော်လိုက်လို့မဖြစ်ဖူးဆရာ၊ ဆရာ့ဟာဆရာသွားပါ ”

မောင်ဇာနည့်အပြုအမူ ထူးခြားသည်ထင်သော်လဲ ဘာမှပြန်မမေးမိတော့၊ စတိုးဆိုင်ထဲသို့ ကျွန်တော်တစ်ယောက်ထဲဝင်ခဲ့သည်။

မောင်ဇာနည်က သစ်ပင်အောက်တွင် ရပ်၍ကျန်ခဲ့၏။

ကျွန်တော် ဆိုင်ထဲကိုဝင်ခဲ့တော့ ... မိန်းကလေးတစ်ယောက်က အိမ်မကြီးထဲမှထွက်လာသည်။

" ဘာယူမလဲရှင် "

ကျွန်တော်က လိုအပ်မည်ထင်သည့်ပစ္စည်းများကို တစ်ခုပြီးတစ်ခုပြောပြလိုက်ရာ ... မိန်းကလေးက မှန်ကောင်တာထဲမှ ပစ္စည်းများကို ထုတ်ပေးနေ၏။

၃တောင့်ထိုးဓာတ်မီးတစ်လက်နှင့် ဓာတ်ခဲ၃လုံး၊ ဖယောင်းတိုင်တစ်ထုတ်၊ ဂက်စ်မီးခြစ်တစ်လုံး၊ ပလတ်စတစ်ကြိုးတစ်ခွေ၊ ရေသန့်ဗူး၃ဗူးဝယ်လိုက်သည်။

ခြင်ကိုက်နိုင်တယ်ဆိုတာတွေးမိ၍ ခြင်ဆေးတစ်ဗူးထပ်ဝယ်လိုက်သည်။

" ဘာလိုဦးမလဲ ဦး "

" ကြာကြာထွန်းလို့ရမယ့်မီးအိမ်မျိုးပေါ့ "

" မီးချောင်းဝယ်ရင် ဘက်ထရီအိုးပါ တွဲဝယ်မှဖြစ်မှာဦး "

“ ဘက်ထရီအိုးတော့ ကိုယ်မသယ်နိုင်တော့ဘူး ”

“ အမာဂျင်စီလိုက်ယူလိုက်လေ ”

မီးချောင်းတစ်ချောင်း၊ မီးလုံးတစ်လုံးပါပြီး သုံးလေးမျိုးလှည့်ဖွင့်လို့ရသည့် တရုပ်လုပ်Emergency Lamp တစ်လုံး ဝယ်လိုက်သည်။

“ ငွေတွက်ပါဦး ”

ငွေရှင်းပြီးသည့်အခါ မိန်းကလေးက ပစ္စည်းများကို ကြွတ်ကြွတ်အိတ်ကြီးနှစ်ခုထဲ ခွဲထည့်ပေးသည်။

“ ညော့်သည်ထင်တယ်၊ဘယ်မှာတည်းတာလဲဟင် ”

မိန်းကလေးက ပစ္စည်းအများကြီးဝယ်လိုက်၍ ရင်းနှီးသွားသည့်ဟန်ဖြင့် ပြုံးပြုံးရွှင်ရွှင်မေးလိုက်သည်။

ယာတောအိမ်ကြီး၏ ညော့်သည်ဖြစ်ကြောင်း မပြောချင်သည်နှင့် ...

“ ရွာထိပ်က ကိုသာအိတို့အိမ်မှာတည်းတယ် ”

“ ဪ ”

မိန်းကလေးမျက်နှာ တစ်မျိုးဖြစ်သွားသည်ဟု ကျွန်တော်ထင်လိုက်မိသည်။

“ သွားမယ်နော် ”

မိန်းကလေးကိုနှုတ်ဆက်ပြီး ဆိုင်ထဲမှ လှည့်ထွက်ခဲ့၏။

သစ်ပင်အောက်ရောက်ခါနီးတော့ မောင်ဇာနည်က ပြေးလာကာ ကျွန်တော့်လက်ထဲမှ ပစ္စည်းများကိုယူသည်။

" ဟာဆရာ၊ အများကြီးပဲ၊ လေးနေမယ်၊ ပေး ပေး ကျွန်တော့်ကို "

အိတ်တစ်ထုတ် မောင်ဇာနည့်ကို ပေးလိုက်သည်။

" မောင်ဇာနည်က ဘာဖြစ်လို့ ဆိုင်ထဲထိလိုက်မလာတာလဲ "

မောင်ဇာနည် သက်ပြင်းချသည်။

" ဆရာ့ကို ရောင်းပေးလိုက်တာ အဘွားကြီးလား ကောင်မလေးလားဆရာ "

" ကောင်မလေး "

" အဲဒါ ကျွန်တော့်ကောင်မလေးပေါ့ "

" ဟေ "

ကျွန်တော် အံ့အားသင့်သွားသည်။

" နာမည်က နှင်းပေါက် တဲ့၊ သူတို့က အရမ်းချမ်းသာတာဆရာ၊ ကျွန်တော်နဲ့ကြိုက်နေတာ သူ့အမေက သဘောမတူဘူး၊ ကျွန်တော်တို့က ဆင်းရဲတာကိုး၊ ကျွန်တော်ပါလာရင် ရောင်းမှာမဟုတ်ဘူးဆရာ၊ သူ့အမေကြီးက ကျွန်တော့်ကို ဆိုင်ထဲအဝင်မခံဘူး၊ နှင်တောင်လွှတ်တာ "

" ဆိုးလှချည်လားကွာ "

" ကျွန်တော်တို့အကြောင်း ဝတ္ထုရေးပါလားဆရာ၊ သိပ်ကြေကွဲဘို့ကောင်းတာပဲ "

မောင်ဇာနည်က ခံစားချက်အပြည့်နှင့် ပြောနေသည်။

လူတိုင်း ကိုယ့်ခံစားချက်ကိုယ် အကြီးကျယ်ဆုံးလို့ ထင်တတ်ကြသည်။ ကာယကံရှင်များအဖို့ ရင်နှင့်အမျှခံစား ရပေမယ့် … စာတစ်ပုဒ်အဖြစ် စာမျက်နှာပေါ် တင်ဖို့ကျ တော့ မထူးခြားသည့်အဖြစ်မျိုးဖြစ်နေတတ်သည်။ ကျွန် တော်သည် သူတို့အကြောင်း ဝတ္ထုရေးပါဟု ရင်ဖွင့်လာသူ များကို ကြုံဖူးပေါင်းများလှပြီ။

ခုလည်း … မောင်ဇာနည်က သူ့အကြောင်းဝတ္ထု ရေးဖို့ပြောတော့ ပြုံးချင်သွားသည်။

သို့သော် မောင်ဇာနည်ကြေနပ်အောင်နှစ်သိမ့်လိုက် ၏။

" အေးအေးဆေးဆေးမှ မောင်ဇာနည့်အကြောင်း ဆရာ့ကိုပြောပြလေ၊ ဆရာခံစားရရင် ရေးဖြစ်မှာပေါ့ "

❤ ❤ ❤

□

အိမ်ကိုပြန်ရောက်သည့်အခါ… ထမင်းဟင်းအဆင်သင့် ကျက်နေပါပြီ။

အိမ်ရှေ့မှာ စားပွဲဝိုင်းချ၍ ထမင်းပွဲပြင်နေသော မသက်တင်ကိုတွေ့ရသည်။

" အဆင်သင့်ပဲဆရာ၊ စားလို့ရပါပြီ "

ထမင်းဟင်းက အငွေ့တထောင်းထောင်းထ,နေသည်။ ဘူးရွက်ဟင်းချိုအနံ့က သင်း၍ ဆာလောင်မွတ်သိပ်မှုကို နှိုးဆွလိုက်သည်။ ဟင်းအနံ့အသက်ကြောင့် အူတကြုတ်ကြုတ်မြည်လာ၏။

နေ့လည်ခင်းက ဘူတာရုံလေးတစ်ခုတွင် နံနက်စာကိုနောက်ဆုံးအစာအဖြစ် စားထားခဲ့သော ကျွန်တော့်အဖို့ အတော်ဆာလောင်နေပေပြီ။

" ကိုသာအိရော၊ တစ်ခါထဲ စားကြစို့လေ "

ညည့်သည်ကျွန်တော်က အိမ်ရှင်ကို ပြန်ဖိတ်ခေါ်လိုက်သည်။

ကိုသာအိက ခေါင်းရင်းဖက်တွင် တင်ပလ္လင်ခွေထိုင် ရင်းဖက်ကြမ်းဆေးလိပ်ကိုသောက်နေသည်။

" ခင်ဗျားစားနှင့်ပါ "

" မဟုတ်တာပဲ၊ ခင်ဗျားလဲဆာရောပေါ့ "

" ခင်ဗျားရွံမှာစိုးလို့ပါ "

" ဟာဗျာ၊ မဟုတ်တာ၊ လာ-လာ၊ တစ်ခါထဲစားကြမယ် ထ "

ကျွန်တော်က ကိုသာအိထိုင်နေရာရောက်သွားကာ သူ့ကိုအတင်းဆွဲထူလိုက်သည်။ သူ့စကားကြောင့် စိတ်မကောင်းလည်းဖြစ်သွား၏။

တကယ်တော့ ကိုသာအိအိမ်မှာ တထောက်နားရမည်ဆိုစဉ်က အထင်အမြင်သေးစိတ်ဖြင့် ရွံရှာစက်ဆုပ်သလို ခံစားမိတာအမှန်ပါ။ သူတို့မိသားစုရဲ့

သဘောထားရိုးရိုး နဲ့ ကူညီဖေးမမှုများကို ကြုံရမှစိတ်သန့်သွားရသည်။

ကိုသာအိရဲ့ "ရှံမှာစိုးလို့ပါ" ဆိုသောနှိမ့်ချစကားက ကျွန်တော့်ရင်ကို ထိခိုက်ခံစားသွားစေရသည်။

" လာဗျ၊ စားကြအောင်ပါ၊ ကျွန်တော်တော့မနေနိုင်တော့ဘူးဗျို့၊ စားပြီ "

ကျွန်တော်က ရင်းနှီးအောင်လိုသည်ထက်ပို၍ စကားရောကာ ထမင်းကိုအရင်နှိုက်စားလိုက်သည်။

မောင်ဇာနည်က ယပ်တောင်တစ်ချောင်း ယူကာ ဘေးမှ ယပ်ခတ်ပေးနေသည်။

" ကောင်းလိုက်တာဗျာ၊ မသက်တင်က ဟင်းချက်ကောင်းပဲ "

မသက်တင်ကို လှမ်းအော်ပြောလိုက်သည်။

မသက်တင်က လိုက်ပွဲထမင်းအုပ်ကိုယူလာပြီး စားပွဲပေါ်တင်သည်။ ထမင်းဝိုင်းဘေးမှာ တင်ပလွဲဝင်ထိုင်လိုက်သည်။

" ဆရာက အခုညပဲ ယာတောအိမ်ကြီးကိုသွားမလို့လား "

" ဘာဖြစ်လို့လဲ မသက်တင် "

“ မှောင်နေလို့ပါ ၊ မနက်မှ လင်းလင်းချင်းချင်း ... ”

“ မရဘူးဟေ့၊ ငါပြောပြီးပြီ ”

ကိုသာအိက မသက်တင်စကားကိုဖြတ်လိုက်သည်။

“ မသက်တင်တို့ကို ဒုက္ခမပေးချင်တော့ဘူးဗျာ၊ ကျွန်တော့်စိတ်က သွားမယ့်သွား ခရီးဆုံးထိသွားလိုက်ချင်တာ၊ အခုလိုကူညီတာပဲ ကျေးဇူးတင်လှပါပြီ မသက်တင်ရယ် ”

သူတို့အိမ်ကျဉ်းကျဉ်းလေးမှာ ညအိပ်တည်းဖြစ်တဲ့အထိလည်း ဒုက္ခမပေးချင်တော့ပါ။

“ ကျွန်မက တခြားကြောင့်ပြောတာမဟုတ်ပါဘူး၊ အိမ်ကြီးကသရဲသိပ်ချောက်တော့ ... ”

“ သက်တင် ”

ကိုသာအိက မသက်တင်စကားကို လှမ်းဟန့်လိုက်သည်။

ကျွန်တော်ကပြုံးလိုက်မိသည်။ တစ္ဆေသရဲအယုံအကြည်မရှိပါ၍ မသက်တင်စကားကို ခပ်ပေါ့ပေါ့ပင်သဘောထား၏။

“ သရဲကဘယ်လိုချောက်တာတုံးဗျ၊ ပြောပါဦး ”

" အမလေး၊ ဆရာရယ်၊ အဲဒီအိမ်မှာ လူတင်သရဲ ဖြစ်နေတာမဟုတ်ဘူး၊ မြင်း ,ကပါသရဲဖြစ်နေတာ "

" အဆန်းပါလား "

" သရဲမက ကိုယ်ထင်ပြပြီးချောက်ရုံတင်မဟုတ်ဘူး တော့၊ လက်ယပ်ပြီးလှမ်းခေါ်သေးတာတဲ့ "

" ခေါ်တော့လည်း သွားလိုက်တာပေါ့ဗျာ၊ ဟဲ ၊ ဟဲ "

မသက်တင်မျက်နှာက အလိုမကျသလို တည်သွားသည်။ သရဲအကြောင်းကို စီကာပတ်ကုံးပြောပြချင်ပုံရသည်၊ ကျွန်တော့်ကိုလည်း ကြောက်လန့်တကြားပုံစံနှင့် မဟုတ်တောင် ... စိတ်ဝင်တစားနားထောင်စေချင်ပုံရ၏။ ကျွန်တော်က ပျက်ချော်ချော်လုပ်လိုက်သည့်အခါ မသက်တင် အလိုမကျဖြစ်သွားရလေပြီ။

" မသက်တင်ရော အချောက်ခံဘူးလား "

" အို - ကျွန်မက အဲဒီအိမ်ကြီးဖက်မှ မသွားတာ၊ သရဲချောက်တာ နာမည်ကြီးလွန်းလို့ မသွားဝံ့ပေါင် "

" အမေကလဲဗျာ၊ တခြားအကြောင်းပြောစမ်းပါ "

မောင်ဇာနည်က ကျွန်တော့်ကိုအားနာဟန်ဖြင့် မသက်တင်စကားကို ဟန့်တားလိုက်သည်။

“ ခင်ဗျားက ယာတောအိမ်ကြီးရဲ့မျိုးဆက်ဆိုတော့ ဘယ်လိုတော်တာလဲဗျ ”

ကိုသာအိက စကားလမ်းကြောင်းလွှဲပြီးမေးသည်။

“ ယာတောအိမ်ကြီးမှာနေသွားတဲ့ ဦးစိုးအုပ်ရဲ့ အစ်မ ဒေါ်သူဇာတင်တင်ရဲ့ သားပါ ”

“ သူဇာတင်တင် ”

ကိုသာအိက ကျွန်တော့်မိခင်နာမည်ကို “ဒေါ်”မ တပ်ပဲရေရွတ်လိုက်သည်။

“ ကိုသာအိ သိသလား ”

“ ကြားဘူးတာပါ၊ ကျုပ်တို့ငယ်ငယ်ကပေါ့၊ ကျုပ် အသက် ၁၀နှစ် ၁၁နှစ်လောက်ရှိမယ်၊ သခင်ကြီးဦးစိုးအုပ် က သူ့မိန်းမကို သေနတ်နဲ့ပစ်သတ်လိုက်တာ၊ ဦးစိုးအုပ်က ဂတ်တဲမှာသွားပြီး အဖမ်းခံလိုက်တယ်လေ၊ မကြာဘူး သူဇာတင်တင်ဆိုတဲ့သူ့အစ်မရောက်လာတာပဲ၊ အဲ … အဲဒီ အကြောင်းတွေ ကိုမိုးနှောင် သိမှသိရဲ့လားမသိဘူး ”

“ ယာတောအိမ်ကြီးရဲ့ရာဇဝင်ကို ကျွန်တော်အား လုံးသိပြီးသားပါ ကိုသာအိ ”

“ အဲဒီကတည်းက သူဇာတင်တင်တခါးပိတ်ပြီးထား ခဲ့တာ၊ အိမ်ကြီးကဒီအတိုင်းပဲ၊ ကျုပ်တို့က မျိုးရိုးစဉ်ဆက်

ကျန်သေးရင်တောင် ဒီအိမ်ကြီးကို ပြန်လာတော့မယ်မထင်ဘူး ”

“ ကျွန်တော်လည်း လာဖို့ရည်ရွယ်ချက်မရှိပါဘူး ၊ ဒီမလာခင် ၂လ ၃လလောက်ကမှ စိတ်ကူးပေါက်ပြီး စီစဉ် လိုက်တာ၊ ဖေဖေကတောင် မသွားစေချင်ဘူး၊ တားသေး တယ် ”

“ ခင်ဗျားအမေကရော မတားဘူးလား ”

“ မေမေဆုံးတာကြာပါပြီကိုသာအိ၊ ဆယ်နှစ်လောက်ရှိပြီ ”

“ ဪ ... ”

ထမင်းဝိုင်းကို လက်စသတ်လိုက်သည်။

မသက်တင်က လက်ဆေးရေဇလုံနှင့် ဆပ်ပြာကို ယူလာပေးသည်။

ကိုသာအိက အိမ်အောက်ဆင်း၍ မီးဖိုဘေးကစဉ့်အိုးမှာ လက်သွားဆေးသည်။ ဆေးပြီးလက်ကို နှစ်ချက်သုံးချက်ခါလိုက်သည်။ ပြီး ... လက်ကိုပုဆိုးနှင့်ပွတ်၍ သုတ်လိုက်၏။

ကိုသာအိက မီးဖိုထရံမှ ထရံစတစ်စကိုချိုး၍ သွားကြားထိုးရင်း အိမ်ပေါ်ပြန်တက်လာသည်။

“ ခင်ဗျား ဘယ်လောက်ကြာကြာနေမှာလဲ ”

" တစ်လလောက်နေမယ်စိတ်ကူးတယ်၊ ရေးလက် စဝတ္ထုပြီးတဲ့အထိပေါ့ ။ ကျေးလက်သဘာဝလေးတွေလဲ လေ့လာချင်လို့ပါ "

" နေကြည့်ဦးပေါ့လေ "

ကိုသာအိစကားက ဘာကိုဆိုလိုသည်မသိ ။ တော အနေအထိုင်အတိုင်း နေနိုင် မနေနိုင်ကို ရည်ရွယ်လေသ လား။ သရဲချောက်တဲ့အိမ်ကြီးမှာ နေနိုင် မနေနိုင်ကို ရည် ရွယ်လေသလား။

" ကဲ ၊ ကျုပ်တို့သွားဖို့ပြင်ကြအောင်၊ မိုးသိပ်ချုပ် နေပြီ၊ ငါ့သား – ကိုမိုးနှောင်ပစ္စည်းတွေသယ်ဟေ့ "

" ဟုတ်ကဲ့အဖေ "

" ခြေကျင်ပဲလိုက်ပို့တော့မယ် ကိုမိုးနှောင်၊ ကျုပ် မြင်းမ တော်တော်ဟိုက်နေပြီ "

" ရပါတယ် ကိုသာအိ "

မောင်ဇာနည်က ကျွန်တော့်အဝတ်အိပ်ကိုလွယ်၍ အိပ်ယာလိပ်ကို ပခုံးမှာထမ်းလိုက်သည်။

" သားရေ၊ ဇာနည် ၊ တံပျက်စည်းယူသွားဦးဟေ့၊ အိမ်က ဘယ်လောက် ဖုံတွေ ထုတက်နေမယ်မသိဘူး "

မီးဖိုထဲတွင်အလုပ်များနေသော မသက်တင်ကလှမ်း အော်သည်။

ကျွန်တော်သည် မသက်တင်ကိုနှုတ်ဆက်ခဲ့ပြီး ကိုသာအိတို့ သားအဖနှင့်အတူ အိမ်မှထွက်ခဲ့၏။

❤ ❤ ❤

□

ကိုသာအိတို့တဲမှာ ရွာအစွန်တွင်ရှိသည်မို့ ... အိမ်မှထွက်လိုက်သည်နှင့် ရွာအပြင်သို့ရောက်သွားလေသည်။

လသာလျှက်ရှိ၏။

ညဦးပိုင်းက ရွာထားသောမိုးကြောင့် သစ်ပင်များသည်လရောင်အောက်တွင် မိုးရေစက်များဖြင့်လက်နေ၏။

လယ်ကွင်းပြင်ကိုဖြတ်တိုက်လာသော လေကြောင့်အေးမြနေသည်။ ရေချိုးထားရ၍ လူမှာလန်းဆန်းနေ၏။

ကျွန်တော်က အနောက်ဖက်ခပ်လှမ်းလှမ်းရှိ ရေစီးကြောင်းတစ်ခုကို မျှော်ကြည့်ရင်းမေးလိုက်သည်။

“ ဟိုဟာ ချောင်းလားဗျ၊ ဘာချောင်းလဲ ”

“ အဲဒါ ဧရာဝတီမြစ် ”

“ ဩော် ... ”

ဧရာဝတီမြစ်ရေပြင်သည် လရောင်တွင် တလက်လက်နှင့်စီးဆင်းနေ၏။

ကျွန်တော်တို့သည် မြေလမ်းကြမ်းကြမ်း အတိုင်းလျှောက်လာခဲ့ကြသည်။ မိုးရွာထားသဖြင့် တချို့နေရာများ၌ ရေဗွက်များဖြစ်နေသည်။

မောင်ဇာနည်က ကျွန်တော့်အိတ်နှင့်အိပ်ယာလိပ်ကိုသယ်၍ ရှေ့ဆုံးမှသွားသည်။ ကိုသာအိက တံပျက်စည်းတစ်ချောင်းတစ်ဖက်မှကိုင်၍ ကျွန်တော်စတိုးဆိုင်မှဝယ်လာသောအိတ်တစ်အိတ်ကို တစ်ဖက်မှကိုင်ထားသည်။ ကျွန်တော်က ပစ္စည်းများပါသော ကျွတ်ကျွတ်အိတ်ကိုဆွဲရင်း ... မှောင်သောနေရာများ၌ ဓာတ်မီးထိုးပြရင်းလျှောက်လာခဲ့ကြသည်။

၅မိနစ်ခန့်လျှောက်လာပြီးသည့်အချိန်တွင် ... ကိုသာအိက ရှေ့တူရူကို လက်ညှိုးထိုးပြရင်းပြောလိုက်၏။

" ဟိုဟာ ယာတောအိမ်ကြီးပဲ "

အိမ်ကြီး၏အောက်ပိုင်းမှာ တောအုပ်နောက်ခံ အမှောင်ထုတွင် မြုပ်ဝင်နေပြီး ... အိမ်ကြီး၏အမိုးများမှာမူ သစ်ပင်များကို ကျော်လွန်ထိုးထွက်နေကာ ... လရောင်လင်းသောကောင်းကင်နောက်ခံတွင် ထီးထီးကြီးမြင်နေရ၏။

လယ်ကွင်းပြင်နှင့်တောအုပ်စပ်ကြားတွင် တစ်လုံးတည်းထင်ထင်ရှားရှားကြီးတည်နေပုံမှာ
စိတ်ချောက်ချားဖွယ် ကောင်းလှသည်။ ကျွန်တော်သည် ကြောက်တတ်သူလည်း မဟုတ်၊ နာနာဘာဝယုံကြည်သူလည်းမဟုတ်ပါသော်လည်း ဤမျှကြီးမားသောအဆောက်အဦးကြီးထဲတွင် တစ်ယောက်ထဲနေရမည့်အတွက်မူ စိတ်ထင့်သွားမိသည်။

အိမ်ကြီးကကြီးမားခန့်ထည်သည်နှင့်အမျှ ... အိုမင်းဟောင်းနွမ်းနေမှုကြောင့် စိတ်နှလုံးတုန်လှုပ်စရာကောင်းသလို ၊ ကြည့်ရှုနှင့်ပင် ပျင်းရိထိုင်းမှိုင်းမှုကို ဖြစ်ပေါ်စေပါသည်။

သို့သော် ... သည်အိမ်ကိုလာမည်ဟု ရည်ရွယ်လာရောက်ခဲ့မှတော့ ရောက်အောင်သွားရပေတော့မည်။ သည်

အိမ်ကြီးသည်ပင် ကျွန်တော်တို့မျိုးရိုးစဉ်ဆက်တလျှောက်လုံး နေထိုင်ခဲ့သည့် အိမ်ကြီးမဟုတ်ပါလား။

တဖြည်းဖြည်း အိမ်နှင့်နီးလာသည်။

သစ်ပင်ချုံနွယ်များ နွယ်တက်လျှက် ပိန်းပိတ်နေသောခြံစည်းရိုးကိုမြင်ရသည်။ ခြံစည်းရိုး၏ မူလသစ်သားတိုင်များကို သစ်ပင်ခြုံနွယ်များက ငုံသွားခြင်းဖြစ်ပုံရသည်။

ခြံရှေ့တည့်တည့်ကို ရောက်ပေပြီ။

ခြံတခါးတွင် သံကြိုးဖြင့် လေးငါးပတ်ရစ်ပတ်ထားပြီး သံကြိုးထိပ်ဂွင်း၂ခုတွင် ချိတ်ဆက်ပိတ်ခတ်ထားသောသော့ခလောက်ကြီးကိုတွေ့ရသည်။

" ခင်ဗျားမှာ သော့ပါတယ်နော် "

ကိုသာအိက လှည့်မေးသည်။

" ပါတာပေါ့ဗျာ "

ကျွန်တော်က ပိုက်ဆံအိတ်၏ ရှေ့ဆုံးအကန့်လေးထဲတွင်ထည့်ထားသော တွဲရက်သော့နှစ်ချောင်းကို ထုတ်ယူလိုက်သည်။ တစ်ချောင်းက သံသော့၊ တစ်ချောင်းကကြေးသော့။ ဤသော့နှစ်ချောင်းတွဲကို မေမေ့မီးခံသေတ္တာထဲတွင် နှစ်ပေါင်း၃၀ကျော်အိပ်ပျော်နေရာမှ ကျွန်တော်ထုတ်ယူလာခဲ့ခြင်းဖြစ်ပါသည်။

" ပေး "

ကျွန်တော်က သော့တွဲကို ကိုသာအိလက်ထဲ ကမ်းပေးလိုက်သည်။

သံကြိုးနှင့်တွဲ၍ခတ်ထားသောသော့မှာ သံသော့ခလောက်ဖြစ်ပါသည်။

ကိုသာအိက သံသော့ချောင်းကိုရွေး၍ သော့ခလောက်ထဲ ထိုးထည့်လိုက်သည်။

သော့ချောင်းကတော့ ဝင်သွား၏။ လှည့်လို့မရ။

ကျွန်တော်က ဓာတ်မီးဖြင့် ထိုးပေးထားသည်။

ကိုသာအိက သော့ချောင်းကို အကြိမ်ကြိမ်လှည့်၏။ ဘယ်လိုမှ လှည့်၍မရပေ။

နှစ်ပေါင်း၃၀လုံး မိုးထဲလေထဲမှာရှိနေသည့် သော့ခလောက်တစ်လုံး သံချေးအထပ်ထပ်တက်နေတာ မဆန်းပါ။

ကိုသာအိက အားနှင့်ဆွဲယမ်းလှုပ်ခါသည်။ တုတ်တုတ်မှမလှုပ်။ သံချေးမှုန်များသာ တဖွားဖွားလွင့်ကျလာ၏

“ ဆီပါရင်ကောင်းသား၊ ဆီနဲ့လောင်းပေးမှချောင်သွားမှာ ”

ကိုသာအိက လက်ဝါးမှာပေကျံသွားသော သံချေးမှုန်များကို ပုဆိုးနှင့်သုတ်ရင်းပြောသည်။

“ ဖျက်လိုက်မယ်ဗျာ ၊ အတွင်းထဲကဝါရှာတွေလဲ သံချေးနဲ့ခိုင်နေလောက်ပြီ၊ ဖျက်မှဖြစ်မှာ၊ ဖျက်ရမလား ဆရာ ”

မောင်ဇာနည်က ကျွန်တော့်ကို ခွင့်တောင်းသည်။ ထမ်းထားသောအိပ်ယာလိပ်နှင့်အိတ်ကို အနီးရှိမြက်ဖုတ်ပေါ် ချလိုက်သည်။

“ သော့ဖျက်လို့လဲ မလွယ်ဘူးငါ့သားရဲ့၊ သော့က အာမခံသော့ခလောက်အကောင်းစားကြီး၊ တခါးကိုဖျက်မှကို ရမှာ ”

“ ဖျက်မယ်ဗျာ ”

မောင်ဇာနည်က အနီးရှိကျောက်တုံးတစ်တုံးကိုလက်နှစ်ဖက်ဖြင့် မ,ပြီးတခါးဘောင်ကိုထုလိုက်သည်။

နှစ်ချက်သုံးချက်ထုလိုက်သည့်အခါ တခါးဘောင်မှာ ပဲ့ကျသွား၏။ ဘောင်သစ်သားမှာဆွေးမြေ့နေ၍ အလွယ်တကူပဲ့ထွက်သွားခြင်းဖြစ်သည်။

မောင်ဇာနည်က ပဲ့သွားသောတခါးဘောင်ကို ဆွဲ၍ ချိုးပစ်လိုက်သည်။ သံကြိုးဖြင့်ပတ်ထားသောဘောင်တစ်ခု လွတ်သွားသည့်အတွက် တခါးကိုဖွင့်လို့ရသွား၏။ သံကြိုးနှင့်သော့ကတော့ တွဲရက်နှင့်ပင် အကောင်းအတိုင်းရှိနေသည့်တစ်ဖက်တခါးချပ်မှာ ပါသွားသည်။

တခါးချပ်များမှာ ကြီးမားလွန်း၍ တစ်ဖက်ထဲဖွင့်ရုံ နှင့်ပင် သုံးယောက်ဝင်သာပါသည်။

ထိုအချိန်တွင် တိမ်တိုက်များကွယ်သွားသဖြင့် လရောင်မဲ့ကာ မြေပြင်တစ်ခုလုံး မှောင်သွား၏။

ကျွန်တော်က ရှေ့ဆုံးမှနေ၍ ဓာတ်မီးနှင့်ထိုးပြကာ အိမ်ကြီးဆီသို့လာခဲ့သည်။

အိမ်ကြီးသည် ထီးထီးမားမားကြီးရပ်တည်ကာကျွန် တော်တို့ကို ကြိုနေ၏။

အိမ်မှာ ပေါ်တီကိုရှိသော ရှေးအိမ်ကြီးမျိုးဖြစ်သည် ပေါ်တီကို၏ အထက်ကိုအမိုးအကာမထားပဲ လသာဆောင် အဖြစ်ဖန်တီးထားသည်။ ခါးလည်လောက်မြင့်သော ဝရံတာ ကာရံထားသည့် လသာဆောင်ဖြစ်၏။

“ သရဲမက ဟောဟို လသာဆောင်ပေါ်မှာ ရပ်, ရပ်နေတာဗျ၊ အဲဒီကနေပြီး လူတွေကို လက်ယပ်လှမ်းခေါ်တာ ”

“ အဖေကလဲဗျာ၊ ဒါတွေမပြောပါနဲ့ဆို ”

“ မင်းဆရာ မကြောက်တတ်ပါဘူးကွာ၊ မင်း ကြောက်သလား၊ ကြောက်ရင် ဘုရားစာရွတ်နေ ”

သားအဖနှစ်ယောက် အငြေအတင်ပြောနေဆဲတွင် ကျွန်တော်က အိမ်တခါးမကြီးဆီရောက်သွားပေပြီ။ တခါးမ

ကြီးမှ ကြေးသော့ခလောက်ကြီးကို ကိုင်ကြည့်လိုက်၏။ လူကြီးလက်တစ်ဝါးစာလောက်ရှိသော အာမခံကြေးသော့ခလောက်ကြီး။

" ကဲ ကိုသာအိ၊ ဒီတစ်ခုဖွင့်ကြည့်ပါဦးဗျာ "

ကိုသာအိက ကြေးသော့ချောင်းကို သော့အိမ်ထဲထည့်လှည့်၏။ " ဂျောက် "ကနဲအလွယ်တကူပွင့်သွားလေသည်။ ရေမိုးလုံသောနေရာမို့ သော့မှာ အကောင်းအတိုင်းရှိနေခြင်းပင်။

ကျွန်တော်သည် သော့အိမ်ကိုဖြုတ်၊ ပတ္တာကိုလှပ်၍ တခါးကို ဆွဲဖွင့်လိုက်သည်။

အိမ်ထဲမှ တစ်စုံတစ်ခုသည် ဓာတ်မီးကိုင်ထားသော ကျွန်တော့်လက်ကို ရိုက်ချလိုက်ရာ ကျွန်တော့်လက်ထဲမှ ဓာတ်မီးလွတ်ကျသွားသည်။ ဓာတ်မီးရောင်လည်း ပျောက်သွား၏။ ထိုအရာသည် ကျွန်တော့်မျက်နှာကို သူ၏အေးစက်စိုထိုင်းသောလက်ကြီးဖြင့် လှမ်းကိုင်လိုက်သည်။

" ဟာ "

ကျွန်တော့်မှာ အသည်းထဲအေးသွားကာ ကြက်သီးဖျန်းဖျန်းထ၍ ခေါင်းနပမ်းကြီးသွားလေသည်။

အိမ်ထဲမှ ထိုအရာသည် လျှင်မြန်စွာတိုးဝှေ့ထွက်လာပြီး … ကျွန်တော်တို့သုံးယောက်လုံးကို ဖြတ်တိုက်သွားကာ အပြင်သို့ပြေးထွက်သွားလေသည်။

“ ဟာ ”

“ အမလေး ”

“ အဖေ ၊ အဖေ ၊ လုပ်ပါဦး ”

“ မကြောက်နဲ့၊ မကြောက်နဲ့၊ ဘာမှမဟုတ်ဘူး ၊ လင်းဆွဲတွေ၊ လင်းဆွဲတွေ ”

ကိုသာအိသတိပေးသံကြားမှ အသက်ရှုရပ်မတတ် ထိတ်လန့်နေရာမှ သက်ပြင်းချလိုက်ရသည်။

“ လင်းဆွဲတွေပါ၊ လူမနေတော့ လင်းဆွဲတွေနေ, နေတာ ၊ လူလာလို့ လန့်ပြီးထွက်ပြေးကြတာ ”

ကိုသာအိကရှင်းပြသည်။

ဓာတ်မီးမှာ အောက်သို့လွတ်ကျသွားပြီး ဘယ်ကိုလိမ့်သွားသည်မသိ။ စမ်းကြည့်လို့ မတွေ့တော့။ အားလုံးပိန်းပိတ်အမှောင်။

ကိုသာအိက ဆေးလိပ်သောက်ရန်ဆောင်ထားသောဂက်စ်မီးခြစ်လေးကို ခြစ်လိုက်သည်။

ကျွန်တော်က စတိုးဆိုင်မှဝယ်လာသည့် အင်မာဂျင် စီမီးအိမ်ကို ကျွတ်ကျွတ်အိတ်ထဲမှ စမ်းရှာရင်းဆွဲထုတ်လိုက်သည်။ မီးချောင်းကိုဖွင့်လိုက်သည်။

ထိုအခါမှ အိမ်အတွင်းပိုင်းထဲထိလိမ့်ဝင်သွားသော ဓာတ်မီးကိုတွေ့ရတော့၏။

မောင်ဇာနည်က ဓာတ်မီးကိုပြေးကောက်သည်။

" တော်ပါသေးရဲ့ဗျာ၊ လင်းဆွဲတွေ အလန့်တကြား လုပ်လိုက်တာ၊ သရဲမှတ်လို့ "

မောင်ဇာနည်က အိမ်အတွင်းပိုင်းထဲကို ဓာတ်မီးဖြင့် ဟိုဟိုဒီဒီထိုးကြည့်၏။ ညှော့ခန်းတစ်ခု၏ရုပ်သွင်သည် မီးအလင်းရောင်အောက်တွင် ပေါ်လာ၏။

ဝင်ပေါက်နှင့်ရှေ့တည့်တည့်နံရံတွင် ကပ်ချိတ်ထားသော တိရစ္ဆာန်ကြီးတစ်ကောင်၏ ဦးခေါင်းရိုးကိုတွေ့ရသည် ချိုကြီးနှစ်ခုမှာ ဘေးသို့ကား၍ အထက်သို့ကွေးညွတ် ထောင်တက်နေသည်။ ကျွဲလား၊ဆတ်လား၊ပြောင်လား၊ ဘာ သတ္တဝါဆိုတာ ကျွန်တော်မသိပါ။ ညှော့ခန်းတွင်ချိတ်ထားပုံ ထောက်တော့ ဦးစိုးအုပ်အမဲပစ်ရာမှ ရခဲ့သည့်သတ္တဝါဖြစ် ဟန်တူသည်။

မောင်ဇာနည်က လက်နှိပ်ဓာတ်မီးကိုအထက်ဖက်သို့မြှင့်၍ ထိုးကြည့်လိုက်သည်။

မှန်ဘောင်သွင်း၍ ယှဉ်ရက်ချိတ်ထားသော ဓာတ်ပုံကြီးနှစ်ပုံကို တွေ့လိုက်ရ၏။

" ဟာ – ဆရာ "

မောင်ဇာနည်က အလန့်တကြားအော်လိုက်သည်။

" ဘာလဲမောင်ဇာနည် "

" ဆရာ့ဓာတ်ပုံကြီးပါလား၊ ဘယ်လိုရောက်နေတာလဲဟင် "

ကျွန်တော်က ရယ်လိုက်မိသည်။

" အဲဒါ ဒီအိမ်ကြီးမှာနေသွားတဲ့ သခင်ကြီးဦးစိုးအုပ်ရဲ့ပုံပါမောင်ဇာနည် "

" ဆရာနဲ့တူလိုက်တာဗျာ "

" ဆရာ့ဦးလေးကိုး၊ ဦးစိုးအုပ်ဟာ ဆရာ့အမေရဲ့မောင်အရင်းကိုးကွ၊ တူတာပေါ့ "

" အင်း ... ဦးစိုးအုပ်ကို ကျုပ်ငယ်ငယ်ကမြင်ဘူးတယ်ဗျ၊ ကိုမိုးနောင်ကိုမြင်ကတည်းက ကျုပ်စိတ်ထဲမှာ ရင်းရင်းနှီးနှီးသိဘူးပြီးသားလို့ထင်နေတာ ဒါ့ကြောင့်ကိုး "

ကိုသာအိက ဝင်ပြောသည်။

ကျွန်တော့်အဖို့တော့ ဆွေတော်မျိုးတော်များ၏ ဓာတ်ပုံကို ရန်ကုန်အိမ်က အယ်လ်ဘမ်ထဲမှာ ရှိနေအောင် မြင်ဘူးပြီးသားဖြစ်ပါသည်။

ဦးစိုးအုပ်၏ဓာတ်ပုံနှင့်ယှဉ်ရက်သားချိတ်ထားသောပုံမှာ သူ့ဇနီးဒေါ်ပတ္တမြားနတ်မယ်၏ပုံဖြစ်ပါသည်။

ဓာတ်ပုံများရှေ့တွင် ပင့်ကူအိမ်များယှက်သိုင်း၍ ဖုံတက်မှေးမှိန်နေသည့်တိုင်
ဒေါ်ပတ္တမြားနတ်မယ်၏စူးရှသော မျက်လုံးအကြည့်များမှာ ဓာတ်ပုံဟောင်းထဲမှာပင် တောက်ပ အသက်ဝင်နေ၏။ ပြုံးနေသော်လည်း မာန်မာနမကင်းစင်သည့်နှုတ်ခမ်းများက ကြည့်သူကို သရော်တော်တော်၊ ခပ်ထေ့ထေ့ ပြန်ကြည့်နေဟန်ရှိလေသည်။

“ *လှသလောက် မာနကြီးပြီး အညှိုးကြီးတဲ့မိန်းမ* ”

–ဟု မေမေဒေါ်သူဇာတင်တင်က ပြောပြခဲ့သည်။

တကယ်တော့ ... ဤအိမ်ကြီးတွင်ဖြစ်ပျက်ခဲ့သောရင်နင့်ဘွယ်ဖြစ်ရပ်များ၏တရားခံမှာ ဒေါ်ပတ္တမြားနတ်မယ်ပင်မဟုတ်ပါလား။

ကျွန်တော်တို့က ပစ္စည်းများကို ဧည့်ခန်းမှာချထားလိုက်သည်။

“ ဖုံတွေ သဲတွေကတော့ ရစရာမရှိဘူးဆရာ၊ တော်တော်လှဲယူရမယ် ”

“ နေဦးမောင်ဇာနည် ၊ မလှဲနဲ့ဦး၊ ဆရာနေမယ့် နေရာတစ်ကွက်လောက်ပဲ လောလောဆယ်ရှင်းရအောင် ၊ မနက်မှ ရွာထဲကလူငှားပြီးရှင်းတော့မယ် ”

ကျွန်တော်က ညော့ခန်းဘေးရှိအခန်းတစ်ခုဆီ မီးထိုးရင်းလျှောက်သွားလိုက်သည်။ ကိုသာအိတို့သားအဖ ကျွန်တော့်နောက်လိုက်လာ၏။

အခန်းတခါးကိုတွန်းဖွင့်လိုက်သောအခါ စာကြည့်ခန်းဖြစ်ကြောင်းတွေ့ရသည်။

စာအုပ်အပြည့်နှင့်မှန်ဘီရိုတစ်လုံး၊ စာကြည့်စားပွဲ၊ ကုလားထိုင်တစ်လုံး၊ စားပွဲပေါ်တွင် မင်အိုးတစ်အိုးနှင့် ဖောင်တိန်နှစ်ချောင်းရှိ၍ ဖုံတွေတက်နေသည်။ ပိုင်းလော့ တံဆိပ်မင်အိုးသည် အလုံပိတ်ထားသော်လည်း မင်တစ်စက် မှရှိမနေပါ။ အနှစ်သုံးဆယ်အတွင်းခန်းချောက်သွားပေပြီ။

စာကြည့်ခန်းတွင်မှန်ပြတင်းပေါက်တွေ့ရ၍ ဂလန့်ကိုဖြုတ်ပြီး တွန်းဖွင့်လိုက်သည်။ ပြင်ပလေအေးအေးက တိုးဝင်လာ၏။ အပြင်မှလရောင်ကလည်း အခန်းတဝက်လောက်ထိထိုးကျလာသည်။

“ ဒီအခန်းမှာနေရင် ကောင်းမယ်ထင်တယ် ”

ကိုသာအိက ဖယောင်းတိုင်တစ်တိုင်ကိုအထုတ်ထဲမှ ဖွင့်ယူပြီး မီးထွန်းလိုက်သည်။ ပြီး … စာကြည့်စားပွဲပေါ်တွင် အစက်ချ၍ ထွန်းထားလိုက်သည်။

“ တခြားအခန်းတွေလိုက်ကြည့်ရအောင် ”

အောက်ထပ်တွင် ထမင်းစားခန်း၊အိပ်ခန်းနှင့် ဘာအသုံးပြုမှန်းမသိရသည့်အခန်းတစ်ခန်းအပြင် စတိုခန်းဟုယူဆရသော အခန်းတစ်ခုကိုတွေ့ရသည်။ ထိုအခန်းကိုသော့ခတ်ထားသည်။ ထိုအခန်းသော့က ကျွန်တော့်ဆီမှာမရှိပါ။ မေမေသည် ယာတောအိမ်ကြီးနှင့်ပတ်သက်၍ ကျွန်တော်ယူလာသော သော့နှစ်ချောင်းကိုသာ သိမ်းထားခဲ့ခြင်းဖြစ်ပါသည်။

ကျွန်းသားလှေကားကြီးမှာ ညည့်ခန်းဒေါင့်မှအပေါ်ထပ်အထိ အဆစ်အချိုးမရှိပဲ တည့်တည့်ကြီးထောင်တက်နေသည်။ အထစ်ပေါင်းတစ်ရာလောက်ပင်ရှိမည်ဖြစ်ပြီး … ရှေးအိမ်များထုံးစံအတိုင်း အောက်ထပ်နှင့်အပေါ်ထပ်ကြမ်းပြင်မှာ အတော်ဝေးကွာလှပေသည်။

အခန်းများအားလုံးကို လှည့်ကြည့်ပြီးသည့်အခါ ကျွန်တော့်ဆုံးဖြတ်ချက်ကို ကျွန်တော်က ပြောလိုက်သည်။

" အားတော့နာတယ်ဗျာ၊ စာကြည့်ခန်းမှာပဲ ကျွန်တော်နေချင်တယ်၊ အိပ်ခန်းထဲကကုတင်ကို စာကြည့်ခန်းထဲ ဝိုင်းရွှေ့ကြအောင်လား "

" ရပါတယ်ကိုမိုးနောင် ၊ အားမနာပါနဲ့ ၊ ရွှေ့တာပေါ့ "

စာကြည့်ခန်းမှာ ရှေ့မျက်နှာစာတွင်ရှိပြီး မှန်ပြတင်းလဲရှိကာ လေကောင်းလေသန့်ရနိုင်ပါ၍ ရွေးလိုက်ခြင်းဖြစ်သည်။

ကျွန်တော်တို့သည် အိမ်နေရာအနှံ့ဖယောင်းတိုင်များကိုလိုက်ထွန်းလိုက်၏။

မောင်ဇာနည်က ကုတင်ရွှေ့မည့်စာကြည့်ခန်းထဲကို တံပျက်စည်းလှဲပေးသည်။ ကျွန်တော်က အကြမ်းသုံးရန် ရည်ရွယ်ထားသည့် ပုဆိုးဟောင်းတစ်ထည်ဖြင့် စားပွဲခုံပေါ်မှဖုံများကိုသုတ်လိုက်သည်။ နံရံပေါ်မှ ပင့်ကူအိမ်နှင့်ဖုံများကိုလည်း လုံးထွေး၍ရိုက်ချလိုက်သည်။

" တော်လောက်ပါပြီမောင်ဇာနည်၊ ဖြည်းဖြည်းမှ အချောသန့်ရှင်းရေးလုပ်တာပေါ့ "

အိပ်ခန်းထဲမှကုတင်ကြီးကို သုံးယောက်မ၍ရွှေ့ကြ၏

တစ်ယောက်အိပ်ကုတင်လေးမို့ အခန်းတခါးပေါက်ထဲအလွယ်တကူဝင်သွားကာ ရွှေ့ရတာအဆင်ပြေသွား၏။

အိမ်ထဲ၌ စားပွဲကုလားထိုင်စသည့် ကျွန်းသားပရိဘောဂများ၊ ပန်းအိုး၊ရေနံဆီမီးအိမ်မှစ၍ ... ထမင်းစားခန်းထဲရှိ အိုးခွက်ပန်းကန်များ၊ ကြွေပန်းကန်ပြားများမှာသည်အတိုင်းရှိနေသည်။

ပစ္စည်းများအနှစ်၃၀လုံးအရာမယွင်းရှိနေတာ အံ့သြဘို့ကောင်းလှ၏။ လူမနေသောအိမ်ကြီးကိုဖွင့်ဖျက်မယူခြင်းမှာ ဤအိမ်မှာချောက်သည်ဆိုသည့် သရဲကိုကြောက်၍ဖြစ်လိမ့်မည်။

ကုတင်ကို ပြတင်းပေါက်နှင့်ကပ်၍ နေရာချလိုက်၏။

ကုတင်ကိုလှဲကျင်းသုတ်သင်ပြီး အိပ်ယာလိပ်ကိုဖြည်၍ မောင်ဇာနည်ကခြင်ထောင်ပါထောင်ပေးသွား၏။ ပလတ်စတစ်ကြိုးထုံးဝယ်ခဲ့သည်မှာ အဆင်ပြေသွားလေသည်။

" အားနာလိုက်တာဗျာ ၊ ကျေးဇူးအရမ်းတင်တယ်ကိုသာအိ၊ ကျွန်တော့်စိတ်ကူးအတိုင်း ဒီအိမ်ကိုတန်းလာခဲ့ရင် ကျွန်တော်တစ်ယောက်ထဲ တော်တော်ဒုက္ခရောက်မှာ ၊ ကိုသာအိတို့မိသားစုကို ကျေးဇူးတင်ပါတယ်ဗျာ "

ကျွန်တော်က လှိုက်လှိုက်လှဲလှဲပြောလိုက်သည်။

“ ဒါဆို ကျူပ်တို့ပြန်မယ် ”

နာရီကြည့်လိုက်တော့ ည၁၀နာရီခွဲပေပြီ။

“ အတော်ညဉ့်နက်ပြီပဲ ၊ ဟုတ်ကဲ့ ၊ ကျေးဇူးပဲ ကိုသာအိ ၊ မောင်ဇာနည်ရောပဲ ”

“ ကျွန်တော် မနက်ကျလာခဲ့မယ်ဆရာ ”

မောင်ဇာနည်ကပြောသည်။

“ ခင်ဗျား ဘုရားရှိခိုးအိပ်နော် ၊ ကိုမိုးနောင် ”

ကိုသာအိကမှာသည်။

ကျွန်တော် သူတို့ကို အိမ်ဝအထိလိုက်ပို့လိုက်၏။

“ နေခဲ့တော့ ၊ ဝင်းတခါး ကျွန်တော့်တို့စေ့ခဲ့မယ် ”

“ သွားပြီဆရာ ”

“ ဘုရားရှိခိုးအိပ်နော် ၊ ကိုမိုးနောင် ”

ဘုရာရှိခိုးဘို့ကို ကိုသာအိက နောက်တစ်ခါထပ်မှာပြန်သည်။

ခြံဝင်းထဲမှ သူတို့ထွက်သွားသည်နှင့် တခါးမကြီးကိုပိတ်လိုက်၏။

ထွန်းထားသောဖယောင်းတိုင်များကို တစ်တိုင်ချင်းလိုက်မှုတ်သည်။ ပြတင်းတခါးကိုပိတ်သည်။

ဝါးကနဲ တစ်ချက်သန်းလိုက်မိ၏။

ခုမှ အိပ်ချင်စိတ်တွေ တဖွားဖွားပေါ်လာသည်။

ကိုသာအိသတိပေးသွားသည်ကို သတိရကာ အမြန် ဘုရားရှိခိုးလိုက်၏။

ပြီး – ခြင်ထောင်ကိုချကာ မီးအိမ်မီးကိုမှိတ်လိုက်သည်။ မီးအိမ်ကို ခေါင်းအုံးဘေးတွင်ထားလိုက်၏။

တစ်အိမ်လုံး မှောင်အတိကျသွားပေပြီ။

မှန်ပြူတင်းမှဝင်လာသော လရောင်အလင်းသာ မှိန်ဖျော့ဖျော့လေးရှိတော့၏။

ကျွန်တော်သည် ခဏချင်းမှာပင် နှစ်ခြိုက်စွာ အိပ်မောကျသွားလေသည်။

❤ ❤ ❤

□

" မောင် "

ကျွန်တော့်မျက်နှာကို နူးညံ့စွာကိုင်တွယ်၍ နှိုးလိုက်သောကြောင့် ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်သည်။

" အငုံ "

အငုံက ကုတင်ဘေးတွင်ရပ်နေ၏။

" ဟင် ၊ အငုံ ၊ အငုံပြန်လာပြီလား "

မြတ်လေးငုံက ခြင်ထောင်စကိုပင့်တင်ကာ ခြင်ထောင်ထဲသို့ ကိုယ်တစ်ပိုင်းဝင်လိုက်သည်။ ကုတင်စွန်းတွင် တင်ပလွဲဝင်ထိုင်လိုက်သည်။

" အငုံပြန်လာတာမဟုတ်ပါဘူးမောင်၊ အငုံ မောင့်ကို လာခေါ်တာပါ "

ကျွန်တော် သက်ပြင်းချလိုက်သည်။

" မောင်မလိုက်နိုင်ဘူးအငုံ ၊ မောင် မြန်မာပြည်နဲ့မခွဲနိုင်ဘူး၊ အငုံသာပြန်လာခဲ့ပါ၊ မောင့်ရင်ခွင်ထဲကို ပြန်လာခဲ့ပါတော့အငုံရယ် "

မြတ်လေးငုံ မျက်နှာညှိုးသွားသည်။

" မောင်ဟာတော်တော်ပြောရခက်ပါလား၊ မောင် အခုထိခေါင်းမာတုန်းပဲနော် "

အငုံက ကုတင်ပေါ်ထိုင်နေရာမှ ဆတ်ကနဲထလိုက်သည်။

ကျွန်တော်လည်း အိပ်ရာမှ လန့်နိုးသွား၏။

အိပ်မက်ဆိုတာသိရတော့ ရင်ထဲမှာ ဟာကျန်ရစ်သည်။

အိပ်မက်မှ လန့်အနိုးတွင် အိပ်ရေးဝသွား၍ထင့်။ ကြည်ကြည်လင်လင်ဖြစ်နေ၏။

အိပ်ယာပေါ်မှ မထဖြစ်သေးပဲ အညောင်းဆန့်ရင်းမှ ကျွန်တော့်အကြည့်များသည် ကုတင်ဘေးဖက်ဆီရောက်သွားသည်။ ကုတင်ဘေးရှိ စာကြည့်စားပွဲရှေ့တွင် ရပ်နေသော ဖြူဖြူအရိပ်တစ်ခုကို မြင်လိုက်ရသည်။

တခဏတော့ … အိပ်မက်နှင့်ရောထွေးကာ ဇဝေဇဝါဖြစ်နေသေး၏။

ကျွန်တော် အသေအချာစူးစိုက်ကြည့်လိုက်သည့်အခါ မိန်းမတစ်ယောက်မတ်တပ်ရပ်၍ ကျွန်တော့်အိပ်ယာသို့ငုံ့ကြည့်နေသည့်ဟန်ကို အထင်အရှားမြင်ရလေသည်။

ကျွန်တော်သည် အိပ်ယာပေါ်မှအလျှင်အမြန်ထ၍ ခြင်ထောင်စကို မ,တင်လိုက်သည်။

မိန်းမအရိပ်ဖြူဖြူသဏ္ဍာန်သည် ဖျတ်ကနဲ စာအုပ်စင်ရှိရာဖက်သို့ပြေးဝင်ကာ ပျောက်ကွယ်သွားလေသည်။

ကျွန်တော်က ကုတင်ပေါ်မှဆင်း၍ ကြည့်လိုက်သည်၊

မိန်းမသင်္ချာန်ကို အစအနမှ မတွေ့ရတော့ပါ။

မိန်းမသင်္ချာန်သည် အခန်းအပြင်သို့ ထွက်သွားခြင်းမဟုတ်ပါ၊ အခန်းဒေါင့်ရှိ စာအုပ်စင်ကြီးရှိရာသို့ ရွေ့သွားကာ ဝေဝါးပျောက်ကွယ်သွားခြင်းဖြစ်ပါသည်၊

ကျွန်တော်က စာအုပ်စင်ကြီးရှိရာသို့လျှောက်သွားကာ စေ့စေ့ငုငုကြည့်လိုက်လေသည်။ စာအုပ်စင်ကားမည်သည့်သတ္တဝါမှ ခိုအောင်းမနေနိုင်သည့် တခါးချပ်မပါသော ဟင်းလင်းဖွင့်စာအုပ်စင်သာဖြစ်ပါသည်။

စင်ပေါ်တွင် ချကိုက်ထား၍ ပျက်စီးနေသော စာအုပ်အချို့သာ တွေ့ရသည်၊ ကြွေပန်းအိုးဟောင်းတစ်လုံးကိုလည်းတွေ့ရသည်၊

ကျွန်တော် အသေအချာတွေ့လိုက်ရသော မိန်းမအရိုပ်သင်္ချာန်မှာ မည်သူနည်း။

ယခုမှ အိမ်အတွင်းပိုင်းသို့ နေ့အလင်းရောင်များဝင်ရောက်နေတာ သတိထားမိသည်။

ကျွန်တော်သည် အိပ်ယာရှိရာသို့ပြန်သွားပြီး ခေါင်းအုံးဘေးမှလက်ပတ်နာရီကိုယူကြည့်လိုက်ရာ မနက်၆နာရီရှိပေပြီ။

ခြင်ထောင်ကိုဖြုတ်၍ ခေါက်သိမ်းလိုက်သည်။

ဘေးမှန်ပြတင်းကိုဖွင့်လိုက်သည်။ မနက်အလင်းရောင်စူးစူးများ အခန်းထဲဝင်လာ၏။ ချောက်ချားနေသောစိတ်သည်လည်း နည်းနည်းတည်ငြိမ်သွားသည်။

မြင်လိုက်ရသော အမျိုးသမီး သဏ္ဍာန်အတွက်မူစိတ်ထဲမှာ မတင်မကျနှင့်ဇဝေဇဝါဖြစ်နေဆဲ။ အများပြောသလို သရဲတစ္ဆေဆိုတာတော့ ကျွန်တော်လက်မခံနိုင်၊ မယုံကြည်ပေ။ စာအုပ်စင်နောက်မှာ လျှို့ဝှက်တခါးတစ်ခုခုရှိနေမလား၊ အေးအေးဆေးဆေး လေ့လာစုံစမ်းရပေမည်။

မျက်နှာသစ်၊ သွားတိုက်ရန်သတိရတော့ လောလောဆယ် ရေသန့်ဗူးထဲကရေကိုပဲ သုံးဖို့ရှိပေသည်။

ခရီးဆောင်အိတ်၏ ဘေးအိတ်ထဲမှ အသုံးအဆောင်ပစ္စည်းအသေးများကိုဆွဲထုတ်လိုက်သည်။ သွားတိုက်ဆေးဗူး၊ဆပ်ပြာခွက်၊သွားပွတ်တံများကိုထုတ်ယူရင်းလက်က ဓာတ်ပုံဘောင်ကို စမ်းမိသွား၏။

စားပွဲတင် ဓာတ်ပုံမှန်ဘောင်လေးကို ဆွဲထုတ်ကာစားပွဲပေါ် တင်ထားလိုက်သည်။ ဓာတ်ပုံထဲမှမြတ်လေးငုံကအိပ်မက်ထဲမှအတိုင်း ကျွန်တော့်ကိုပြုံးပြနေပါ၏။

ဩော် ... အငုံ ၊ မြတ်လေးငုံ ။

ပြတင်းပေါက်မှ ကိုယ်ကိုကိုင်း၍ မျက်နှာသစ်၊သွား တိုက်ကိစ္စဆောင်ရွက်လိုက်သည်။ ရေသန့်ဗူးနှစ်ဗူးမှာပြောင် တလင်းခါသွားလေ၏။

" ဆရာ "

ခေါ်သံကြား၍ မော်ကြည့်လိုက်တော့ မောင် ဇာနည်။

" ဆရာ နိုးနေပြီကိုး "

" လာလေမောင်ဇာနည် ၊ ဆရာတခါးဖွင့်လိုက် မယ် "

မျက်နှာကိုပုဝါဖြင့်သုတ်ရင်း ... တခါးမကြီးဆီသို့ သွားကာ မောင်ဇာနည့်ကို တခါးဖွင့်ပေးလိုက်သည်။

" ဆရာ၊ အိပ်ရတာအဆင်ပြေရဲ့လား "

မောင်ဇာနည်က အိမ်ထဲလှမ်းဝင်လာရင်းမေးသည်။

" ပြေပါတယ်ကွာ ၊ တရေးထဲပဲ "

တကယ်ကို အိပ်ရေးဝဝ၊နှစ်နှစ်ခြိုက်ခြိုက်အိပ်ခဲ့ရ သည်။ မနက်လင်းမှတွေ့ရတဲ့ မိန်းမအရိပ်ဖြူဖြူအကြောင်း တော့ မောင်ဇာနည့်ကို ပြောမပြတော့ပါ။

မောင်ဇာနည်က ကျွန်တော်အိပ်သည့်အခန်းထဲထိ ဝင်လာရင်းမှ စားပွဲပေါ်တင်ထားသော မြတ်လေးငုံဓာတ်ပုံ ကိုမြင်သွားသည်။

" ဒါ ဘယ်သူ့ပုံလဲ ဆရာ "

" ဆရာ့အမျိုးသမီးပုံပါ ၊ ဒေါက်တာ မြတ်လေးငုံ တဲ့ "

" ဩော် ... ဆရာဝန်ကိုး၊ ဆရာ့မိန်းမက တော် တော်ချောတာပဲ၊ ဆရာ့မှာ ကလေးရောရှိသလားဟင် "

" မရှိသေးပါဘူး မောင်ဇာနည်၊ ဆရာတို့အိမ် ထောင်ကျတာလေးနှစ်ရှိပြီ၊ ကလေးမယူဖြစ်သေးဘူး "

" ဆရာ့မိန်းမပါ အလည်ခေါ်ခဲ့ရောပေါ့ဆရာ ရယ် "

" သူက ဒီမှာမရှိဘူးကွ ၊ နိုင်ငံခြားမှာ "

" ဩော်... ပညာတော်သင်သွားနေတာပေါ့နော် "

" မဟုတ်ပါဘူးကွာ၊ အလုပ်သွားလုပ်တာပါ "

မောင်ဇာနည်စပ်စုသမျှဖြေကြားရင်း မပြေလည် သည့် ကျွန်တော်တို့အိမ်ထောင်ရေးအကြောင်း တွေးမိကာ သက်ပြင်းရှိုက်လိုက်မိသည်။

" ဆရာတို့ အိမ်ကြီးအပေါ်ထပ်တက်ကြည့်ရ အောင် မောင်ဇာနည် "

" ဟုတ်ကဲ့ဆရာ "

အပေါ်ထပ်တက်ရန်ပြင်ကြ၏။

" မနက်ဆိုပေမယ့် တခါးတွေပိတ်ထားတော့ အပေါ်ထပ်မှာ မှောင်နေမှာဆရာ၊ မီးအိမ်ယူခဲ့ဦးမှ "

" ယူခဲ့လေ "

မောင်ဇာနည်က မီးအိမ်ကိုင်ရင်း ကျွန်တော့်နောက်မှလိုက်လာ၏။ လှေကားပေါ်သို့ ကျွန်တော်ကပဲ ဦးဆောင်တက်ခဲ့သည်။ လှေကားကြီးမှာ ကျွန်းသားခြေနင်းများဖြစ်ပြီး ခိုင်မာစွာရှိနေဆဲဖြစ်ပါသည်။ ကျွန်တော်တို့ဖိနပ်ရာများသည် လှေကားခြေနင်းမှဖုံထုတဲတွင် အရာထင်၍ကျန်ရစ်၏

အပေါ်ထပ်ရှိအခန်းများအားလုံးကို ကျွန်တော်တို့ဖွင့်ကြည့်သည်။ ဘာတစ်ခုမှ မသင်္ကာစရာမတွေ့။ လူမနေတာကြာ၍ ထူပိန်းစွာရှိနေသော ပင့်ကူမျှင်များ၊ လင်းဆွဲများသာတွေ့ရသည်။ လင်းဆွဲများသည် လူနှင့်မီးအလင်းရောင်ကြောင့် အမိုးနှင့်ထုတ်တန်းကြားအပေါက်များမှ ပျံပြေးသွားကြသည်။

အခန်းထဲတွင် စားပွဲ၊ကုလားထိုင်၊ကုတင်၊မှန်တင်ခုံစသည့်ပရိဘောဂအားလုံးမှာ သူ့နေရာနှင့်သူ နေရာမရွေ့ရှိနေကာ ဖုံများထုတက်နေ၏။

ဘုရားခန်းထဲ၌ တစ်တောင်ခန့်မြင့်သော ဘုရားဆင်းတုတော်သည်လည်း ပင့်ကူမျှင်များယှက်သိုင်းကာ စံနေတော်မူရှာ၏။

ကျွန်တော်တို့သည်ရှိသမျှပြတင်းပေါက်များကို ဖွင့်ပစ်လိုက်ကြ၏။ အခန်းအားလုံးမှ ပြတင်းပေါက်များကိုဖွင့်ပြီး … လေကြောင့်ပြန်မပိတ်စေရန် သံချိတ်များဖြင့်ချိတ်ထားလိုက်ကြသည်။

" အိမ်ရော ခြံရော သန့်ရှင်းရေးလုပ်ဖို့ အလုပ်သမားငှားချင်တယ်၊ လွယ်မလားမောင်ဇာနည် "

" ရပါတယ်ဆရာ၊ ရွာထဲမှာကျပန်းလုပ်တဲ့လူတွေ အများကြီးရှိပါတယ် "

လသာဆောင်ဘက်သို့ ကျွန်တော်တို့ ထွက်ခဲ့ကြသည်။

လသာဆောင်ပေါ်မှစီးကြည့်သည့်အခါ ပတ်ဝန်းကျင်တစ်ခုလုံးကိုအပေါ်စီးမှထင်ရှားလှပစွာ တွေ့မြင်ရလေ၏။

အိမ်ရှေ့တည့်တည့်တွင် လယ်ကွင်းများ ၊ ရိုးပြတ်တောများကိုတွေ့ရပြီး ကွင်းပြင်ကြီးသည် ခပ်လှမ်းလှမ်းမှာမြင်နေရသော ဧရာဝတီမြစ်ကြီးဆီတွင် အဆုံးသတ်သွား၏။

မြစ်ထဲမှာသွားနေသော လှေသမ္ဗာန်များကို သေးငယ်စွာမြင်တွေ့ရသည်။

ကျွန်တော့်အကြည့်ကို အိမ်ခြံဝင်းထဲသို့ရွှေ့လိုက်သည်။

ခြေရင်းဖက်ဖြစ်သော အိမ်၏မြောက်ဖက်တွင် မြင်း ဇောင်းတစ်ခုတွေ့ရ၏။ မြင်းဇောင်း၏သက်ကယ်မိုးများမှာ ပြိုပျက်နေပေပြီ။ မြင်းဇောင်းဘေးမှာတော့ ရေတွင်းတစ် တွင်း။

“ အိမ်မှာရေတွင်းရှိတာပဲ ၊ ဆရာတို့ ခြံထဲဆင်း ကြည့်ကြစို့မောင်ဇာနည် ”

ရေတွင်းမှာ လောလောဆယ် သုံးလို့မရနိုင်တာ တွေ့ရသည်။ မြင်းဇောင်းမှသက်ကယ်အမိုးစများရေတွင်းထဲ ကျနေတာတွေ့ရ၏။ လေပြင်းအတိုက်တွင်လွင့်ကျနေဟန်ရှိ သည်။ အခြားအမှိုက်သရိုက်များလည်းရှိနေပြီး ရေမှာ မသန့်ရှင်းတော့ပေ။

“ ရေတွင်းက ပြန်ဆယ်ရမယ်ဆရာ၊ ဆယ်ပြီး ငါး ရက်တစ်ပတ်လောက်နေပြီး ရေကြည်မှ သုံးလို့ရမှာ ”

မြင်းဇောင်းမှာ ပြိုပျက်နေသော်လည်း မြင်းဇောင်း တစ်ချမ်းကို အင်္ဂတေကိုင်ထားတာတွေ့ရသည်။ ကြည့်ရ သည်မှာ မြင်းဇောင်းကိုအုတ်ဖြင့် အကျအနဆောက်လုပ်ရန် စီမံနေဆဲ မပြီးပြတ်ခဲ့ခြင်းဖြစ်ဟန်တူသည်။ မြင်းဇောင်း ဘေးတွင်အုတ်ပုံတစ်ခုတွေ့ရပြီး ... အုတ်ပုံမှာ ယခုတော့ မြေကြီးများတစ်ဝက်ဖုံးပြီး ခြုံနွယ်မျာလည်းတက်လျှက်ရှိ၏။

သခင်ကြီးဦးစိုးအုပ်သည် မြင်းဇောင်းကိုအုတ်တိုက်အဖြစ် သားနားစွာဆောက်လုပ်နေဆဲမှာ … အမှုအခင်းကြောင့် မြင်းဇောင်းအပြီးမသတ်နိုင်ခဲ့ခြင်းဖြစ်ပေမည်။

" ဆရာ့ကို လက်ဖက်ရည်သောက်ဖို့ လာခေါ်တာဆရာ "

ကျွန်တော်ကလက်ပတ်နာရီကိုကြည့်လိုက်သည်။

မနက် ရနာရီ။

" သွားတာပေါ့မောင်ဇာနည် "

" ရေတွင်းဆယ်ဖို့ရယ်၊ အိမ်အပေါ်အောက်ရှင်းဖို့ရယ်၊ ပြီးတော့ ဆရာ့အတွက် အိမ်သာတွင်းလဲ အသစ်တူးဖို့လိုမယ် "

" အေး – ဟုတ်သားပဲမောင်ဇာနည် "

လူတစ်ယောက်ထဲအတွက်ပေမယ့် လိုအပ်ချက်တွေမနည်းပါလား။ မောင်ဇာနည်ပြောလိုက်မှ အိမ်သာတက်ချင်သလိုတောင်ဖြစ်လာ၏။ နဂိုရှိသည့်အိမ်သာမှာ လုံးဝပြိုပျက်နေပါပြီ။

" အလုပ်သမား ရယောက်၊ ၈ယောက်လောက်ခေါ်လာမှဖြစ်မှာပဲ ၊ ဆရာလက်ဖက်ရည်ဆိုင်ထိုင်နေတုန်းကျွန်တော်လူထွက်ရှာလိုက်မယ်၊ သွားကြစို့ဆရာ "

❤ ❤ ❤

□

လက်ဖက်ရည်သောက်ပြီး၍ ရွာဖက်မှပြန်လာသော အခါ ကျွန်တော်နှင့်မောင်ဇာနည့်နောက်၌ ... ပေါက်တူး ၊ ပေါက်ပြား ၊ ဂေါ်ပြား ၊ တူရွင်း ၊ တူ ၊ လွှ ၊ တံပျက် စည်းများကို ကိုင်လျှက် ၊ ထမ်းလျှက်နှင့် လူဖဲယောက် တန်းစီပါလာလေသည်။

လက်ဖက်ရည်ဆိုင်မှအပြန် သူ့အိမ်မှာ ကျွန်တော့် ကိုထားခဲ့ပြီး ရွာထဲလှည့်၍ရှာလာသော အလုပ်သမားများ ဖြစ်၏။

နေ့စဉ်ထမင်းစားဖို့ကိစ္စကိုပါ မသက်တင်နှင့်တိုင် ပင်ပြီး စီစဉ်ခဲ့ရ၏။

" ရွာမှာ ထမင်းဆိုင်းသတ်သတ်မရှိဘူးဆရာ၊ ကြို မှာထားရင်တော့ လက်ဖက်ရည်ဆိုင်ကချက်ပေးတယ်၊ မြို့ ကဝန်ထမ်းတွေ၊ ဧည့်သည်တွေလာရင် သူတို့ဆိုင်မှာပဲစားကြ တာ၊ဆရာထမင်းလခပေးစားမယ်ဆိုလဲ သူတို့လက်ခံမှာပါ"

" မသက်တင်ကရော ၊ ကျွန်တော့်ကိုချက်မကျွေး နိုင်ဘူးလား "

" ရတာပေါ့ဆရာရဲ့၊ ကျွန်မက အလုပ်မရှိပဲ အား နေတာကို၊ ဆရာ ကျွန်မတို့အိမ်မှာ စားချင်စိတ်ရှိ–မရှိ မသိလို့ ကျွန်မက မပြောတာ "

" စားချင်တာပေါ့ဗျာ ၊ မသက်တင်လက်ရာက တကယ်ကောင်းတာပဲ "

လိုအပ်သောစျေးဘိုးကြိုထုတ်ပေးခဲ့ကာ မောင်ဇာ နည်တို့အိမ်မှာပဲ ထမင်းစားဖို့ စီစဉ်ခဲ့သည်။

" ဖိုးဇာနည်ရေ ၊ ငါတို့ဘာက စ,လုပ်ရမှာလဲ ဟေ့ "

အိမ်ရောက်တော့ အလုပ်သမားများက မေးသည်။ သည်နေရာမှာတော့ မောင်ဇာနည်ပဲ ဆရာကြီးဖြစ်ကာ စီမံ ခန့်ခွဲလေ၏။

“ အရေးကြီးတာက ရေချိုးဖို့နဲ့ အိမ်သာတက်ဖို့ပဲ၊ အဲဒီတော့ ရေတွင်းဆယ်တာနဲ့အိမ်သာဆောက်တာကို ခင်ဗျားတို့သင့်သလိုခွဲလုပ်ကြပေတော့ ”

လေးယောက်က ရေတွင်းဆယ်၍ နှစ်ယောက်က အိမ်သာအဟောင်းဘေးတွင် အိမ်သာကျင်းအသစ် စ,တူးလေသည်။

သူတို့အလုပ်တွေကို မောင်ဇာနည် ကြီးကြပ်ပေးနေစဉ် ကျွန်တော်အိမ်ထဲဝင်ခဲ့သည်။

ကျွန်တော့်စိတ်ထဲမှာ မနက်စောစောက မြင်လိုက်ရသော မိန်းမသဏ္ဌာန်အတွက် မတင်မကျဖြစ်နေသည်။ ထိုမိန်းမကို ကျွန်တော်အမှန်တကယ်မြင်လိုက်ရခြင်းလို့ပဲ ယုံကြည်နေမိသည်။

ကျွန်တော်သည် အောက်ထပ်ရှိပြတင်းပေါက်များကို လျှောက်ဖွင့်ပစ်လိုက်သည်။

ကျွန်တော် မကြည့်မမြင်ရသေးသည့် အခန်းမှာ သော့ခတ်ထားသည့် စတိုခန်းလိုလိုအခန်းဖြစ်သည်။ အထဲမှာဘာတွေရှိမလဲ။ သိချင်လာသည်။ မိန်းမအရိပ်နဲ့ ထိုအခန်းဆက်စပ်မှုရှိလေမလား။

ကျွန်တော်သည် သော့ခပ်ထားသောအခန်းရှေ့တွင် ရပ်ရင်း အထဲကိုချောင်းကြည့်ဖို့ကြိုးစားကြည့်၏။ သော့

ခတ်ထားသောတခါးရွက်နှစ်ချပ်ကို ဟ,ကြည့်သည်။ တခါးရွက်မှာအံကိုက်စေ့ပိတ်နေသည်မို့ အထဲကိုမြင်ရဖို့မဖြစ်နိုင်ချေ။

တခါးရွက်ဘေးကို နားဖြင့်ကပ်၍ထောင်ကြည့်သည် မျက်လုံးကိုမှိတ်၍ အတန်ကြာ နားထောင်ကြည့်သည့်အခါ အထဲမှ တစ်စုံတစ်ခုကိုကုပ်ခြစ်နေသည့်အသံလိုလို ကြားရသည်ထင်မိ၏။

ခဏကြာသည်အထိ ဘာမှမထူးခြားသဖြင့် အိပ်သည့်အခန်းထဲကို ပြန်ဝင်ခဲ့သည်။

အခန်းထဲမှ စာအုပ်ဘီရိုထဲရှိ စာအုပ်အချို့ကို စပ်စုကြည့်နေမိသည်။ စာအုပ်များမှာ လွန်ခဲ့သည့်နှစ်၃–၄၀က ထွက်ခဲ့သည့် ရှုမဝမဂ္ဂဇင်းနှင့် သွေးသောက်မဂ္ဂဇင်းများဖြစ်သည်။ အကောင်းအတိုင်းတော့ မဟုတ်တော့ချေ။ ပိုးဟပ်များကိုက်ဖြတ်ထားသည့်အတွက် အနားစများ မွစာကျဲကာ… အချို့စာအုပ်များမှာ ကိုင်လိုက်ရုံနှင့်စာရွက်များပဲ့ကုန်သည်။

စာအုပ်များကို ဟိုလှန်ဒီလှန် လှန်ရင်းမှ ဘီရိုနံရံတွင် သံသေးသေးလေးနှင့်ရိုက်၍ ချိတ်ထားသောသော့တွဲ တစ်တွဲကို တွေ့လိုက်ရလေသည်။

ကျွန်တော်က သော့တွဲကိုလှမ်းဖြုတ်၍ကြည့်လိုက်ရာ သော့ချောင်းလေးချောင်းပါသော သော့တွဲတစ်ခုဖြစ်နေ၏။

သည်အိမ်တွင် သော့ခလောက်၃ခုသာရှိပေသည်။ ဝင်းတခါးသော့နှင့်အိမ်တခါးသော့က ကျွန်တော်နှင့်အတူရန်ကုန်က ပါလာ၍ အသုံးပြုခဲ့ပြီးပြီ။ သော့ပိတ်ထားသောအခန်းတစ်ခန်းသာရှိ၍ ... ဤသော့လေးချောင်းထဲ၌ ထိုအခန်းသော့ ပါလေမည်လား။

" ဘာလုပ်နေလဲ ဆရာ "

ထိုအချိန်၌ မောင်ဇာနည်အခန်းထဲဝင်လာ၏။

" ဒီမှာ သော့တွဲတစ်တွဲတွေ့တယ် မောင်ဇာနည် ၊ စတိုခန်းသော့များ ပါမလားမသိဘူး "

" ဖွင့်ကြည့်ရအောင်လေဆရာ "

မောင်ဇာနည်ကသော့တွဲကိုဆွဲယူကာ စတိုခန်းဘက်ထွက်သွားသည့်အတွက် ကျွန်တော်နောက်မှလိုက်သွား၏။

မောင်ဇာနည်က သော့ခလောက်ထဲသို့ သော့ချောင်းများတစ်ချောင်းပြီးတစ်ချောင်းထိုးထည့်ကာ လှည့်ဖွင့်ကြည့်နေသည်။ သုံးချောင်းမြောက်သော့ချောင်းတွင် သော့ခလောက်ပွင့်သွားလေ၏။

" ဖွင့်လိုက်မယ်နော် ဆရာ "

" အေး – ဖွင့်လေ "

တခါးမှာ အပြင်သို့ဆွဲဖွင့်ရသော ထခါးရွက်နှစ်ချပ်ပါသည့် တခါးမျိုးဖြစ်၏။

မောင်ဇာနည်က သော့ခလောက်ကိုဖြုတ်ကာတခါးနှစ်ချပ်ကို ဆွဲဖွင့်လိုက်သည်။

ကျွန်တော်တို့နှစ်ယောက်စလုံးအကြည့်က အခန်းထဲပြိုင်တူရောက်သွား၏။

" ဟင် "

" ဟာ "

အာမေဋိတ်သံကလည်း ပြိုင်တူထွက်ပေါ်လာလေသည်။

အခန်းထဲတွင်မတ်တပ်ရပ်နေသော လူရိပ်ဖြူဖြူကိုဝိုးတဝါးတွေ့လိုက်ရသည်။

အပြင်လေသည် အခန်းထဲသို့ ဝေ့၍တိုက်လိုက်၏။

အခန်းထဲမှလူရိပ်တစ်ခုသည် မောင်ဇာနည်ရပ်နေသည့်အခန်းဝတည့်တည့်သို့ လျင်မြန်စွာပြေးထွက်လာ၏။

" ဟာ – ဆရာ ၊ လုပ်ပါဦး ၊ လုပ်ပါဦး "

မောင်ဇာနည်က စူးစူးဝါးဝါးလန့်ဖျတ်အော်လိုက်သည်။

ဖြူဖြူအကောင်သည် မောင်ဇာနည့်ကိုယ်ပေါ်သို့ အုပ်မိုးလိုက်၏။

မောင်ဇာနည့်အော်သံကြောင့် အိမ်ပြင်မှအလုပ်သမားများ အူယားဖားယားပြေးဝင်လာကြလေသည်။

ကျွန်တော်က မောင်ဇာနည့်ကိုယ်ကို ပွေ့ဖက်ထားလိုက်ရင်း ...

" မောင်ဇာနည် ၊ ဘာမှမဟုတ်ဘူးကွ၊ လဲမှို့တွေ၊ လဲမှို့တွေလွင့်လာတာ "

" ဘာဖြစ်ကြတာလဲ ၊ ဘာဖြစ်တာလဲ "

အလုပ်သမားများက အဖြစ်အပျက်ကိုနားမလည်နိုင်ပဲ တစ်ယောက်တစ်ပေါက်မေးမြန်းနေကြသည်။

မောင်ဇာနည့်ကိုယ်ပေါ်မှာတော့ ဂွမ်းများ၊လဲမှို့များ ကပ်ငြိနေသည်ကိုမြင်ကြရလေသည်။

ဖြစ်ပုံမှာ ... စတိုခန်းထဲ၌ မွေ့ယာကြီးနှစ်ခုကိုလိပ်၍ ထောင်ထားခြင်းဖြစ်၏။ ထောင်ထားသောမွေ့ယာလိပ်ကြီးနှစ်လိပ်ကို ဝိုးတဝါးအလင်းရောင်ထဲတွင် လူနှစ်ယောက်ရပ်နေသည်ဟုထင်ခဲ့ကြခြင်းဖြစ်သည်။

မွေ့ယာလိပ်ကြီးနှစ်လိပ်မှာ ကြွက်များကိုက်ဖောက်ထားသောကြောင့် လဲမှို့များထွက်နေသည်။ လဲမှို့ဖြူဖြူများသည်မွေ့ယာဘေးတွင်ကပ်ငြိနေရာ လူရိပ်ဖြူဖြူကြီးနှစ်

ခုဟု ထင်ရခြင်းဖြစ်၏။ အပြင်မှလေက အခန်းထဲသို့ဝေ့ အတိုက်တွင် လဲမှို့များက အပြင်လေနှင့်အတူလွင့်ပါလာရာ အခန်းထဲမှဖြူဖြူအကောင်ကြီး သူ့ဆီပြေးလာသည် ထင်၍ မောင်ဇာနည်လန့်အော်လိုက်ခြင်းဖြစ်ပါသည်။

" ဖူး ... လန့်သွားတာပဲဗျာ "

မောင်ဇာနည်က ကိုယ်ပေါ်မှလဲမှို့များကိုခါထုတ်ရင်းအသံတုန်တုန်နှင့်ပြောသည်။

" မင်းက လုပ်လိုက်မှဖြင့် အလန့်တကြားပဲ "

" သတ္တိခဲကြီး ဇာနည်ဗန္ဓုလကွ၊ ဟား ... ဟား"

အလုပ်သမားများက ရယ်မောလှောင်ပြောင်ကာ အပြင်ပြန်ထွက်သွားကြသည်။

" ကျွန်တော်က ဒီအိမ်မှာသရဲချောက်တယ်ဆိုတော့ အလိုလိုနေရင်းလန့်နေမိလို့ပါဆရာ "

ကျွန်တော့်ကိုရယ်ကျဲကျဲနှင့်ကြည့်ရင်း မောင်ဇာနည်က အရှက်ပြေပြော၏။

အခန်းထဲတွင် မွေ့ယာနှစ်လိပ်အပြင် ခေါင်းအုံးများ၊ စောင်များပါတွေ့ရသည်။ တစ်ခုမှ ရစရာမရှိတော့ပါ။ အားလုံးကိုကြွက်များကိုက်ဖြတ်ထား၍မွစာကြဲနေ၏။ ကျွန်တော်တခါးရွက်ကိုကပ်၍နားထောင်စဉ်က ကြားရသောအသံမှာ ကြွက်ကိုက်သံဖြစ်သည်။

မေမေသည် အိပ်ယာအခန်းအနားအားလုံးကို ဒီအတိုင်းထည့်၍သော့ခတ်ခဲ့ခြင်းဖြစ်ပါမည်။

စတိုခန်းပြတင်းပေါက်ကို ဖွင့်လိုက်သည့်အခါ ... အလင်းရောင်ဝင်လာပြီး လဲမှို့များ အိမ်ပြင်သို့လွင့်ပါသွားလေ၏။

နှစ်များစွာ အသိုက်ဖွဲ့နေသောကြွက်များလည်း ဟိုဟိုဒီဒီပြေးလွှားကာ ရုန်းရင်းဆန်ခတ်ဖြစ်သွားကြလေသည်။

❤ ❤ ❤

□

ညနေပိုင်းတွင် ... အလုပ်သမားများ အိမ်ထဲသို့ ရွှေ့၍သန့်ရှင်းရေးလုပ်ရာ၌လည်း ထိတ်လန့်ဖွယ်ထူးခြားမှုတစ်ခုကိုတွေ့ရပါသေး၏။

အလုပ်သမားများသည် နေ့လည်ပိုင်းတွင် ရွာထဲသို့ ပြန်၍ထမင်းစား နားရုံမှအပ လုပ်စရာရှိသည့်အလုပ်များကို အားကြိုးမာန်တက်လုပ်လိုက်ကြရာ နေ့လည်ခင်း၃နာရီလောက်တွင် ရေတွင်းလည်းဆယ်ပြီးဖြစ်သွားသည်။ ထမင်းစားပြန်ရင်း ရွာထဲမှဝယ်လာခဲ့သည့် သစ်သားများ၊ဝါးကပ်

ထရံများ၊သက်ကယ်များဖြင့် ဝိုင်းဝန်းဆောက်လုပ်လိုက်ရာ အိမ်သာလည်းပြီးစီးသွားလေသည်။

ခဏ အမောအပန်းဖြေကြပြီး အိမ်တွင်းပိုင်းသို့ သန့်ရှင်းရေးလုပ်ရန် ဝင်လာကြသည်။

သူတို့သည် နံရံပေါ်မှ ဦးစိုးအုပ်၏ဓာတ်ပုံနှင့် ကျွန်တော့်ရုပ်ရည်တူညီမှုကို ကြည့်ပြီး တအံ့တဩပြောဆိုနေကြသေး၏။

“ သွေးရင်းကြီးကိုကွ၊ တူမှာပေါ့ ”

အသက်၅၀လောက်ရှိသည့် ဦးစံမြင့်ဆိုသည့် ရွာသားကြီးကပြောလိုက်သည်။ သူသည် အားလုံးထဲတွင် အသက်အကြီးဆုံးဖြစ်ပြီး သခင်ကြီးဦးစိုးအုပ်ကို သိမှီလိုက်သူဖြစ်သည်။ ဦးစိုးအုပ်ကို ကောင်းကောင်းမြင်ဘူးကြောင်းလဲ ပြောပြ၏။

သူတို့သည် အောက်ထပ်ကို စ,၍ရှင်းလင်းရန် ပြင်ဆင်ကြ၏။

မျက်နှာကျက်နှင့်နံရံများမှ ပင့်ကူမျှင်များ၊ဖုံစများကို အရင်ရှင်းကြသည်။ ဝါးလုံးများထိပ်တွင် အဝတ်စုတ်များတွဲချည်၍ အမြင့်မှအမှိုက်သရိုက်များကိုဖယ်ထုတ်ကြ၏။ စတိုခန်းထဲမှရသော ကြွက်ကိုက်ထားသည့်စောင်စများမှာ သည်နေရာ၌ အသုံးဝင်သွားလေသည်။

နံ့ရံများရှင်းပြီးသော် ကြမ်းပြင်ကိုရေဖျန်း၍ စောင်စုပ်များနှင့်တိုက်ချွတ်ကြပြန်၏။

ထိုအချိန်မှာပဲ ... ထမင်းစားခန်းထဲမှ လှမ်းအော်လိုက်သော ဦးစံမြင့်၏အသံကို အလန့်တကြား ကြားလိုက်ရခြင်းဖြစ်ပါသည်။

“ ဒီမှာ သွေးကွက်ကြီး ဟေ့ ၊ သွေးကွက်ကြီး ၊ လာကြည့်ကြ ”

ကျွန်တော်လည်း အလုပ်သမားများနှင့်အတူ ထမင်းစားခန်းထဲ ပြေးဝင်သွားလိုက်သည်။

ဦးစံမြင့်က ထမင်းစားခန်းနဘေးမှကြမ်းပြင်ကို လက်ညှိုးထိုးပြလျှက်ပြောနေသည်။

“ ဟောဒီမှာတွေ့လား၊ သွေးကွက်ကြီး၊ အဲဒါ ပတ္တမြားနတ်မယ်ရဲ့သွေးတွေပေါ့၊ ပတ္တမြားနတ်မယ်သေနတ်နဲ့ အပစ်ခံရပြီး လဲကျသေတာ ဒီနေရာမှာပဲ ”

အားလုံးက ဦးစံမြင့်ပြသည့်နေရာကို ဝိုင်းအုံကြည့်လိုက်ကြသည်။

နီညိုရောင်အရည်များ ခြောက်ကပ်နေဟန်ရှိသည့် အကွက်တစ်ကွက်ကို ကြမ်းပြင်ပေါ်မှာမြင်လိုက်ကြရသည်။

“ ဟုတ်ချင်မှ ဟုတ်မှာပါ ဦးစံမြင့်ရယ်၊ အဲဒီခေတ်က စာရေးရင် ဖောင်တိန်နဲ့မင်ကိုသုံးတော့ မင်နီတွေဖိတ်

ကျထားတာဖြစ်မှာပါ၊ ကျွန်တော့်အခန်းထဲမှာတောင် သုံး
လက်စမင်အိုးတစ်လုံးတွေ့သေးတယ် ”

ကျွန်တော်က အိမ်ကြီး၏သိက္ခာကိုဆည်လိုသည့်သ
ဘောဖြင့်ဝင်ပြောလိုက်သည်။

ဦးစံမြင့်က ခေါင်းကိုခါယမ်းရင်း ...

“ ဘယ်ဟုတ်ရမှာလဲ ဆရာလေးရဲ့၊ ဒါ သွေးကွက်
မှသွေးကွက်အစစ်၊ ပတ္တမြားနတ်မယ်ရဲ့သွေးတွေပဲ၊ ပတ္တမြား
နတ်မယ်လဲကျသေခဲ့တာလဲ ဒီနေရာပဲ ၊ ကျုပ်က မျက်စိနဲ့
တပ်အပ်မြင်ခဲ့ရတာ ”

“ ဗျာ ”

“ ဦးကြီးကိုယ်တိုင်မြင်ဘူးတာ ၊ ဟုတ်လား ”

မောင်ဇာနည်က မေးလိုက်ခြင်းဖြစ်သည်။

“ ဟုတ်တာပေါ့၊ နှစ်တွေကြာပေမယ့် အဲဒီညကို
ငါ သေချာမှတ်မိသေးတယ်၊ အဲဒီတုံးက ငါ့အသက်ကနှစ်
ဆယ်လောက်ရှိပြီ ”

ဦးစံမြင့်က ယာတောအိမ်ကြီး၏ သွေးစွန်းည အ
ကြောင်းကိုပြန်ပြောပြသည်။

“ သခင်ကြီးက သူ့မိန်းမကို သေနတ်နဲ့ပစ်သတ်
လိုက်တာ၊ သေနတ်သံကို တစ်ရွာလုံးကြားကြတယ်၊ ဒါပေ
မယ့် သခင်ကြီးက အမဲပစ်နေကျ၊ အိမ်နီးနားမှာလဲ ငှက်

ကလေး၊ရှဉ့်ကလေးတွေပစ်နေကျဆိုတော့ မဆန်းဘူးလေ၊ သခင်ကြီးက သူ့မိန်းမကိုပစ်သတ်ပြီး မြို့က ဂတ်တဲမှာ သွားအဖမ်းခံပြီးမှ လူသတ်မှုဆိုတာရွာကသိကြတာ ...

" ညကြီးမင်းကြီး ရဲကား ရွာထဲက ဖြတ်သွားမှ ဘာဖြစ်လို့ပါလိမ့်ဆိုပြီးနောက်ကလိုက်ကြည့်ကြတာ တစ်ရွာလုံးပဲဟေ့၊ ငါက ရဲတွေတားနေတဲ့ကြားက ဟောဟို အိမ်ရှေ့ပြတင်းပေါက်ကနေ ရပ်ကြည့်နေတာကွ၊ ပတ္တမြားသခင်မကြီးက ဟောဒီနေရာမှာ လဲသေလို့၊ သွေးတွေမှအိုင်ထွန်းနေတာပဲ၊ ရဲတွေက အလောင်းကို ဓာတ်ပုံတွေဘာတွေရိုက်ပြီးမှ သယ်သွားကြတာ "

" အဲဒါကထားပါတော့ ၊ အနှစ်၃၀လောက်ကြာတဲ့အထိ သွေးကွက်ကရှိနေပါ့မလားဦးကြီးရ "

အလုပ်သမားတစ်ယောက်က ဝင်ထောက်လိုက်သည်။

" ရှိလို့ မင်းမြင်နေရပြီမှုတ်လား ဟကောင်ရ၊ ရဲတွေအလောင်းသယ်သွားပြီးတော့ သွေးကွက်ကိုဆေးမယ့်ကြောမယ့်လူမှမရှိတာ၊ ဒီအိမ်မှာ လူ၃ယောက်ထဲနေတာမောင်၊ ပတ္တမြားနတ်မယ်ဆိုတဲ့ သခင်မကြီးက တစ်ခါတလေမှလာတာ၊ သခင်ကြီးက ဒီအိမ်က ကျွန်မနဲ့ဖောက်ပြန်

နေတာသိလို့ စကားများရင်း ၊ ရန်ဖြစ်ကြရင်းက လူသတ်မှုဖြစ်တာပဲ ”

“ အိမ်ဖော်နဲ့ဖောက်ပြန်ပြီးမှ ကိုယ့်မိန်းမကိုယ်သတ်ပစ်တာ၊ ဟုတ်လားဦးကြီး ”

“ အေးကွ၊ ဒီအကြောင်းတွေ ရွာခံလူတွေကတော့ ကြီးကြီးငယ်ငယ် သိကြတယ်၊ ခုထက်ထိ ပုံပြင်ဒဏ္ဍာရီလို ပြောကြတုန်းကိုး ၊ မင်းတို့လို တစ်ရပ်တစ်ရွာက ပြောင်းလာတဲ့လူတွေသာ မသိကြတာ ”

“ ပြောလက်စနဲ့ ပြောပါဦး ဦးကြီးရယ် ”

“ ပတ္တမြားနတ်မယ်က တော်တော်ရက်စက်တဲ့မိန်းမပဲ၊ ကန်တော့နော် ဆရာလေး ”

ဦးစံမြင့်က သူ့ထင်မြင်ချက်အတိုင်း အားရပါးရပြောရာမှ ကျွန်တော့်ကိုအားနာသွားဟန်ဖြင့် လှမ်းတောင်းပန်လိုက်သည်။

“ ပြောပါလေ ”

တကယ်တော့ မျက်မြင်ကြုံခဲ့ရသည့် ဦးစံမြင့်စကားများကို ကျွန်တော်လည်းစိတ်ဝင်စားမိပါသည်။ အဖြစ်အပျက်ကိုသိပြီးဖြစ်သော်လည်း … မေမေဒေါ်သူဇာတင်တင်ပြောသမျှသာ သိခြင်းဖြစ်ပါသည်။ မေမေက သူ့မောင်အရင်းဦးစိုးအုပ်၏ သွေးပျက်ဖွယ်ဖြစ်ရပ်ကို အသေးစိတ်

ပြောချင်မှပြောခဲ့ပေလိမ့်မည်။ ဆွေမျိုးစုသိက္ခာကျလောက်သည့်အပိုင်းများကို ချန်လှပ်ကောင်းချန်လှပ်ထားခဲ့ပေလိမ့်မည်။ အဖြစ်ဆိုးကို ဖော့၍လည်းပြောနိုင်သည်။ ဘေးလူအမြင်နှင့်ဝေဖန်ချက်ကို ကျွန်တော်လည်းကြားချင်နေပါ၏။

“ သူ့ယောကျ်ားနဲ့အိမ့်ကျွန်မ, ခုခေတ်အခေါ် အိမ်ဖော်မပေါ့ကွာ၊ ဖောက်ပြန်နေကြတာသိတော့ အိမ်ဖော်မကို အဆိပ်ကျွေးသတ်ပစ်လိုက်တာမောင် ”

“ ဟယ် ... ”

“ သတ်ပြီးအိမ်ဖော်မရဲ့အသားကို ဟင်းချက်ပြီး သူ့ယောကျ်ားကို ကျွေးသေးတာ ”

“ ဗျာ ”

“ ရက်စက်လှချည်လား ”

“ ဒီအိမ်မှာဖြစ်နေတဲ့ အဲဒီအဖြစ်တွေကို ဘယ်လို လုပ်ပြန်သိရတာလဲ ”

“ သခင်ကြီးက တရားရုံးမှာ အစစ်ခံတော့အကုန်ပြန်ပြောပြတာလေ၊ အိမ်ဖော်မလေးနာမည်က ပန်းရုံ တဲ့၊ ပန်းရုံလည်း သေ၊ ပတ္တမြားနတ်မယ်လည်း သေ၊ သခင်ကြီးလည်း ကြိုးပေးခံရလို့ သေ၊ ဒီအိမ်ကလူ အကုန်သေတာပဲ ၊ အဲ ... ဖိုးသာဒင်ဆိုတဲ့ ဘဏ္ဍာစိုးကြီးကတော့ အဲ

ဒီညကတည်းက ပျောက်သွားလိုက်တာ အခုထိ ဘာသတင်း မှ မကြားရတော့ဘူး ”

“ ဒီအိမ်ကြီးမှာ သရဲချောက်တယ်ဆိုတာ သူတို့ ပေါ့နော် ”

“ အေး ၊ ကိုယ်ထင်ပြပြီးလက်ယပ်ခေါ်တယ်ဆိုတဲ့ သရဲမဟာ မဟုတ်မှလွဲရော၊ ပတ္တမြားနတ်မယ်ပဲဖြစ်မှာပဲ၊ ကြည့်လေ – သူ့သွေးကွက်က ခုထိရှိနေသေးတာကိုး၊ မကျွတ်ပဲ သရဲဖြစ်နေတာ နေမှာ ”

“ ကြက်သီးထလိုက်တာဗျာ ”

“ ကဲ ၊ ကဲ ၊ သွေးကွက်ကိုဖျက်ရအောင်၊ ရေလောင်းစမ်း ”

တစ်ယောက်က ရေလောင်းပေးသည်။

ဦးစံမြင့်က အဝတ်ရေစိုဖြင့် ကြမ်းပြင်ကိုတိုက်၍ ဖျက်၏။

တစ်ယောက်က သွေးကွက်ပေါ်သို့ ဆပ်ပြာမှုန့်များဖြူးပေးလိုက်၏။

၃မိနစ်ခန့်ပွတ်တိုက်လိုက်သည့်အခါ … ကြမ်းပြင်ပေါ်မှသွေးကွက်သည် ပြောင်လက်သွားလေ၏။

ကျွန်တော်သည် ထိုနေရာမှလှည့်ထွက်လာခဲ့သည်။

နှစ်သုံးဆယ်ကအမှုဟောင်းကို တစ်ယောက်တစ်ပေါက်ထင်မြင်ချက်များပေးကာ ဆူညံနေကြလေ၏။

ကျွန်တော်သည် ပတ္တမြားနတ်မယ်၏သွေးကွက်နှင့် ပတ်သက်၍ ဤနေရာမှာပဲ ပြီးဆုံးသွားမည်ဟုထင်ခဲ့ရာ ... ညဦးပိုင်းတွင် ထူးဆန်းအံ့ဩဖွယ်ရာဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာခဲ့ပြန်၏။

ညနေစောင်း ဖနာရီခွဲကျော်ကျော်လောက်တွင် အလုပ်သမားများ၏အလုပ်များ အားလုံးပြီးစီးသွားကြလေသည် ကျွန်တော်သည် ကျသင့်သောအလုပ်သမားခများကို အလုပ်သမားတစ်ယောက်ချင်းရှင်းပေးလိုက်၏။

ထိုစဉ်တွင် လုပ်အားခရပြီးသွားသော ဦးစံမြင့်သည် အိမ်အောက်ထပ်ပြတင်းပေါက်များကို လိုက်ပိတ်ပေးနေရာမှ အလန့်တကြားအော်လိုက်ပြန်လေသည်။

" သွေးကွက် ၊ သွေးကွက် ၊ သွေးကွက်က ပြန်ပေါ်လာပြီဗျို့ "

ကျွန်တော်သည် အလုပ်သမားများနှင့်အတူ ထမင်းစားခန်းထဲ အပြေးရောက်သွားကာ ဦးစံမြင့်လက်ညှိုးထိုးပြသောနေရာကို ကြည့်လိုက်မိကြ၏။

နေ့လည်ခင်းက ဂရေနှင့်တစ်ထပ်၊ ဆပ်ပြာမှုန့်ပါရော၍ ပွတ်တိုက်လိုက်သဖြင့် ပျောက်ဆုံးသွားသောသွေး

ကွက်ညစ်ညစ်သည် နဂိုရှိသည့်ပုံစံအတိုင်း ပြန်ထွက်ပေါ် နေသည်ကို တွေ့လိုက်ရ၏။

" ဟင် "

" ဟာ "

" အဲဒါ ချောက်တာဗျို့ ၊ ချောက်တာ "

အလုပ်သမားအချို့မှာ ချက်ခြင်းအိမ်ပြန်ရန် ပြင်ဆင်ကြတော့သည်။

ကျွန်တော်လည်း သွေးကွက်ကို အံ့သြစွာငေးမောကြည့်နေမိတော့၏။

ဦးစံမြင့်က ပြန်ခါနီးတွင် ကျွန်တော့်ကိုပြောသွားသည်။

" ဆရာလေး၊ ဒီအိမ်ကြီးအကြောင်းကို ခရေစေ့တွင်းကျသိတဲ့ လူကြီးတစ်ယောက် ခုထိ ရှိသေးတယ်ဗျ၊ ဦးညိုအေး တဲ့ ၊ ရွာပြင်က ထန်းတောမှာနေတယ်၊ သူဟာ ဘဏ္ဍာစိုးကြီးဦးဖိုးသာဒင်ရဲ့သူငယ်ချင်းဖြစ်သလို ၊ သခင်ကြီးဦးစိုးအုပ် တောပစ်ထွက်ရင်လည်း သူ့ကိုခေါ် သွားလေ့ရှိတယ်၊ အဘဦးညိုအေးကိုတွေ့ပြီး မေးကြည့်ရင် ဒီအိမ် ကြီးရဲ့လျှို့ဝှက်ချက်တွေကို အခုထက် ပိုသိနိုင်တယ်၊ ကျုပ်တို့တော့ပြန်ပြီ ဆရာလေးရေ့၊ သတိနဲ့ ဘုရားတရားနဲ့သာ နေပေတော့ "

သွေးကွက်နှင့်ပတ်သက်၍ ကျွန်တော်နေ့စဉ်စောင့်ကြည့်ခဲ့ရာ ထူးခြားမှုများတွေ့ခဲ့ရပါသည်။

သွေးကွက်သည် မနက်ပိုင်းများနှင့်နေ့လည်ပိုင်းများတွင်ပျောက်နေပြီး ညနေပိုင်းတွင်ပြန်ပေါ်လာတတ်သည်။ နေ့စဉ်ညနေဖနာရီအချိန်၌ သွေးကွက်ပြန်၍ ပေါ်...ပေါ်လာတတ်ပါ၏။

ပတ္တမြားနတ်မယ်ကို ဦးစိုးအုပ်သတ်ပစ်ချိန်မှာ ညနေဖနာရီဖြစ်နေမည်လား။ သည်အတိုင်းဆိုလျှင် ... ကျွန်တော်တွေ့လိုက်ရသော မိန်းမအရိပ်သဏ္ဌာန်ဖြူဖြူသည် ပတ္တမြားနတ်မယ်၏ ဝိညာဉ်ရိပ်ပင်ဖြစ်နေလေမည်လား။

ဝိညာဉ်နာနာဘာဝကို မယုံကြည်သော ကျွန်တော့်အတွက် စိမ်ခေါ်မှုတစ်ရပ်ပင်ဖြစ်နေပါတော့သည်။

❤ ❤ ❤

□

ကျွန်တော်သည် နိဒါန်းပျိုးထားသည့် ကျွန်တော့် ဝတ္ထုအသစ်ကို ပြန်ဖတ်ကြည့်နေမိသည်။

ဝတ္ထုအသစ်၏နိဒါန်းပိုင်းကို ရန်ကုန်မှာရေးခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်ရေးခဲ့သည့် ထွက်ပြီးသမျှဝတ္ထုအားလုံးမှာ ရန်ကုန်မြို့၊တက္ကသိုလ်မြေ၊ကံ့ကော်တော၊ အင်းလျားကန်၊သစ်ပုတ်ပင်၊ဘွဲ့နှင်းသဘင်၊ဂျပ်ဆင်၊တက္ကသိုလ်အဆောင် များနှင့် တက္ကသိုလ်ကန်တင်းတို့ကို နောက်ခံရေးဖွဲ့သည့် အချစ်ဝတ္ထုများချည်းဖြစ်ပါသည်။

ယခုရေးမည့် “ ချစ်ရည်စက်စက်ယို ” ဝတ္ထုမှာတော့ အဓိကဇာတ်ကောင်မင်းသားကို ကျေးတောသားတစ်ယောက်အဖြစ် ဖန်တီးထားသည်။ ကျွန်တော့်ဇာတ်ကောင် ဥတလုံး သည် ငယ်စဉ်ကတည်းက … မိဘမရှိ ၊ ညီအစ်ကိုမောင်နှမမရှိ ၊ ဆွေမျိုးသားချင်းမရှိပဲ ရွာဘုန်းကြီးကျောင်းတွင်မှီခိုနေထိုင်ရသော လူငယ်လေးဖြစ်ပါသည်၊ သူ့ကို တစ်ကောင်ကြွက် တစ်မျက်နှာမို့ ဥတလုံး လို့ ဘုန်းကြီးက နာမည်ပေးထားခြင်းဖြစ်သည်။

ဥတလုံး၏ ဘဝကိုအနိုင်မခံအရှုံးမပေးပုံ၊ စာကြိုးစားပုံတို့ကို အသေးစိတ်ရေးဖွဲ့ရန် လျာထားပါသည်။ သည်လိုရေးဖွဲ့ရန်အတွက် ကျေးလက်တောရွာသဘာဝများ၊ တောရွာရှုခင်းများ၊ ကျေးလက်ဓလေ့များ၊ တောသဘာဝအလုပ်အကိုင်များကို သိရှိဘို့လိုပါသည်။

ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီးခဲ့သည့် ကျွန်တော့်အဖို့ ကျေးလက်ရနံ့သည် သူစိမ်းဆန်လှပါ၏။ ထို့ကြောင့်

သဘာဝကျကျရေးနိုင်ရန် မြကျွန်းသာသို့ ကျွန်တော်ရောက်ခဲ့ရခြင်းဖြစ်ပါသည်။

ဝတ္ထုအတွက်လည်း အထောက်အကူဖြစ်စေ၊ ကျွန်တော်မမွေးမီက ဆွေတော်မျိုးတော်များနေခဲ့သည့် ယာတောအိမ်ကြီးကိုလည်း အလွမ်းပြေကြည့်ရန် ရည်ရွယ်ချက်ဖြင့် မြကျွန်းသာသို့ရောက်ခဲ့ရပေပြီ။

ဩော် … ကျေးလက်ကို တဒင်္ဂထွက်ပြေးခိုလှုံဘို့ စေ့ဆော်ပေးတဲ့ ခံစားချက်တစ်ခု ကျွန်တော့်မှာရှိပါသေးသည်။

အငုံ ।

ကျွန်တော့်ရဲ့ ချစ်လှစွာသောဇနီး ဒေါက်တာမြတ်လေးငုံ ။

အငုံက နိုင်ငံခြားကိုလိုက်ခဲ့ဘို့ ကျွန်တော့်ကို အိပ်မက်ထဲအထိလာခေါ်နေပြန်သည်။

ဥရောပယဉ်ကျေးမှုကိုအထင်ကြီးမက်မောတဲ့ အငုံ၊ ကျွန်တော်တားနေသည့်ကြားက နိုင်ငံခြားကို ဇွတ်ထွက်သွား ခဲ့သည်။

“ မောင်လဲလိုက်ခဲ့ပါ၊ ဒီမှာက လူနေမှုအဆင့်အတန်းလဲ သိပ်နိမ့်လွန်းပါတယ်မောင်၊ ဟိုမှာဆိုရင် အငုံ

တို့ပညာနဲ့ ဝင်ငွေလည်းကောင်းမယ်၊ အဆင့်မြင့်မြင့်လဲ နေနိုင်မယ်လေ ”

“ ဘယ်လိုပြောလိုက်တာလဲ အငုံ၊ သူများနိုင်ငံ ဘယ်လောက်ပဲ တိုးတက် တိုးတက်၊ မက်မောစရာမရှိပါဘူး အငုံ၊ ကိုယ့်မိခင်မြေလောက် မလုံခြုံ မနွေးထွေးပါဘူး ”

“ ဟာ ... မောင်ကလဲ ... ဝတ္ထုထဲထည့်ရေးတဲ့ စကားတွေလာပြောနေပြန်ပါပြီ ”

“ ပြောရမယ် အငုံ ၊ မောင်က ဟိုတိုင်းပြည်လိုက် လာပြီး ဘာလုပ်ရမှာလဲ ၊မောင့်ဝတ္ထုတွေကို အင်္ဂလိပ်လို ရေးရမှာလား ၊ မဖြစ်နိုင်ပါဘူးအငုံရယ် ”

“ မောင်ကလဲကွာ၊ ဒီစာရေးတဲ့ အလုပ်ကိုများ ထည့်ပြောနေလိုက်တာ၊ မြန်မာပြည်မှာလဲ မောင်တစ်သက် လုံးစာရေးစားလို့မရပါဘူး၊ အခု စန်းရှိတုန်း ခဏလေး အောင်မြင်နေတာကို သာယာမနေစမ်းပါနဲ့၊ မောင့် ဝတ္ထု တွေရောင်းကောင်းရင် နောက်ငါးနှစ်ပေါ့ ”

“ တော်တော့အငုံ၊ မောင်စာရေးနေတာ ပိုက်ဆံ ရရုံသက်သက် မဟုတ်ဘူး၊ ဝင်ငွေမကောင်းတော့ရင်လဲ မောင်ရေးနေမှာပဲ ”

“ မောင်က ကြောင်တယ်ကွာ ”

“ မင်း ငါ့အနုပညာကို မစော်ကားနဲ့ ”

ဉည်လိုနှင့် ... အငုံနှင့်ကျွန်တော် စေ့စပ်ညှိနှိုင်း လို့မရခဲ့ပဲ အငုံနိုင်ငံခြားသို့ထွက်သွားခဲ့သည်။ နိုင်ငံခြားမှ နေ၍ ကျွန်တော့်ကို အကြိမ်ကြိမ်စာရေး၍ခေါ်သည်။ ဖုန်း ဆက်၍ခေါ်သည်။

ကျွန်တော်ကလည်း ခံယူချက်ကိုမပြင်နိုင်။

“ တစ်ယောက်ယောက်ကတော့ အလျှော့ပေးရ မယ်ငါ့သား ၊ လင်ရယ် မယားရယ်လို့ဖြစ်လာရင် အကြာ ကြီးခွဲနေဖို့ဆိုတာ မသင့်တော်ဘူး၊ သားလည်းပညာတတ်ပဲ၊ စဉ်းစားပေါ့ကွယ် ”

ကျွန်တော်တို့ပြသနာကြားမှာ ဖေဖေပါ ဝင်ရောက် စိတ်ပူပန်ရတော့သည်။

အနောက်နိုင်ငံမှာ ပျော်မွေ့နေတဲ့အငုံကတော့ ပြန် လာဖို့ စိတ်ကူးဟန်မတူ၊ ကျွန်တော်ကလည်း နိုင်ငံရပ်ခြား ကို ခဏတဖြုတ်အလည်သွားဖို့ကအပ ... ထာဝရအခြေချ နေထိုင်ဖို့တော့ စိတ်ပင်ကူးလို့မရပါ။

သည်လို လိပ်ခဲတင်းလင်းပြသနာများကို မေ့ ထားချင်၍ စိတ်ပြေပျောက်လို ပြေပျောက်ငြား ခရီးထွက်ခဲ့ ခြင်းလည်းဖြစ်ပါသည်။

အငုံ့ကိုသတိရမိတော့ ကျွန်တော့်ရင်မှာ လွမ်းဆွတ် နာကျင်လာသည်။

စားပွဲပေါ်မှာထောင်ထားတဲ့ အငုံ့ဓာတ်ပုံလေးကို လှမ်းကြည့်လိုက်မိသည်။ အငုံက ဓာတ်ပုံထဲကနေတောင် နိုင်ငံခြားကိုလိုက်ခဲ့ဘို့ လှမ်းခေါ်နေသယောင် ၊

ကျွန်တော် သက်ပြင်းချလိုက်မိသည်။

ဝတ္ထုရေးဖို့ စျာန်သွင်းလို့မရတော့၊

ငေးငိုင်နေသော ကျွန်တော်သည် အသံတစ်သံကို ကြားလိုက်ရသလိုရှိ၍ နားစွင့်တောင်လိုက်မိလေသည်၊

မိန်းမတစ်ယောက်၏ ညီးညူသံလိုလို ၊ ရှိုက်သံလို လိုကြားလိုက်ရခြင်းဖြစ်ပါသည်။ အသံမှာ စာအုပ်စင်ရှိရာမှ ထွက်ပေါ်လာခြင်းဖြစ်၍ ကျွန်တော်က အထူးပင် အံ့ဩ သွားရလေသည်။ မနက်စောစောက မြင်လိုက်ရသောမိန်းမ သဏ္ဍာန်သည်လည်း စာအုပ်စင်ရှိရာသို့ ဝင်ရောက်ပျောက် ကွယ်သွားခြင်းမဟုတ်ပါလား၊

စာအုပ်စင်သို့ ကျွန်တော် ငေးမောကြည့်နေစဉ်မှာ ပင် နောက်ထပ်၍ အသံကိုကြားလိုက်ရပြန်၏။ သေချာပါ သည်၊ အသံမှာ မိန်းမအသံဖြစ်ပြီး ငြီးငြူသံလိုလို၊ စကား ပြောသံလိုလို ဗလုံးဗထွေးနှင့်ထွက်ပေါ်နေခြင်းဖြစ်ပါ၏၊

ကျွန်တော်က စာအုပ်စင်ရှိရာသို့ထသွားကာ လေ့ လာကြည့်လိုက်သည်၊

စာအုပ်စင်ဘေးသို့ ကျွန်တော်ရောက်သွားသည်နှင့် အသံမှာထွက်ပေါ်လာပြန်သည်။ သည်တစ်ခါတော့ အသံထွက်ပေါ်လာသည့်နေရာကို တိတိကျကျတွေ့ရှိလိုက်ရလေတော့သည်။

အသံသည် ကြွေပန်းအိုးထဲမှ ထွက်ပေါ်လာခြင်းပါတကား။

ကျွန်တော်သည် ကြွေပန်းအိုးလေးကို ကောက်ယူလိုက်လေသည်။ ကျွန်တော်ကောက်ယူလိုက်သည်နှင့် ကြွေပန်းအိုးထဲမှ ထွက်ပေါ်လာသောအသံမှာ ရုတ်တရက်တိတ်သွားလေ၏။

ကျွန်တော်သည် အံ့သြစွာဖြင့် ကြွေပန်းအိုးလေးကို အပြန်ပြန်အလှန်လှန်ကြည့်ရှုနေမိသည်။ ပန်းအိုးမှာတရုပ်ပြည်ဖြစ်ကြွေပန်းအိုးလေးဖြစ်ကာ အပြာနုရောင်ဆေးချယ်သထားသည်။ အနီရောင်နှင်းဆီပွင့်သုံးပွင့်အား တရိဂံပုံဆိုင်၍ရေးဆွဲထားပါသည်။ ပန်းအိုး၏ တစ်ဖက်တစ်ချက်စီတွင် နှင်းဆီပွင့်ပုံများ ဖောင်းကြွဖြင့် ပုံဖော်ထား၏။

ကျွန်တော်က ပန်းအိုးအဝကို နားတွင်ကပ်၍ နားစိုက်ထောင်ကြည့်လိုက်လေသည်။

“ သူ ... သူ ... ဘယ်သူလဲ ၊ သူဟာ သခင်ကြီးနဲ့တူလှချည်လား ”

ပန်းအိုးထဲမှထွက်လာသောအသံကြောင့် ကျွန်တော် အံ့အားသင့်သွားသည်။ ပန်းအိုးကို နားဝမှမခွာပဲ ဆက်၍ နားထောင်နေမိ၏။

အသံမှာ ခေတ္တမျှပြတ်တောက်သွားပြန်သည်။

၁၀စက္ကန့်လောက်ကြာမှ သက်ပြင်းချသံလိုအသံမျိုး ကို ကြားလိုက်ရပြန်သည်။ တဆက်တည်း ...

" ဒီဘဝကြီးမှာ ဘယ်လောက်ကြာကြာနေရဦးမှာ လဲ ၊ ဒီဝဠ်ကြီးကကျွတ်အောင် ဘယ်သူကများ ငါ့ကိုကယ် မှာလဲနော် ၊ ဒီအခန်းထဲမှာရောက်နေတာ ဘယ်သူပါလိမ့်၊ သူ ... သူ ... ငါ့ကိုကယ်နိုင်မလား ၊ သူဟာသခင်ကြီး ဦးစိုးအုပ်နဲ့တူလှချေလားနော် "

ဦးစိုးအုပ်နာမည်ကို ကြားလိုက်ရ၍ ထိုင်နေရာမှ ကျွန်တော်ခါးမတ်သွားသည်။

ဦးစိုးအုပ်

ကျွန်တော်သည် အံ့ဩလွန်းမက အံ့ဩစွာဖြင့် ကြွေပန်းအိုးကို စိုက်ကြည့်နေမိသည်။

" သခင်ကြီး ၊ သခင်ကြီးရော ဘယ်ရောက်သွားပြီ လဲကွယ် ၊ ဒီအခန်းထဲက ညော့်သည်ကလဲ သခင်ကြီးနဲ့တူ လှချည်လား "

*'ဟော့- မင်းဘယ်သူလဲ'*

ကျွန်တော့်နှုတ်မှ လွှတ်ကနဲထွက်သွားသော စကားသံ။

" အို … သခင် ၊ ကျွန်မစကားသံကို သခင်ကြားရတယ် ၊ ဟုတ်လား "

" မင်းဘယ်သူလဲ ၊ မင်းဘယ်သူလဲ ၊ မင်း ဘယ်ကပြောနေတာလဲ "

ကျွန်တော်သည် ကြက်သီးမွေးညှင်း ထ,သည်ထိ ကြောက်လန့်တုန်လှုပ်စွာဖြင့်မေးလိုက်သည်။ ပန်းအိုးထဲမှ အသံရှင်နှင့်အမေး အဖြေလုပ်လို့ ရနေသည်။ ကြောက်လန့်သွားမိသော်လည်း သူပြောသောအသံကို ဆက်၍ကြားရစေရန် ပန်းအိုးကိုမူ နားမှမခွာမိပေ။

" သခင် ၊ သခင်ကရော ဘယ်သူလဲဟင် ၊ သခင်ဟာ သခင်ကြီးဦးစိုးအုပ်ရဲ့ ကိုယ်ပွားလို့ ဆိုရလောက်အောင် သခင်ကြီးနဲ့ တူလှပါပေတယ် "

"မင်း ဘယ်သူလဲ၊ မင်း ဘယ်ကပြောနေတာလဲ "

" သခင်ကိုင်ထားတဲ့ပန်းအိုးထဲမှာ ကျွန်မရှိပါတယ် သခင်၊ *ကျွန်မ ပန်းရှုံပါ* "

" ဘာ "

တစ်ယောက်ယောက် သို့မဟုတ် လူတစ်စုသည် ကျွန်တော့်ကို သက်သက်နောက်ပြောင်နေသလား၊ ဒါမှမဟုတ် ချောက်လှန့်နေသလား၊

ထိုသို့ဖြစ်ဖို့လည်း အလွန်တရာခဲယဉ်းလှပါသည်။ ကြွေပန်းအိုးသည် အခေါင်းပါသော ရိုးရိုးပန်းအိုးတစ်လုံးသာဖြစ်ပြီး အတွင်း၌ဘာမှမရှိပါ၊ အသံလွှင့်စက်ထည့်ထားလောက်အောင်လည်း မကျယ်ဝန်းပေ။ မည်သူကကော ထိုသို့ကပ်သီးကပ်သပ် နောက်ပြောင်ပါမည်နည်း။

ကျွန်တော်သည် ပန်းအိုးလေးကို အပြန်ပြန်အလှန်လှန်လှည့်ပတ်ကြည့်သော်လည်း ဘာမှ ထူးခြားမှုမတွေ့ရ ပါ။

" ကျွန်မကို ကယ်ပါသခင် ၊ ကျွန်မကို ကယ်တင်ပါ "

ပန်းအိုးအဝကို နားတွင်ကပ်လိုက်သည်နှင့် အတွင်းမှထွက်လာသောအသံကို ပီသစွာကြားရပြန်သည်။

" ဘယ် ... ဘယ်လို ကယ်ရမှာလဲ "

" ကျွန်မဟာ ဒီအိမ်ကြီးထဲမှာလှောင်ပိတ်မိနေတာကြာလှပါပြီသခင်၊ ကျွန်မရဲ့ဝိညာဉ်ဟာ အသက်ရှိစဉ်က ကျွန်မခင်တွယ်ခဲ့တဲ့ ဟောဒီပန်းအိုးလေးထဲမှာ နားခိုနေရ

ပါတယ်၊ ကျွန်မရဲ့ ဝိညာဉ်ကို ကျွတ်လွတ်အောင် ကယ်မ, ပေးပါရှင် ”

“ ဘာ – ဝိညာဉ် ”

“ ဟုတ်ပါတယ်သခင်၊ ကျွန်မဟာ ဝိညာဉ်ပါ၊ ကျွန်မရဲ့ အလောင်းကို တွေ့အောင်ရှာပေးပါ ”

“ ဘာ … ဘာတွေလဲ ကျွန်တော် နားမလည်ဘူး ”

“ ကျွန်မသေဆုံးခဲ့တာကြာပါပြီ ၊ ဘယ်လောက်ကြာပြီဆိုတာ မမှတ်မိလောက်အောင်ကိုကြာပါပြီ ၊ ကျွန်မဘယ်လိုသေခဲ့မှန်း ကျွန်မ မသိခဲ့ပါဘူး သခင် ၊ ကျွန်မရဲ့ အလောင်းကို ဘယ်နေရာမှာမြှုပ်နှံထားမှန်းလဲ မသိရပါဘူး၊ ကျွန်မ မကျွတ်မလွတ်ပဲ ဝိညာဉ်ဘဝရောက်နေရပါတယ် ၊ ကျွန်မကို ကယ်ပါနော် ”

“ ဒီမယ် မပန်းရုံ ၊ ဟုတ်လား ၊ ကျွန်တော် ယုံလို့မရဘူး ၊ မပန်းရုံ ဒီအထဲမှာရှိတယ်ဆိုတာ တစ်ခုခုနဲ့သက်သေပြပါ ”

“ ဪ … သခင်ရယ် … ”

အသံတိတ်သွားသည်။ ပန်းအိုးလေးထဲမှ လေသံတဝီဝီသာ ထွက်ပေါ်နေ၏။

ခဏကြာတော့မှ …

“ ကျွန်မအသံကို သခင်ကြားနေရပြီပဲရှင်၊ ကျွန်မဟာ ဝိညာဉ်ဆိုတော့ သခင် ကျွန်မကို ဘယ်မြင်နိုင်မလဲ၊ ကျွန်မကတော့ သခင့်ကိုမြင်နေရပါတယ်၊ အခု သခင်ဟာ ကျွန်မရှိတဲ့ပန်းအိုးလေးကိုကိုင်ပြီး နားမှာကပ်ပြီးနားထောင်နေတယ်လေ၊ ဒါတွေ ကျွန်မပြောပြနိုင်တာ သခင့်အနားမှာ ကျွန်မနီးနီးကပ်ကပ်ရှိနေလို့သာပေါ့၊ ယုံရဲ့လားသခင်”

“ ဟုတ်ကဲ့ ”

မပန်းရုံဝိညာဉ်၏ စကားပြောသံသည် ပန်းအိုးထဲမှ အမှန်တကယ် ထွက်ပေါ်လာခြင်းဖြစ်သည်ကို ယုံလိုက်ရပါတော့သည်။

ပရလောက၊ ဝိညာဉ်လောကကို အယုံအကြည်မရှိခဲ့သောကျွန်တော့်အဖို့ … ပန်းအိုးမှတဆင့် ဝိညာဉ်နှင့် စကားပြောခဲ့ရပြီမို့ ဝိညာဉ်လောကရှိကြောင်းကို လက်မခံပဲနေလို့မရတော့ပေ။

“ ကျွန်မကို ကယ်တင်မယ့်သူကို နေ့စဉ်နဲ့အမျှ မျှော်လင့်ခဲ့ရပါတယ်သခင်၊ အကူအညီတောင်းချင်လို့ ကျွန်မက လက်ယပ်ခေါ်တိုင်း လူတွေက ကြောက်လန့်ပြီး ထွက်ပြေးကြတယ်၊ သခင်လဲ ထွက်မပြေးပါနဲ့ ၊ ကျွန်မ

သခင့်ကို ဒုက္ခမပေးပါဘူး ၊ ဒုက္ခပေးနိုင်စွမ်းလည်း ကျွန်မမှာ မရှိပါဘူးသခင် ”

“ မပန်းရုံကို ဘယ်လိုကူညီရမှာလဲ ”

“ ကျွန်မရဲ့အလောင်းကို တွေ့အောင်ရှာပေးပါသခင် ၊ တွေ့ရင် သရဏဂုံတင်ပေးပါ ၊ အဲဒီအခါကျမှ ကျွန်မ ဝိညာဉ်ဘဝက ကျွတ်လွတ်ရမှာပါသခင် ”

“ ကျွန်တော် ကတိပေးပါတယ် ”

“ သခင်က ဘယ်သူလဲဟင် ၊ သခင်က ကျွန်မရဲ့ သခင်ကြီး ဦးစိုးအုပ်နဲ့တူလွန်းလှတယ် ”

“ ကျွန်တော်က ဦးစိုးအုပ်ရဲ့အစ်မ ဒေါ်သူဇာတင် တင်ရဲ့သားပါ ”

“ အို ... သူဇာသခင်မကြီးရဲ့သားကိုး၊ ဒါ့ကြောင့် သခင်ကြီးနဲ့တူပေတာပဲ ၊ အမျိုးအရင်းကြီးပေကိုး ”

“ ကျွန်တော့် အမေကိုသိလား ”

“ ကျွန်မတို့ရဲ့ မျိုးရိုးစဉ်ဆက်ဟာ သခင်တို့ဆီမှာ အိမ့်ကျွန်အဖြစ်နဲ့နေလာခဲ့တာပါ ၊ သခင်မကြီးကိုသိပါတယ် ဒါနဲ့ သခင်မကြီးရော ”

“ ဆုံးသွားပါပြီ ”

“ သခင်မကြီးရဲ့သားတောင် ဒီလိုအရွယ်ရောက်ပြီဆိုတော့ နှစ်ကာလတွေကြာခဲ့ပြီပေါ့နော် ၊ ကျွန်မကတော့

ကာလအပိုင်းအခြားတွေကိုတောင် မရေတွက်တတ်တော့ပါဘူးသခင်ရယ် ... ”

“ မနက်က ကျွန်တော့်ကုတင်ဘေးမှာ လာရပ်နေတာ မပန်းရုံလား ”

“ ဟုတ်ပါတယ်သခင်၊ ဒါနဲ့ စားပွဲပေါ်မှာတင်ထားတဲ့ ဓာတ်ပုံထဲကအမျိုးသမီးဟာ ဘယ်သူများပါလဲ သခင်၊ သခင့်ရဲ့ဇနီးများလား ”

“ ဟုတ်ပါတယ်၊ ကျွန်တော့်ဇနီးပါ ”

“ ကျွန်မထင်တာ မမှားပါလား၊ သခင်က ဒီအိမ်ကြီးမှာအမြဲနေဘို့လာတာလား၊ သခင့်မိန်းမကို ဘာလို့ခေါ်မလာရတာလဲ သခင် ”

“ သူက ကျွန်တော်နဲ့အတူမနေပါဘူး၊ သူက ဟိုအဝေးကြီး နိုင်ငံရပ်ခြားကိုရောက်နေပါတယ် မပန်းရုံ ”

“ အို ... သခင် ”

မပန်းရုံက အလန့်တကြားရေရွတ်လိုက်သည်။

“ ဒီလိုမနေပါနဲ့သခင်၊ လင်မယားဆိုတာ တစ်ကွဲစီ ခွဲမနေကောင်းပါဘူး၊ ကြာရင် ကြေကွဲစရာအဖြစ်တွေ ကြုံ လာရပါလိမ့်မယ်သခင် ”

“ ဘာ့ကြောင့်လဲမပန်းရုံ ”

“ သြော် ... ကျွန်မရဲ့အဖြစ်နဲ့ ယှဉ်မိ ပြောမိတာပါသခင်၊ စိတ်မရှိပါနဲ့၊ ဘာပဲဖြစ်ဖြစ် သခင်တို့လင်မယားအတူနေကြပါလားရှင်၊ လင်နဲ့မယား ကြာကြာခွဲနေရင်...”

မပန်းရုံအသံက တဖြည်းဖြည်း တိုးဝင်သွားသည်။

“ မပန်းရုံ ၊ မပန်းရုံ ”

ကျွန်တော်က မပန်းရုံဘက်မှ အသံတိတ်သွားသဖြင့် အော်ခေါ်လိုက်သည်။

“ သခင် ”

“ ပြောပါဦး၊ လင်မယားကြာကြာခွဲနေရင် ဘာဖြစ်မှာမို့လဲ ”

“ သခင်ရယ်၊ သခင်ကြီးတို့လင်မယားဟာ ကြာကြာခွဲနေရတော့ သခင်ကြီးဟာ လွတ်နေတဲ့သူ့ရဲ့ရင်ခွင်မှာ တခြားတစ်ယောက်ကို အစားထိုးတာပေါ့၊ သခင်ကြီးက ... သခင်ကြီးကလေ... ပန်းရုံကိုချစ်တယ်တဲ့... တကယ်တော့ ...တကယ်တော့ရှင်... သခင်ကြီးဟာ ပန်းရုံလို အိမ့်ကျွန်မကို တကယ်ချစ်မှာ မဟုတ်ပါဘူး၊ သခင်ကြီးဟာ ပန်းရုံကို သခင်မကြီးရဲ့ကိုယ်စား စိတ်ဖြေဖျောက်တာပါ၊ ကျွန်မလေ ...ကျွန်မ... ဒီကိစ္စတွေအတွက် သိပ်ဝမ်းနည်းရတယ် ... အရမ်းကြေကွဲခဲ့ရပါတယ် သခင်...”

မပန်းရုံအသံမှာ ရှိုက်သံပါလာသည်။

ကျွန်တော်သည် တစွန်းတစသိရှိထားသောပုံပြင် ပေါင်းကို ကာယကံရှင်ကိုယ်တိုင်ကပြောပြနေသည့်အတွက် ရင်ဖိုစွာနားထောင်နေမိ၏။

သို့သော် ... ပြောရင်း ဝမ်းနည်းစွာငိုရှိုက်နေသော မပန်းရုံ၏ရှိုက်သံသည် တဖြည်းဖြည်း တိုး၍...တိုး၍ ပျောက်သွားကာ လုံးလုံးမကြားရပါလေတော့။

" မပန်းရုံ ... မပန်းရုံ "

ကျွန်တော်က မပန်းရုံအသံကို ထပ်ကြားရလို ကြားရငြား ခေါ်ကြည့်သေးသည်။

အသံလုံးဝမကြားရတော့ပဲ အဆက်အသွယ်ပြတ် တောက်သွားလေသည်။

ကျွန်တော်သည် အချိန်ကြာမြင့်စွာပင် ပန်းအိုး လေးကို နားမှာကပ်ထားမိ၏။ သို့သော် မပန်းရုံအသံကို ထပ်မံ၍မကြားရတော့ပါ။

လှုပ်ရှားနေသောစိတ်ကြောင့် စာရေးလို့ မရနိုင် တော့မှာ သေချာသည်။

ခြင်ထောင်ကိုချ၍ အိပ်ယာထဲဝင်နေလိုက်၏။

ပန်းအိုးလေးကိုလည်း ကျွန်တော့်ခေါင်းအုံးဘေး၌ ချထားလိုက်လေသည်၊ မပန်းရုံအသံကို ထပ်၍ကြားရနိုး ဖြင့် စောင့်ဆိုင်းနေမိခြင်းဖြစ်သည်။

ထိုညက … မပန်းရုံအသံကို နောက်ထပ်မကြားရတော့ပဲ ကျွန်တော်လည်း အိပ်ပျော်သွားလေသည်။

❤ ❤ ❤

□

နောက်နေ့များမှာလည်း မပန်းရုံနှင့် အဆက်အသွယ်ရခဲ့ပါသည်။

မပန်းရုံနှင့် ဆက်သွယ်နိုင်သည့်နည်းမှာ တစ်နည်းသာရှိသည်။

သူနှင့်ကျွန်တော် ပန်းအိုးမှတစ်ဆင့်သာ စကားပြောရ၍ရပါသည်။

ပန်းအိုးကြားခံမရှိပဲ ကျွန်တော်တို့စကားပြောလို့မရပါ။ မပန်းရုံနှင့်ဆက်သွယ်မိပြီး နောက်တစ်နေ့မှစ၍... ညစာထမင်းကို အိမ်လာပို့ပေးဘို့ မောင်ဇာနည့်ကိုခိုင်းလိုက်သည်။ မောင်ဇာနည်က ညနေစောင်းလျှင် ထမင်းချိုင့်လာပို့ပေးကာ ကျွန်တော်နှင့် စကားစမြည်ပြောပြီးမှောင်မှ အိမ်ပြန်သွားတတ်၏။

ကျွန်တော်က နောက်တစ်နေ့မနက် ထမင်းစားအသွားတွင် ထမင်းချိုင့်ကိုပြန်ယူသွားရသည်။

ကျွန်တော်က မကုန်၍ကျန်သောထမင်းဟင်းများကို အိမ်နောက်ဖေးတမာပင်အောက်တွင် စွန့်ပစ်လေ့ရှိသည်။

“ ကျေးဇူးတင်ပါတယ်သခင်၊ သခင်လာမှ ကျွန်မ အစားအသောက်အတွက် မပူပင်ရတော့ပါဘူး၊ အရင်ကဆို ရွာအစပ်နားက အမှိုက်ပုံမှာ သူများစွန့်ပစ်တဲ့ အကြွင်းအကျန်တွေကို မဝတဝကောက်စားခဲ့ရတာပါ၊ သခင်စွန့်ပစ်တဲ့ အစားအသောက်တွေကြောင့် ကျွန်မပင်ပင်ပန်းပန်းရှာမစားရတော့ပါဘူး၊ သခင့်ကျေးဇူးပါပဲ သခင်ရယ် ... ”

တစ်နေ့ညပိုင်း ... အိမ်သာတက်ရန်အတွက် အိမ်ပြင်အထွက်တွင် တမာပင်ကြီးအောက်က စားကြွင်းစားကျန်များကို စားနေသောခွေးနက်ကြီးတစ်ကောင်ကိုတွေ့ရသည်။ ခွေးနက်ကြီးကို နေ့လည်နေ့ခင်းမှာ တစ်ခါမှ မတွေ့ဘူးပါ။

ကျွန်တော်အိမ်သာမှ ထွက်အလာတွင် ခွေးနက်ကြီး မရှိတော့ ။

မပန်းရုံနှင့် နေ့စဉ်စကားပြောဖြစ်ခဲ့ရာ ကျွန်တော့်မှာ ဝိညာဉ်နာနာဘာဝကို ကြောက်စိတ်ပျောက်ပျယ်သွားရတော့သည်။

မပန်းရုံပြောပြသော သူ့ဘဝသည်လည်း နာကြည်းကြေကွဲဘွယ်ကောင်းလှလေသည်။

မပန်းရုံတို့မျိုးရိုးစဉ်ဆက်တစ်လျှောက်လုံးမှာ ကျွန်တော်တို့ဘိုးဘွားဘီဘင်လက်ထက်ကပင် ကျွန်အဖြစ်ရောက်ရှိခဲ့ခြင်းဖြစ်ပြီး နောက်ဆုံး မပန်းရုံအထိ အိမ့်ကျွန်အဖြစ်အမှုထမ်းခဲ့ရာ မပန်းရုံမှာ နောက်ဆုံးမျိုးဆက်ဖြစ်လေသည်။

မပန်းရုံ၏ဘဝမှာ အပြောင်းအလဲမရှိ၊ ရေသေလိုတည်ငြိမ်ခဲ့ပါသည်။ သခင်ကြီးဦးစိုးအုပ် အိမ်ထောင်ဦးစီးဖြစ်လာသည့်ကာလတွင် ပန်းရုံ လူလားမြောက်ခဲ့ရသည်။ မိဘများမှာ ပန်းရုံငယ်ငယ်ကတည်းက ကွယ်လွန်ကြပြီမို့... ပန်းရုံ၏ တစ်ဦးတည်းသောမိန်းမဖော်မှာ အထိန်းတော်ကြီး ဒေါ်အိုဇာဖြစ်ခဲ့လေသည်။

ဒေါ်အိုဇာသည် သူဇာတင်တင်နှင့်မောင်စိုးအုပ်တို့ မောင်နှမကို ထိန်းခဲ့ရသည့်အထိန်းတော်ကြီးဖြစ်ပြီး ... ဦးစိုးအုပ်အရွယ်ရောက်သည့်အချိန်တွင် အသက်ကြီးလှပေပြီ။

ဦးစိုးအုပ်က မျိုးဆက်ပွံ့ပွားမှုမရှိခဲ့သောကြောင့် အထိန်းတော်ကြီးဒေါ်အိုဇာသည် နှစ်များစွာလူပိုသက်သက် ဖြစ်နေခဲ့သည်။

ဒေါ်အိုဇာသည် ပန်းရုံကို သမီးလေး၊ မြေးလေး သဖွယ် အစစသွန်သင်ထိန်းကျောင်းခဲ့သည်။ ပန်းရုံကလဲ " ရီးအိုဇာ " ကို အမေပမာအားကိုးခဲ့ရသည်။ ဤအရပ်တွင် ကြီးတော်ကို အရီးဟုခေါ်ရာ ဒေါ်အိုဇာကို ပန်းရုံက ရီးအိုဇာ လို့ပဲခေါ်ခဲ့၏။

ပတ္တမြားနတ်မယ်နှင့်သခင်ကြီးတို့ လက်ဆက်သည်ထိ ပန်းရုံဘဝအေးချမ်းနေခဲ့သည်။

အိမ်ထောင်ရှင်မ မပီသခဲ့သည့် ပတ္တမြားနတ်မယ်ကြောင့်ရေသေလို အေးချမ်းသည့် ပန်းရုံဘဝလေးမှာ လှိုင်းထခဲ့ရသည်ဟုဆိုလျှင် တစ်ဖက်သားကို အပစ်ပုံချရာကျလေမည်လားမသိ။

ပတ္တမြားနတ်မယ်သည် သခင်ကြီးနှင့်လက်ထပ်ခဲ့သော်လည်း ယာတောအိမ်ကြီးတွင်မနေပါ။ တောမှာနေရတာပျင်းသည်ဆိုကာ ရန်ကုန်မှာသာ အနေများ၏။ သခင်

ကြီးကို ရန်ကုန်အပြီးပြောင်းခဲ့ဘို့ခေါ်သော်လည်း... သခင်ကြီးမှာ ယာတောကိုခင်တွယ်သူဖြစ်သည်။ အချိန်အားလျှင် အမဲပစ်ထွက်၍ အပန်းဖြေတတ်သောသခင်ကြီးသည် တောအနေအထိုင်ကို ခုံမင်သူဖြစ်သည်။

ပတ္တမြားနတ်မယ်က ယာတောအိမ်ကြီးဆီသို့ နှစ်လ၊ သုံးလနေမှ တစ်ခါလာတတ်၏။ လာလျှင်လည်းတစ်ပတ်အလွန်ဆုံး နေတတ်သည်။ ကြာတော့ သခင်ကြီးနှင့် ပတ္တမြားနတ်မယ်တို့လင်မယားဆက်ဆံရေးမှာ သွေးအေး၍လာတော့လေ၏။

ထိုအချိန်တွင် ပန်းရုံလေးကလည်း ၁၈နှစ်အရွယ် လှသွေးကြွယ်၍ လှချင်တိုင်းလှလာသည်။

" သခင်ကြီးက ပန်းရုံကိုချစ်တယ်ဆိုတော့ ပန်းရုံ သိပ်တုန်လှုပ်ခဲ့ရပါတယ်သခင်၊ သခင်နဲ့ကျွန်၊ အဆင့်ချင်း ကမိုးနဲ့မြေလောက်ကွာတယ်မဟုတ်လား၊ ဒါပေမယ့် သခင်ရယ်... ပန်းရုံကကျွန်ပါ၊ ပန်းရုံ သခင်ကြီးရဲ့ဆန္ဒကို မလွန်ဆန်နိုင်ခဲ့ပါဘူးရှင် "

မပန်းရုံက သူမဖြစ်အင်များကိုကြေကွဲစွာ ပြောပြခဲ့သည်။

မပန်းရုံတို့အဖြစ်ကို ဒေါ်အိုဇာလည်း မတားဆီးနိုင်ခဲ့ချေ။

“ မပန်းရုံကရော၊ သခင်ကြီးကိုမချစ်ဘူးလား ”

ကျွန်တော်က အသိချင်ဆုံးမေးခွန်းကို မေးလိုက်သည်။

ပန်းအိုးထဲမှမပန်းရုံ၏တုံ့ပြန်စကား တော်တော်နှင့်ထွက်မလာ၊

မပန်းရုံက သက်ပြင်းကိုချလိုက်ရင်း ...

“ ချစ်တာပေါ့သခင်ရယ် ... မသင့်တော်ဘူးလို့ သိတာက တစ်ပိုင်း ၊ သခင်ကြီးကို ချစ်ခင်အားကိုးတာက တစ်ပိုင်းပါ ၊ ပန်းရုံအဖို့ မွေးကတည်းက ဒီအိမ်ကြီးမှာနေလာပြီး ဘယ်မှလဲမရောက်ဖူးရပါဘူး ၊ ပန်းရုံတွေ့ဘူးတဲ့ယောကျ်ားသားဆိုတာလဲ သခင်ကြီးတစ်ယောက်ပဲရှိပါတယ် ၊ ပန်းရုံအနီးမှာ ဦးဖိုးသာဒင်ရယ် ၊ ဒေါ်အိုဇာရယ်၊ သခင်ကြီးရယ်ပဲရှိပါတယ် ၊ သခင်ကြီးဟာ ပန်းရုံရဲ့လူစွမ်းကောင်း ၊ ပန်းရုံအတွက် မင်းသားတစ်ပါးပါ ”

“ မပန်းရုံတို့ချစ်ခြင်းကို ပတ္တမြားနတ်မယ်က အနှောက်အယှက်မပြုဘူးလား မပန်းရုံ ”

“ ပတ္တမြားသခင်မကြီး မသိရှာပါဘူးသခင် ”

မပန်းရုံကပဲ ရိုးအ,လွန်းလေသလား ၊ ပတ္တမြားနတ်မယ်၏ရက်စက်မှုကို အမှန်တကယ်မသိရှိလေသလား ၊

မပန်းရုံသည် သူမကို ပတ္တမြားနတ်မယ်ကိုယ်တိုင် အဆိပ်ကျွေးသတ်ခဲ့ခြင်းကို သိရှိပုံမရ။

" သခင်မကြီးရောက်လာတဲ့ အချိန်တွေမှာ သခင်ကြီးကလဲ ပိပိရိရိနေရှာပါတယ် ၊ ဒါ့ကြောင့်လဲ ကျွန်မကလေးတစ်ယောက်မွေးဖွားခဲ့တာတောင် သခင်မကြီးမသိရှာပါဘူး "

" ဘာ ... ကလေးမွေးတယ် "

" ဟုတ်ပါတယ်သခင် ၊ ကျွန်မ သခင်ကြီးရဲ့ရင်သွေးလေးကို မွေးဖွားပေးခဲ့ဘူးပါတယ် ၊ ဒါပေမယ့် ... ဒါပေမယ့် ... "

မပန်းရုံက ငိုရှိုက်နေပြန်သည်။

" ကျွန်မရဲ့သားလေးဟာ အသက်မရှင်ရှာပါဘူးသခင် "

" သားလေး "

" ဟုတ်ပါတယ် ၊ သားလေးဟာ မွေးကတည်းက အသက်ပါမလာပါဘူး ၊ ကျွန်မဟာ ရီးအိုဇာနဲ့အတူ မြသေလာဆိုတဲ့ရွာကလေးမှာ သွားပြီးတိတ်တိတ်မွေးဖွားခဲ့ရတာပါသခင် "

" အို ... "

“ သားလေးမွေးပြီးမကြာခင်မှာပဲ ရီးအိုဇာလဲ ဆုံးရှာတယ် ”

“ ဘာဖြစ်လို့လဲ ”

“ လူကြီးရောဂါပါ ၊ အသက်ကြီးပြီလေ ၊ ရီးအိုဇာဆုံးပြီး မကြာခင်မှာပဲ ကျွန်မလဲ ရီးအိုဇာနောက်ကို လိုက်ရတာပါပဲ ”

“ မပန်းရုံက ဘယ်လိုသေခဲ့ရတာလဲ ဟင် ”

“ အဲဒါ ကျွန်မသိပ်သိချင်နေတာပါ ၊ ကျွန်မဘယ်လိုသေခဲ့ရလဲ ၊ ကျွန်မမသိဘူးသခင် ”

အဖြစ်အပျက်တွေက ကွင်းဆက်ပြတ်တောက်လျက် ရှိသည်။

ပတ္တမြားနတ်မယ်က သူမကို အဆိပ်ကျွေးသတ်ခဲ့တာကို မပန်းရုံမသိ။ သေပြီးနောက် သူမရင်ကိုခွဲ၍ အသည်းနှလုံးထုတ်ယူကာ သခင်ကြီးကို ဟင်းချက်ကျွေးခဲ့တာလည်း မပန်းရုံမသိရှာ ။

ကျွန်တော်သည် ထိုအကြောင်းကို မပန်းရုံကို ပြောမပြရက်ပါ။ မပြောပဲ သည်အတိုင်းထားလိုက်သည်။

ထမင်းစားခန်းထဲမှ ပတ္တမြားနတ်မယ်၏သွေးကွက်ကြီးကိုရော မပန်းရုံ၏ဝိညာဉ်သည် မမြင်လေရော့သလား။

သေပြီးပြီးချင်း ဝိညာဉ်ဘဝ ရောက်သည်ဆိုလျှင်လည်း... သခင်ကြီးနှင့် ပတ္တမြားနတ်မယ်တို့ ပင့်ပက္ခများ၊ သွေးပျက်ဖွယ်အဖြစ်အပျက်များကို ဝိညာဉ်မပန်းရုံကမြင်တွေ့နေရမည်မဟုတ်လား၊ အဖြစ်အပျက်မှာ ကွင်းဆက်ပြတ်တောက်နေပါ၏။

" မပန်းရုံက ဝိညာဉ်ဘဝနဲ့ ဒီအိမ်ကြီးကို ဘယ်အချိန်က ပြန်ရောက်တာလဲဟင် "

" ကျွန်မ ၊ ကျွန်မ ဒီအိမ်ကိုပြန်ရောက်တော့ ဘယ်သူမှမရှိကြတော့ဘူး ၊ ဒီလိုပါသခင် ၊ ကျွန်မဟာ သေဆုံးပြီးပြီးချင်း ကျွန်မကိုယ်ကျွန်မသေပြီဆိုတာ မသိခဲ့သေးပါဘူး ၊ ကျွန်မလေ ... အဲဒီညက ဒေါ်အိုဇာနဲ့ပြန်တွေ့တာ ၊ ပြန်တွေ့တဲ့အချိန်မှာ ဒေါ်အိုဇာဟာ သေဆုံးပြီးတဲ့လူတစ်ယောက်ဆိုတာကို ကျွန်မသတိမရဘူး "

သေဆုံးပြီးနောက် မပန်းရုံ၏ဝိညာဉ်သည် ရွာထိပ်က သဖန်းပင်ကြီးအောက်ရောက်သွားသည်။ သဖန်းပင်ကြီးအောက်တွင် ဒေါ်အိုဇာနှင့်တွေ့သည်။

ထိုစဉ်က ... မပန်းရုံသည် သူ့ကိုယ်သူ သေပြီးတာကိုမသိ ။ သေပြီးသားဒေါ်အိုဇာကို ပြန်တွေ့ရတာကိုလည်းမအံ့ဩမိ ။ သာမန်တွေ့ရိုးတွေ့စဉ်အတိုင်း ဒေါ်အို

ဇာနှင့်တွေ့ရသလိုခံစားရသည်။ ဒေါ်အိုဇာကိုတွေ့လိုက်ရသည့်အတွက်လည်း ပျော်သွားမိသည်။

" ဟယ် ... ရီးအိုဇာ ဒီမှာဘာလုပ်နေတာလဲ "

" ငါ ဒီသဖန်းပင်မှာနေတာလေ "

ဒေါ်အိုဇာက တစ်နေရာရာကိုထွက်သွားတော့မည့် ဟန်မျိုးနှင့် တဘက်ကလေးကို ခေါင်းပေါ်မှာတင်ထားသည်။

" ရီးအိုဇာက ဘယ်သွားမလို့လဲ "

" ငါ တောင်ပြုံးပွဲကို သွားမလို့အေ၊ ဟိုမှာ ငါ့အဖော်တွေတောင် စောင့်နေပြီ "

ရီးအိုဇာညွှန်ပြရာသို့ကြည့်လိုက်ရာ မိန်းမတစ်သိုက်ရွာထိပ်က ရပ်စောင့်နေတာတွေ့ရသည်။

" တောင်ပြုံးပွဲဆိုရင် ပန်းရုံလဲလိုက်ချင်တယ် "

" လိုက်ချင်လိုက်ခဲ့ပေါ့အေ "

သူတို့သည် ပေါက်ဦးတောဘူတာရုံဘက်သို့သွားသည့် နွားလှည်းတစ်စီးပေါ်တက်လိုက်ခဲ့ကြသည်။ နွားလှည်းမောင်းသူကို ခွင့်မတောင်းပဲ တက်လိုက်ခဲ့ကြခြင်းဖြစ် သည်။ လှည်းသမားကလည်း ပန်းရုံတို့တစ်သိုက် လှည်း ပေါ်ပါလာကြတာကို သိပုံမရချေ။

ပေါက်ဦးတောဘူတာရောက်တော့ မန္တလေးဘက် သွားသည့်ရထားကိုပြောင်းစီးကြသည်။ ရထားပေါ်တွင် သူတို့ထိုင်နေသည့်ထိုင်ခုံပေါ်သို့ အခြားလူများက ဝင်ထိုင်ကြသည်။ ခုံပေါ်တွင် လူနှစ်ထပ်ထိုင်၍ ပါလာကြသော်လည်း ထိုထူးခြားမှုကို ပန်းရုံမအံ့ဩခဲ့ချေ။ ဖြစ်ရိုးဖြစ်စဉ်သဖွယ် သဘောထားခဲ့၏။

တောင်ပြုံးကိုရောက်ကြတော့ ... ရီးအိုဇာနှင့်မိန်းမ တစ်သိုက်က နတ်နန်းများတွင် အခြားလူများနှင့်ရောနှော ကခုန်ကြသည်။ ပန်းရုံလည်း ပျော်လာကာ သူတို့နှင့်အတူ နတ်ဆိုင်းအလိုက် ရောနှောကခုန်လိုက်၏။ မောရမှန်းမသိ၊ ပန်းရမှန်းမသိ၊ ပျော်နေခဲ့သည်။

သည်လိုနှင့် ... နတ်နန်းတွေ တစ်ခုပြီးတစ်ခု ဝင်၍ကခုန်ရင်း တောင်ပြုံးပွဲတော်တလျှောက်လုံး အပျော်ကြူးနေလိုက်သည်။

တစ်နေ့တော့ အုပ်နှစ်ချပ်လပ်ဘုရားဖက်သို့ရောက်သွားရာ ... ပန်းရုံတို့တစ်သိုက် ဘုရားဖူးဘို့ ဘုရားထဲဝင်ရန်ပြင်ကြ၏။ ထိုစဉ် ... နတ်ဝတ်နတ်စားများဝတ်ဆင်ထား သော နတ်သားတစ်ပါးပေါ်လာကာ သူတို့ကိုနှင်ထုတ်တော့သည်။

" ဟဲ့ – ပြိတ္တာမတွေ ၊ ဘုရားဝင်းထဲ နင်တို့ဝင်လို့မရဘူး ၊ နင်တို့နဲ့ဘာဆိုင်လဲ ၊ နင်တို့ဘုန်းကံနဲ့ ဘုရား ဖူးခွင့်မရှိဘူး ပြိတ္တာမတွေရဲ့ ၊ သွားကြ ၊ သွားကြ ၊ တော် ရာသွားကြ "

ထိုအခါကျမှ ပန်းရုံသတိဝင်လာကာ သူ့ကိုယ်သူ ဆန်းစစ်မိတော့သည်။

" ရီးအိုဇာ ၊ ပန်းရုံတို့ကို ပြိတ္တာမတွေတဲ့ ၊ ပန်းရုံတို့က ပြိတ္တာတွေလားဟင် "

" အေးလေ ၊ တို့က ပြိတ္တာတွေဖြစ်နေကြပြီကိုး "

" ဟင် ၊ ရီးအိုဇာ ၊ ရီးအိုဇာက သေပြီးပြီလေ ၊ ပန်းရုံ ရီးအိုဇာနဲ့ ဘာလို့အတူတူနေလို့ရတာလဲ ၊ ရီးအိုဇာက သေပြီပဲဟာ "

" ညီးလဲ သေလို့ ပြိတ္တာဖြစ်ပြီး ငါနဲ့တွေ့တာပေါ့ ကလေးမရဲ့ "

" အို … ပန်းရုံသေပြီ ၊ ပန်းရုံသေပြီ ၊ ဟုတ်လား ၊ ပန်းရုံလူမဟုတ်တော့ဘူးပေါ့ "

" ဖြစ်မှဖြစ်ရလေပန်းရုံရယ် ၊ ကိုယ့်ကိုကိုယ် သေလို့သေမှန်းမသိဘူးလား မိန်းကလေးရဲ့ ၊ ညီးသေပြီးလို့သာ ငါနဲ့တွေ့ရတာပေါ့အေ့ "

ဒေါ်အိုဇာပြောပုံဆိုပုံများမှာ စိမ်းကားလှသည်။ လူ့ဘဝတုန်းက ပန်းရုံကို သမီးလေးလို စောင့်ရှောက်ခဲ့၊ဆုံးမခဲ့သည့် ဒေါ်အိုဇာပုံစံမျိုး မဟုတ်တော့။

“ ပန်းရုံဘာဖြစ်လို့သေတာလဲဟင် ၊ ပန်းရုံဘယ်တုံးကသေသွားတာလဲ ရီးအိုဇာ ”

“ ငါလဲ ဘယ်သိမလဲအေ့ ၊ ညီးလိုက်ချင်တယ်ဆိုလို့ ငါခေါ်လာတာပဲ ”

“ ပန်းရုံတို့ပြန်ကြပါစို့ ၊ မြကျွန်းသာကိုပြန်ကြပါစို့ ရီးအိုဇာရယ် ”

“ မပြန်ပေါင် ၊ ငါ ဒီမှာပဲပျော်တယ် ၊ ဒီမှာပဲနေတော့မှာ ”

“ ပန်းရုံတော့ပြန်မယ် ၊ ယာတောအိမ်ကြီးဆီကို ပန်းရုံပြန်တော့မယ် ရီးအိုဇာ ”

“ ညီးဟာညီး ပြန်ချင်ပြန်ပေါ့ ”

သို့ဖြင့် ပန်းရုံတစ်ယောက်ထဲ ယာတောအိမ်ကြီးဆီလာခဲ့သည်။

“ ဒီအိမ်ကြီးကိုပြန်ရောက်တော့ အိမ်ကြီးဟာတိတ်ဆိတ်ချောက်ကပ်နေတာပါပဲသခင်၊ ဘယ်သူ့ကိုမှလဲ မတွေ့ရတော့ပါဘူး၊ အိမ်တခါးတွေအားလုံးလဲပိတ်လို့၊ သခင်ကြီးကိုလဲမတွေ့ရတော့ဘူး၊ သခင်မကြီးလဲမရှိတော့ဘူး၊ ဦး

ဖိုးသာဒင်ကိုလဲ ရှာမရတော့ပါဘူး၊ အို – ဘာဆိုဘာမှ မရှိတော့တာပါသခင်၊ မြင်းညိုကြီးအောင်စည်ကိုလဲ မတွေ့ရတော့ပါဘူး၊ အဲဒီအချိန်ကတည်းက ကျွန်မ တစ်ယောက်တည်း ဟောဒီအိမ်ကြီးမှာ နေလာခဲ့တာပါ ”

“ဩော်– မပန်းရုံရယ် ”

“ ကျွန်မဟာ ဟောဒီပန်းအိုးလေးထဲမှာ ပုန်းခိုနေရမှလုံခြုံတယ်ထင်မိတယ်သခင်၊ ဒီပန်းအိုးလေးဟာ သခင်ကြီးစာရေးတဲ့စားပွဲပေါ်မှာ အမြဲတင်ထားတဲ့ပန်းအိုးလေးပါ၊ ပန်းအိုးဘေးမှာ နှင်းဆီပန်းကလေးသုံးပွင့်ပုံကို မြင်တယ်မဟုတ်လားသခင်၊ ကျွန်မဟာဒီပန်းအိုးလေးထဲမှာ ပန်းအိုးပေါ်က ပုံအတိုင်း နှင်းဆီပန်းသုံးပွင့်ကို အမြဲထိုးပေးရပါတယ်သခင်၊ သခင်ကြီးက နှင်းဆီပန်းသုံးပွင့်ဆိုင်ပြီးထိုးထားတာကို သိပ်သဘောကျတာပဲရှင့်၊ ကျွန်မ ဝိညာဉ်ဘဝရောက်တော့ ဟောဒီပန်းအိုးလေးကို စွဲလမ်းပြီး ဒီထဲမှာနေရမှ လုံခြုံတယ်ထင်မိတာပဲရှင်၊ အိမ်ကြီးဟာ ကျွန်မအတွက် ကျယ်ဝန်းလှပါတယ်၊ ဒီပန်းအိုးလေးဟာ ကျွန်မဝိညာဉ်အတွက် လုံလောက်တဲ့နေရာပါပဲ၊ ဒီပန်းအိုးလေးမှာ သခင်ကြီးရဲ့ အငွေ့အသက်တွေရှိနေတယ်လို့လဲ ယုံကြည်မိတယ်သခင် ”

ကျွန်တော့်အတွက်တော့ အဖြစ်အပျက်က ရှင်းသွားခဲ့ပါပြီ။

သည်အိမ်ကြီးမှာ သွေးပျက်ဖွယ် မှုခင်းဖြစ်ရပ်တွေဖြစ်ပျက်ခဲ့စဉ်က မပန်းရုံ တောင်ပြုံးပွဲကိုရောက်နေသည်။ မေမေဒေါ်သူဇာတင်တင် ပြဿနာများကို လာရောက်ရှင်းလင်းပေးပြီးနောက်ပိုင်းမှ မပန်းရုံပြန်ရောက်လာသည်။

မပန်းရုံသည် သူမရှိစဉ်ဖြစ်ပျက်ခဲ့သည့် အဖြစ်များကို မသိတော့ခြင်းဖြစ်ပေ၏။

“ သခင်သိလားဟင်၊ သခင်ကြီးဘယ်ရောက်သွားသလဲ၊ သခင်ကြီး အခုရှိသေးလား၊ သခင်သိရင် ပြောပြပါသခင် ”

အဖြစ်မှန်ကိုပြောလျှင် မပန်းရုံ ဝမ်းနည်းရရုံသာရှိပေမည်။ ယာတောအိမ်ကြီးကို ခင်တွယ်စိတ်ဖြင့် မကျွတ်မလွတ်ပဲ ပရလောကတွင် ကျင်လည်နေရရှာသည့် ဝိညာဉ်တစ်ခုကို ထပ်ပြီးစိတ်ဆင်းရဲအောင် ကျွန်တော်မပြုချင်ပါ။

“ ကျွန်တော့်ဦးလေးသခင်ကြီးက ရန်ကုန်မြို့ကိုပြောင်းသွားခဲ့တာပါ ၊ ခုတော့– သခင်ကြီးရော၊ ဒေါ်ပတ္တမြားနတ်မယ်ပါ ဆုံးသွားကြပါပြီမပန်းရုံ ”

“ အို … ”

မုသာဝါဒစကားဖြစ်သော်လည်း နားထောင်သူကို အကျိုးမယုတ်စေသည့်စကားမို့ ကျွန်တော်သုံးလိုက်ရပါပြီ။

“ ကျွန်မကရော ၊ ဘယ်လိုသေသွားရတာလဲ ၊ သိ ပါသလားသခင် ”

“ မသိပါဘူးမပန်းရုံ ”

“ သခင်ရယ် ... ကျွန်မအသုဘကို သရဏဂုံတင် မပေးခဲ့ဘူးဆိုတာ ကျွန်မသိနေတယ် ၊ အဲဒါကြောင့် မကျွတ်မလွတ်ပဲ ဝိညာဉ်ဘဝရောက်နေရတာပါ ၊ ကျွန်မ အလောင်းဟာ ဒီခြံကြီးထဲမှာပဲ ရှိမယ်လို့ ကျွန်မထင်တယ်၊ ဒါ့ကြောင့် ကျွန်မဝိညာဉ်ဟာ ဒီနေရာကခွာလို့မရတာပါ ၊ ကျွန်မရဲ့အလောင်းကို ကျွန်မရှာကြည့်ပါသေးတယ် သခင် ၊ ဘယ်လိုမှ ရှာလို့မရခဲ့ပါဘူး ၊ ကျွန်မကိုကူညီပါသခင် ”

“ ဘာများလဲမပန်းရုံ ”

“ ကျွန်မအလောင်းကိုရှာပေးပါ ၊ သရဏဂုံတင် ပေးပါ ၊ အဲဒါမှ ကျွန်မ ဝိညာဉ်ဘဝက လွတ်ရပါလိမ့်မယ်”

“ စိတ်ချပါမပန်းရုံ ၊ ကျွန်တော်ကတိပေးပါတယ်”

အဆိပ်ကျွေးအသတ်ခံရပြီးနောက်ပိုင်းမှ အသည်း နှလုံးကိုထုတ်ယူပြီး ချစ်သူကို ဟင်းအဖြစ်ချက်ကျွေးခဲ့ရတာ ကို မပန်းရုံမသိရှာပါလား ”

မပန်းရုံအလောင်းကို ကျွန်တော်ရှာတွေ့ခဲ့လျှင် အသည်းနှလုံးဟောက်ပက်ကြီးနှင့် တွေ့ရလိမ့်မည်ထင်ပါ၏။

❤ ❤ ❤

□

ပတ္တမြားနတ်မယ်၏သွေးကွက်ကြီးမှာ နေ့လည်ပိုင်းတွင်ပျောက်နေပြီး … ညနေဖနာရီတွင် ပြန်ပေါ်လာတတ်သည်။ မနက်ရောက်လျှင် ပြန်၍ပျောက်သွားတတ်၏။

ကျွန်တော်သည် သွေးကွက်ကို နေ့စဉ်စောင့်ကြည့်နေခဲ့ရာ ထိုအတိုင်းပုံမှန်ဖြစ်ပေါ်နေတာကို တွေ့ခဲ့ရသည်။

မပန်းရုံ၏ဝိညာဉ်သည် အိမ်ကြီးထဲမှ ထိုသွေးကွက်ကြီးအဖြစ်ကို သိပုံမပေါ်ပေ။ သူကဘာမှမပြော၍ … ကျွန်တော်က မေးကြည့်ရန်လည်း မသင့်တော်ချေ။ သွေးကွက်

အကြောင်းအစဖော်လိုက်လျှင် ပတ္တမြားနတ်မယ်၏လုပ်ရပ်များ ဖော်ပြောရတော့မည်မို့ ခပ်မဆိပ်ပဲနေလိုက်၏။

ကျွန်တော်သည် ပရလောကမှဝိညာဉ်နှင့် အစိမ်းသေ သေဆုံးခဲ့သူ၏ နှစ်ပေါင်း၃၀ကြာအောင် မပျောက်ပျက်သေးသည့်သွေးကွက်ကြီးရှိနေသော အိမ်ထဲဝယ်နေထိုင်ရသော်လည်း ကြောက်ရွံ့စိတ်မဖြစ်ပေါ်မိတော့ပါ။

ဝိညာဉ်နှင့်က ရင်းနှီးနေပြီး၊ သွေးကွက်ကြီးက လူကိုအန္တရာယ်မပြုနိုင်သည့်အတွက် ထိတ်လန့်ခြင်း မဖြစ်မိတော့ပါ။

ကျွန်တော်သည် မပန်းရုံဝိညာဉ်အကြောင်းကို ဘယ်သူ့မှပြန်ပြောမပြခဲ့။ မောင်ဇာနည့်ကိုပင် ပြောမပြခဲ့ပေ။ မောင်ဇာနည်ကတော့ ထမင်းလာပို့ရင်းညတိုင်း ပုံမှန်ရောက်လာတတ်သည်။

ကျွန်တော်၏ရေးလက်စဝတ္ထုကို ရေးပြီးသမျှပုံမှန်ဖတ်၍ ဆွေးနွေးတတ်သည်။

ကျွန်တော့်ဝတ္ထုထဲမှ ဇာတ်ကောင် ဥတလုံးကို ရှာမှဆယ်တန်းအောင်ပြီး တက္ကသိုလ်လာတက်သူအဖြစ်ဖန်တီးထားရာ ... ဥတလုံးကိုသရုပ်ဖော်ရာ၌ မောင်ဇာနည်၏စရိုက်များကိုထည့်၍ သရုပ်ဖော်ထားလိုက်သည်။ မောင်ဇာနည်မှာလည်း အဝေးသင်ဒုတိယနှစ် တက်ရောက်နေသူ

ဖြစ်ပြီး အသက်အရွယ်မှာလည်း အတူတူမို့ မောင်ဇာနည့် ကိုကြည့်ပြီး ဥတလုံးကို သရုပ်ဖော်ခဲ့သည်။

မောင်ဇာနည်ကတော့ သူနှင့်သူ့ချစ်သူနှင်းပေါက်တို့အကြောင်းပြောပြကာ ဝတ္ထုရေးဖို့တိုက်တွန်းနေပေ၏။

ယနေ့ တစ်နေ့ခင်းလုံး ကျွန်တော်ဝတ္ထုရေးရင်း ဝတ္ထုထဲမှာနစ်မျောနေမိသည်။ ဝမ်းထဲက ဆာလောင်သလို ဖြစ်လာမှ နာရီကြည့်လိုက်ရာ ညနေ၅နာရီရှိပေပြီ။

ဝတ္ထုရေးခြင်းကို ခေတ္တရပ်ထားလိုက်ပြီး ရေချိုးလိုက်သည်။ ရေချိုးပြီးသည်ထိ မောင်ဇာနည်ထမင်းလာ မပို့လျှင် သူတို့အိမ်အထိသွားစားလိုက်တော့မည် စိတ်ကူး၏။

ရွာသားများဆယ်ပေးသွားသောရေတွင်းမှာ ၅–ရက်အကြာတွင် အသုံးပြုလို့ရခဲ့သည်။ ခုတော့ – ကျွန်တော်သည် ရေတွင်းထဲကရေကို ပုံးနှင့်ငင်တတ်နေပါပြီ။

ရေချိုးအဝတ်အစားလဲအပြီးတွင် ၆နာရီထိုးပေပြီ။

ကျွန်တော်သည် အပြင်မထွက်ခင် ထမင်းစားခန်းထဲမှာ သွေးကွက်ကြီးကိုသွားကြည့်လိုက်သေးသည်။

သွေးကွက်သည် ညနေ၆နာရီတိုင်း ပြန်ပေါ်လာလေ့ရှိရာ ကျွန်တော်ကြည့်နေစဉ်မှာပင် အစက်အပြောက်ကလေးအဖြစ်မှ တစစကျယ်ပြန့်လာသည်။ နဂိုရှိနေသည့်

သွေးကွက်ပုံစံအတိုင်းဖြစ်သွားသည့်အခါ ရပ်တန့်သွားတော့သည်။ နေ့စဉ်နှင့်အမျှ ထိုအတိုင်းဖြစ်ပေါ်နေတာကို စောင့်ကြည့်နေကျမို့ အချိန်မှန်မြင်နေရပါသည်။

" ဆရာ ... ဆရာ "

မောင်ဇာနည့်အသံကြား၍ ထမင်းစားခန်းထဲမှထွက်ခဲ့လိုက်သည်။

မောင်ဇာနည် ထမင်းချိုင့်လာပို့ခြင်းဖြစ်ပါသည်၊

မောင်ဇာနည်တစ်ယောက်ထဲ မဟုတ်။ မောင်ဇာနည့်နောက်မှာခပ်ရှိုရှိုပါလာသော မိန်းကလေးတစ်ယောက်ကိုပါတွေ့ရသည်။ ကျွန်တော် မှတ်မိလိုက်ပါသည်။ စတိုးဆိုင်မှမိန်းကလေး။ မောင်ဇာနည့်ချစ်သူ နှင်းပေါက်ဖြစ်သည်။

" လာ – နှင်းပေါက် "

မောင်ဇာနည်က နှင်းပေါက်ကိုလက်တွဲ၍ အိမ်ထဲခေါ်လာသည်။

" ဆရာ ၊ နှင်းပေါက်က ဆရာနဲ့မိတ်ဆက်ချင်လို့တဲ့၊ ဆရာနဲ့တွေ့ပေးဘို့ခေါ်လာတာ "

" ရပါတယ်ကွာ ၊ ဆရာက နှင်းပေါက်ကို တစ်ခါတည်းတွေ့ဘူးပေမယ့် မောင်ဇာနည်ပြောပြလွန်းလို့ နှင်းပေါက်ကို ရင်းနှီးပြီးသားပဲ "

“ ဟယ် … သူက နှင်းပေါက်အကြောင်းကို ဘာတွေပြောတာလဲဆရာ ”

“ မောင်ဇာနည်က သူနဲ့နှင်းပေါက်နဲ့ဘယ်လောက်ချစ်ကြတဲ့အကြောင်းတွေပြောပြတာပါ ”

“ ဟယ် … ရှက်စရာကြီး ”

နှင်းပေါက်က မောင်ဇာနည့်ကို ရှက်မျက်စောင်းလေးလှမ်းထိုးလိုက်ကာ မောင်ဇာနည့်လက်မောင်းကို ဆိတ်ဆွဲလိုက်သည်။

“ အား … နာလိုက်တာ ၊ ချစ်လို့ ချစ်တယ်ပြောတာပဲနှင်းပေါက်ရဲ့ ”

“ သွား ”

လူငယ်ချစ်သူနှစ်ဦးကိုကြည့်ပြီး ကျွန်တော်ပါကြည် နူးလာမိသည်။

“ ကဲ ၊ မောင်ဇာနည်ရေ ၊ ဆရာ ထမင်းဆာနေပြီကွ ၊ ထမင်းစားခန်းထဲသွားရအောင် ၊ ဆရာထမင်းစားရင်း စကားပြောကြတာပေါ့ ”

“ ဟုတ်ကဲ့ဆရာ ”

မောင်ဇာနည်က ထုံးစံအတိုင်း ထမင်းချိုင့်ထဲမှ ထမင်းဟင်းကို ပန်းကန်များထဲပြောင်းထည့်၍ ကျွန်တော် ထမင်းစားရန်ပြင်ဆင်ပေးသည်။

ကျွန်တော်ထမင်းစားနေစဉ် မောင်ဇာနည်နှင့်နှင်းပေါက်က မျက်နှာချင်းဆိုင်ကုလားထိုင်မှာထိုင်ကာ သုံးယောက်သား စကားဝိုင်းဖွဲ့ကြသည်။

“ ဆောင်းလေပြေဆိုတော့ အမျိုးသမီးစာရေးဆရာမလို့ နှင်းပေါက်က ထင်နေသေးတာဆရာ ”

“ ဟုတ်လား ၊ ဆရာ့ဆီလာတဲ့မိတ်ဆက်စာတချို့မှာလဲ မိန်းမအထင်နဲ့မိတ်ဖွဲ့တာတွေ ရှိတယ်ကွ ”

“ ဆရာ့အရေးအသားတွေကလဲ နုတာကိုး ၊ နှင်းပေါက်တော့ ဆရာ့စာတွေကိုကြိုက်တယ် ၊ ထွက်တိုင်းလဲဖတ်ဖြစ်ပါတယ် ဆရာ ”

နှင်းပေါက်မှာ အတော်စကားပြောသွက်သော မိန်းကလေးဖြစ်သည်။ လာစက ရှက်သလိုလိုဖြစ်နေသော်လည်း အတန်ကြာစကားပြောမိတော့ သူကချည်းဦးဆောင်ပြောသွားခဲ့သည်။

နှင်းပေါက်က ကျွန်တော့်ဝတ္ထုတွေကို ဆွေးနွေးသွားသည်။ တချို့ဝတ္ထုထဲကဇာတ်ကောင်တချို့ကို ကျွန်တော်ပင်မေ့နေသော်လည်း နှင်းပေါက်က မှတ်မိဆွေးနွေးနိုင်နေသည်။ ယခုလောလောဆယ် ဖတ်လာလို့လည်းဖြစ်နိုင်ပါသည်။

“ နှလုံးသားရှိုက်သံ ထဲက မေနွယ်ဝေရဲ့ဘဝဟာ သိပ်သနားစရာကောင်းတယ်နော် ဆရာ ။ ဒါပေမယ့် နှင်းပေါက် မေနွယ်ဝေ့ကို မထောက်ခံဘူး ”

“ ဘာဖြစ်လို့လဲ ”

“ မေနွယ်ဝေရဲ့စရိုက်ဟာ ပျော့လွန်းတယ်ဆရာ ။ သူက မိဘသဘောတူတဲ့ ဒေါက်တာညီလင်းနိုင်ကို မိဘသဘောကျလက်ခံခဲ့တယ် ။ ဆင်းရဲတဲ့ချစ်သူ ကိုတာရာကို ကျောခိုင်းခဲ့တယ် ။ နှင်းပေါက်သာဆိုရင် ကိုယ်လဲပညာတတ်တစ်ယောက်ပဲ ။ နှလုံးသားထဲက ချစ်တဲ့သူကိုပဲရွေးမယ်ဆရာ ”

ကျွန်တော်က ပြုံးလိုက်မိသည်။

“ မေနွယ်ဝေကိုပညာတတ်ပြီးတွေဝေတတ်တဲ့လူတွေကိုယ်စား ဇာတ်ကောင်ထားပြီး ဆရာရေးခဲ့တာပါ၊ ပညာတတ်တယ်၊ ချမ်းသာတယ်၊ တကယ်တန်း ဆင်းရဲတဲ့သူကိုလက်တွဲဖော်အဖြစ်ရွေးရမယ်ဆိုတော့ ဆင်းရဲမှာကြောက်တဲ့သူတွေ နှင်းပေါက်တွေ့ဘူးမှာပါ၊ အဲ့လိုလူတွေရဲ့စရိုက်မျိုးကိုဆရာက သရုပ်ဖော်တာပါ၊ ဆရာ့ရဲ့ အသည်းလေးဆတ်ဆတ်တုန်ဆိုတဲ့ဝတ္ထုကိုရောဖတ်ဖြစ်သလားနှင်းပေါက်”

“ ဟယ် ဆရာ ။ အဲဒီထဲက မိုးနန်းထွေးစရိုက်ကိုတော့ နှင်းပေါက်တကယ်ကြိုက်တယ်ဆရာ ။ မိုးနန်းထွေး

ဟာ အချစ်အတွက် တကယ်စွန်းစားရဲတဲ့ မိန်းမသားတစ်ယောက်ပါပဲ ”

စီးပွားရေးတက္ကသိုလ် ဒုတိယနှစ်ကျောင်းသူ မိုးနန်းထွေးသည် ချစ်သူနှင့်ခွဲမည့် မိဘများကိုဆန့်ကျင်၍ ချစ်သူနောက်ကိုလိုက်ပြေးသွားခဲ့သည်။ ကျောင်းမှထွက်လိုက်ရကာ ချစ်သူ သိမ်းစိုးပိုက်နှင့်အတူ မြို့သစ်မှတဲအိမ်လေးတွင်နေရင်း ဆင်းရဲစွာလုပ်ကိုင်စားသောက်ခဲ့ရသည်။

“ မိုးနန်းထွေးဟာ တက္ကသိုလ်ကျောင်းသူဘဝကိုစွန့်လွှတ်ပြီး သူ့ချစ်သူပန်းရံသမားလေးနောက်ကိုလိုက်သွားခဲ့တယ်နော် ၊ တက္ကသိုလ်ကျောင်းသူဘဝကို ခဝါချပြီးချစ်သူ နဲ့အတူ ပန်းရံလုပ်ခဲ့တယ် ၊ မဆလာသယ်ခဲ့တယ် ၊ ဘယ်လောက်များသတ္တိရှိထားလဲဆရာရယ် ၊ အချစ်အတွက်စွန့်စားတယ်ဆိုတာ အဲဒါမျိုးမှ … ”

“ အဲဒီဝတ္ထုအတွက် ဆရာအများကြီးဝေဖန်ခံခဲ့ရတယ်၊ တက္ကသိုလ်ကျောင်းသူတစ်ယောက် ပန်းရံလုပ်တယ်ဆိုတာမဖြစ်နိုင်ဘူး၊ စိတ်ကူးယဥ်ဆန်လွန်းတယ်တဲ့ ၊တကယ်တော့ ဆရာက ဆရာတို့အိမ်မှာပန်းရံလာလုပ်သွားတဲ့ လူငယ်လင်မယားနှစ်ယောက်ရဲ့ ဘဝကိုမေးပြီး အဖြစ်မှန်အတိုင်းရေးခဲ့တာပါ ”

" မိုးနန်းထွေးဟာ အပြင်မှာတကယ်ရှိတယ်ပေါ့ "

" ရှိတာပေါ့နှင်းပေါက် ၊ နာမည်ရင်းတွေအတိုင်း ဆရာရေးထားတာ "

" ဒါဖြင့် ဆရာ့ကိုဝေဖန်တဲ့ ဝေဖန်ရေးသမားတွေကို တကယ့်အဖြစ်အပျက်ဆိုတာ ပြန်ရှင်းပါလားဆရာ "

" ရှိပါစေတော့ကွာ ၊ ဝေဖန်ရေးဆရာတွေလဲ သူတို့အလုပ်သူတို့လုပ်တာပဲ "

မောင်ဇာနည်က ကျွန်တော်နဲ့နှင်းပေါက်မျက်နှာကို တစ်လှည့်စီကြည့်ရင်း ကျွန်တော်တို့ဆွေးနွေးသည်များကို နားထောင်နေခဲ့သည်။ နှင်းပေါက်ရဲ့ အချစ်ကိုဦးစားပေးသည့် နှလုံးသားရေးရာခံယူချက်ကိုသိလိုက်ရ၍ ကြေနပ်ကြည်နူးနေပေသည်။

" မောင်က မောင်နဲ့နှင်းပေါက်တို့အကြောင်းကို ဝတ္ထုရေးဘို့ ဆရာ့ကိုတိုက်တွန်းနေတာ နှင်းပေါက်ရ "

နှင်းပေါက်က မောင်ဇာနည့်မျက်နှာကိုတစ်လှည့် ၊ ကျွန်တော့်မျက်နှာကိုတစ်လှည့်ကြည့်ရင်း ...

" မရေးပါနဲ့ဦးဆရာ ၊ နှင်းပေါက်တို့အကြောင်းကို ဆရာဝတ္ထုမရေးပါနဲ့ဦး "

" ဘာဖြစ်လို့လဲနှင်းပေါက် "

“ ဇာတ်လမ်းက ဆုံးမှမဆုံးသေးတာ ၊ ဇာတ်လမ်း တစ်ခုရဲ့သဘောက မင်းသားနဲ့မင်းသမီးပေါင်းမှ ဒါမှမဟုတ် မပေါင်းရပဲ ကွဲကွာသွားမှ ဆုံးခန်းတိုင်တာမဟုတ်လားဆရာ၊
မောင်နဲ့နှင်းပေါက်တို့ရဲ့ဇာတ်လမ်းက ဆုံးမှမဆုံးသေးတာ ၊ အဆုံးထိ ဆရာစောင့်ကြည့်ပြီးမှ ရေးပါဆရာ ”

အတော်လာတဲ့ ကလေးမပေပဲ ၊

“ နှင်းပေါက်ပြောတဲ့ သဘောတရားက လူအများကိုဖြေဖျော်တဲ့ ဝတ္ထုဇာတ်လမ်းတို့၊ ရုပ်ရှင်ဇာတ်လမ်းတို့မှာတော့မှန်ပါတယ် ၊ တကယ့်အပြင်ဘဝမှာတော့ ဘယ်ဇာတ်လမ်းမှ အဆုံးသတ်တယ်လို့မရှိပါဘူးကွယ် ၊ ကောင်လေးနဲ့ ကောင်မလေးပေါင်းရပေမယ့် ဇာတ်လမ်းကဆုံးမသွားဘူး ၊ သူတို့ရဲ့ စားဝတ်နေရေး ဘဝရေးအတွက် ရုန်းကန်ရသေး တာမှုတ်လား ၊ သူတိုမှာ သားသမီးလေးတွေမွေးလာတော့ သားသမီးတွေရဲ့ ဘဝတစ်ခုစီဟာလဲ ဇာတ်လမ်းတစ်ပုဒ်စီ မှုတ်လား ၊ လောကမှာ အဆုံးသတ်သွားတဲ့အဖြစ်ဆိုတာ မရှိပါဘူး ၊ လူတစ်ယောက်သေသွားဦးတော့ ၊ သူ့အသက် ရှင်စဉ်က လုပ်ခဲ့တဲ့ လုပ်ရပ်တွေရဲ့ အကျိုးဆက်ဟာ ကျန်နေခဲ့သေးတာပဲလေ ”

ကျွန်တော်က ကျွန်တော့်ခံယူချက်ကို ပြောပြလိုက်သည်။

“ ဒါကတော့ လောကနိယာမအနေနဲ့မှန်ပါတယ် ဆရာ ”

ထမင်းစားပြီးသွားပေပြီ။

မောင်ဇာနည်က ထမင်းဟင်းပန်းကန်များနှင့် ထမင်းပန်းကန်များကို ဆေးကြောရန် နောက်ဖေးရေတွင်းသို့ ယူသွားသည်။

“ ထမင်းဟင်းအကျန်တွေကို တမာပင်အောက်မှာ ပစ်လိုက်နော် မောင်ဇာနည် ”

“ ဟုတ်ကဲ့ဆရာ ”

မောင်ဇာနည်ထွက်သွားတော့ နှင်းပေါက်ဆွေးနွေးသည့်အကြောင်းအရာမှာ ခေါင်းစဉ်ပြောင်းသွားသည်။

နှင်းပေါက်က တစ်အိမ်လုံးကို ဟိုကြည့်ဒီကြည့် ကြည့်လိုက်ရင်းမှ ကျွန်တော့်ကိုမေးသည်။

“ ဆရာ ”

“ ဘာလဲနှင်းပေါက် ”

“ ဒီအိမ်ကြီးမှာ သရဲချောက်တယ်ဆိုဆရာ၊ ဆရာ အချောက်မခံရဘူးလား ”

" မခံရပါဘူးနှင်းပေါက်ရယ်၊ သရဲတကယ်ရှိရင် ဆရာနဲ့တွေ့ပြီပေါ့ "

ကျွန်တော်က အဖြစ်မှန်ကိုဖုံးဖိထားလိုက်သည်။

" မသိပါဘူးဆရာရယ်၊ တချို့ကပြောကြလို့၊ နှင်းပေါက်တို့ငယ်ငယ်ကတည်းကကြားဘူးတာ၊ ဒီအိမ်မှာ မြင်းသရဲတောင်ရှိတယ်တဲ့ "

ကျွန်တော်က ရယ်လိုက်သည်။

" ကြုံကြုံဖန်ဖန်ကွယ် "

" သွေးကွက်ကြီးဆိုတာကရောဆရာ ၊ သွေးကွက်ကြီးအကြောင်းတော့ ခုတလော တော်တော်လူပြောများနေတယ် ၊ အလုပ်သမားတွေက ကိုယ်တိုင်တွေ့ခဲ့တာတဲ့ ၊ ရွာထဲမှာပြောနေကြတယ် ၊ ဖျက်ပစ်လိုက် ပြန်ပေါ်လိုက်နဲ့ဆို ၊ ကိုဇာနည်က သူလဲတွေ့တယ်ပြောတယ် "

" ချဲ့ကားပြီးပြောကြတာပါလေ ၊ နှင်းပေါက်ကို အဲဒီသွေးကွက်ကြီး ဆရာပြပါ့မယ် "

ကျွန်တော်က ကျွန်တော်ထိုင်နေသည့် ကုလားထိုင်ဘေးမှ သွေးကွက်ကိုပြလိုက်သည်။

" သွေးကွက်လဲ ဟုတ်ချင်မှဟုတ်မှာပါနှင်းပေါက်ရယ် ၊ သစ်သားမှာနဂိုက ပါလာတဲ့ အစက်အပြောက်တွေ

ဖြစ်မှာပါ ၊ ဒါ့ကြောင့် ဖျက်မရတာပေါ့ ၊ လူတွေကချဲ့ကားပြီးပြောနေကြတာပါ ”

“ ဟုတ်ပါရဲ့ဆရာ ၊ နှင်းပေါက်တော့ လက်တွေ့မြင်ရလို့ကြေနပ်သွားပါပြီ ”

ထိုနေ့က မှောင်ရီပျိုးမှ မောင်ဇာနည်နှင့် နှင်းပေါက်တို့ပြန်သွားကြသည်။

❤ ❤ ❤

□

သည်ကနေ့တော့ သခင်ကြီးဦးစိုးအုပ်၏ စာအုပ်ဗီရိုကိုဖွင့်ကာ စာအုပ်ဟောင်းများမွှေနှောက်ဖတ်နေမိသည်။ နှစ်၃၀ကာလအထက်မကစာအုပ်များမို့ ယခုအချိန်မှာ ရှားပါးသည့်စာအုပ်များဖြစ်နေပါပြီ။ မဂ္ဂဇင်းစာအုပ်တွေချည်းမျိုးစုံလှသည်။ ရှုမဝ၊ မြဝတီ၊ သွေးသောက်၊ ပေဖူးလွှာ၊ စုံထောက်၊ လျှို့ဝှက်သဲဖိုမဂ္ဂဇင်းတွေတွေ့ရသည်။

သည်စာအုပ်တွေကို ယာတောအိမ်ကြီးမှာနေစဉ်အတွင်း ကုန်အောင်ဖတ်နိုင်မှာမဟုတ်။ ပြန်လျှင် ရန်ကုန်သယ်သွားရပေလိမ့်မည်။

ဦးစိုးအုပ်သည် စာပေဝါသနာရှင်တစ်ယောက်ဖြစ်တာ ထင်ရှား၏။ စာအုပ်တိုင်း၏ အပေါ်ဘက်ဒေါင့်တိုင်းမှာ ဦးစိုးအုပ်လက်မှတ်နှင့်ရက်စွဲကိုတွေ့ရသည်။ ရက်စွဲမှာ လက်မှတ်ထိုးတဲ့ရက်ဖြစ်နိုင်သလို စာအုပ်ဝယ်တဲ့ရက်လည်းဖြစ်နိုင်သည်။

ကျွန်တော်သည် စာအုပ်ဘီရိုနှစ်ထပ်၏အလည်မှ အံဆွဲကိုတွေ့၍ ဆွဲဖွင့်လိုက်သည်။ အံဆွဲထဲမှ သားရေဖုံးအနီနှင့် စာအုပ်တစ်အုပ်ကိုတွေ့ရသည်။ ဒိုင်ယာရီစာအုပ်မဟုတ်ပဲ မှတ်တမ်းစာအုပ်ဖြစ်၏။

စာအုပ်ကိုယူ၍ လှန်ကြည့်လိုက်ရာ ပထမစာမျက်နှာတွင် စိုးအုပ် ဆိုသည့်စာလုံးကို ပန်းစာလုံးဖြင့်ရေးချယ်ထားတာတွေ့ရ၏။

စိုးအုပ်

စာမျက်နှာအလည်တည့်တည့်တွင်တော့ အသည်းပုံတစ်ခုရေးဆွဲထားကာ ... အသည်းပုံထဲတွင် ပန်းရုံ ဆိုသည့်စာလုံးကို ရေးထည့်ထား၏။

ကျွန်တော်က စာအုပ်ကို စိတ်ဝင်စားသွားသည်။

ပန်းရုံနှင့်ပတ်သက်သည့်ခံစားချက်များကိုရေးဖွဲ့ထားသည့် စာအုပ်ဖြစ်နိုင်သည်။

အေးအေးဆေးဆေးဖတ်ကြည့်ရန် ကုတင်ပေါ်ပစ်လှဲလိုက်၏။

စာမျက်နှာများကိုလှန်ကြည့်တော့ ရှေးခေတ်ပိုင်းလောမင်နှင့်ရေးထားသည့် စာများ။ စာလုံးများမှာ နှစ်ကာလကြာ၍မှေးမှိန်ကာ အချို့နေရာများ၌ မင်များပြန့်နေသည်။ ဖတ်လို့တော့ရပါသေးသည်။

ကျွန်တော်ထင်သည့်အတိုင်းပင် … ပန်းရုံအအကြောင်း ခံစားထားသည့်စာများဖြစ်နေသည်။

☆ ☆ ☆ ☆ ☆

ဆည်းဆာချိန်မှ ပွင့်လာတဲ့ပန်းကလေးရေ – – –
အဲဒီလိုပဲ မင်းကိုတင်စားချင်တော့တယ် ကလေး ရယ်

မင်းကလေးကြောင့် ကိုယ့်နှလုံးသားတွေ လှုပ်ရှားလာရတဲ့အခါမှာတော့––– မင်းဟာ ကိုယ့်အတွက် နောက်ကျမှ ပွင့်တဲ့ ပန်းကလေးတစ်ပွင့် ဖြစ်နေပါပေါ့လား ပန်းရုံ ။

ပန်းရုံ တစ်နေ့တခြားလှလာသည်။

ပန်းရုံအလှက ကိုယ့်ကိုဆွဲဆောင်လှသည်။

မသင့်တော်ဘူးရယ်လို့ ကိုယ့်စိတ်ကို ဘယ်လိုပဲ ချိုးနှိမ်ပေ မယ့် မရတော့ပါလားပန်းရုံရယ် ။

ကိုယ့်အဖြစ်က –––

ကိုယ့်အိမ်က အစေအပါးမို့ အနိုင်ကျင့်တာမျိုး ဖြစ်တော့ မည်ထင်သည်။

ကိုယ့်ဘဝအရုဏ်ဦးတုန်းက မပွင့်ဖူးခဲ့သေးတဲ့ ပန်းကလေး

ပန်းကလေးပွင့်လာချိန်မှာတော့ ကိုယ့်ဘဝက ဆည်းဆာကိုကျောက်နေခဲ့ပြီပေါ့၊ ဒါပေမယ့်ပန်းရုံရယ်၊ ကိုယ့် နှလုံးသားက တော့ သစ်လွင်လန်းဆန်းဆဲပါကွယ်။

♥♥♥

ဒီနေ့ ပန်းရုံကို ဖွင့်ပြောလိုက်ပြီ ။

ပန်းရုံအရမ်းရက်သွားသည်၊ လန့်သွားသည် ၊

ပန်းရုံ ကိုယ့်ကို ယုံဟန်မတူ၊

ယုံပါ ပန်းရုံ ၊ အချစ်ဆိုတာကို ကိုယ်ခုမှတွေ့ရတာပါ ကလေးရယ်၊

♥♥♥

ပန်းရုံအရမ်းကြောက်နေသည်၊

ကိုယ့်ဇနီးသိသွားမှာကို သူ စိုးရိမ်နေရှာသည်၊

ကိုယ်ကတော့ ရှင်းသည်၊ ပတ္တမြားနတ်မယ် အရေး ဆိုလာလျှင် ပန်းရုံကို ချစ်လို့အတည်ကြံကြောင်း ဖွင့်ပြောလိုက် ရုံပဲရှိသည်။

ကိုယ် ပန်းရုံကို လက်ထပ်မည်၊ သခင်နဲ့ကျွန်ဆိုတဲ့ အုတ် တံတိုင်းကြီးကို ဖြိုချမည်။ခေတ်နဲ့မညီတော့တဲ့ စနစ်အို ၊ စနစ်ဆိုး တွေကို ရိုက်ချိုးပစ်ရမည်။

ကိုယ်က တကားဝင်လက်ထပ်ယူမှာဆိုတော့ ပန်းရုံလေး က သခင်မကြီးကို ကြောက်တယ်တဲ့၊

ရိုးလှချည်လား ပန်းရုံလေးရယ်– –

မင်းရှေ့မှာ ကိုယ်တစ်ယောက်လုံး ရှိပါတယ်ကွယ် – –

♥♥♥

ပန်းရုံက အပြုစုကောင်းသည်၊

အချက်အပြုတ်ကောင်းသည်၊

အိမ့်ဝှင်မပီသသည်။

ပန်းရုံအဂုည်အချင်းတွေ ပြည့်ဝပုံက ကိုယ့်ဇနီးနှင့် ဆန့် ကျင်ဖက်ပါလား၊

သည်လိုမှတ်တမ်းပြုတော့ အချစ်သစ်ဖက်က ဘက် လိုက် တယ်လို့ ယိုးစွတ်စရာဖြစ်တော့မည်၊

မိမိ လုဖို့ ပဖို့ တစ်ခုထဲစိတ်ဝင်စားပြီး အချိန်ပြည့် အလုပြင်နေသူ၊ အိမ်မှုကိစ္စ ဘာမှမတတ်ကျွမ်းသလို၊ စိတ်လဲ မဝင်စားသူ ၊ အိမ်ထောင်ဝှင်ဘဝမှာ ခင်ပွန်း သည်အနားမနေပဲ မြို့ကြီးပြကြီးမှာပျော်မွေ့သူ––– ပတ္တမြားနတ်မယ်နဲ့ ကိုယ့်ပန်းရုံ လေးကွာချင်တိုင်းကွာပါသည်။

ပန်းရုံအပြုစု အယုယများက ကိုယ့်ဘဝအတွက် အား ဖြစ် စေသလို –––

ပန်းရုံအချက်အပြုတ်ကောင်းပုံကြောင့် ကိုယ့်ထမင်း ပွဲ တွေ မြိန်ဂုသည်။

ကိုယ်,အကြိုက်ဆုံး အသည်းဟင်းများကို ပန်းရုံက အကောင်းဆုံးဖြစ်အောင် ချက်ကျွေးတတ်သည်၊

သခင်ကြီး အသည်းဟင်းကြိုက်တတ်လွန်းလို့ ပန်းရုံ အသည်းကိုတောင်ခွဲထုတ်ပြီး ချက်ကျွေးချင်ပါတယ် သခင်ကြီး ဂယ် တဲ့၊ စကားတတ်မလေး၊

ပန်းရုံဂဲ့အသည်းဆိုဂင်တော့ ဟင်းချက်ဂှာတောင် မလို ကိုယ်က တစ်ကိုက်ချင်း၊ တစ်ဖဲ့ချင်း ကိုက်စားလိုက်ချင်တာ လို့ပင် ပြန်ပြောမိသေးသည်၊ တတ်နိုင်ဂင် ပန်းရုံလေး တစ်ကိုယ်လုံးကို ကိုယ့်ဂင်ထဲမှာ ထည့်ထားလိုက်ချင်ပါဂဲ့၊ ကိုယ် က အဲဒီလောက်ထိ ချစ်တာပါပန်းရုံ၊

♥♥♥

ပန်းရုံဂဲ့ ပါးချိုင့်လေးနှစ်ဖက်က ယဥ်လွန်းလှသည်၊

တခြားသူတွေဂဲ့ ပါးချိုင့်နဲ့မတူ၊ အသည်းပုံ ပါးချိုင့် လေး၊ ပန်းရုံဂယ်လိုက်တိုင်း ပါးချိုင့်လေး နှစ်ဖက်က အသည်း ပုံစံလေး အတိုင်း ချိုင့်ဝင်သွားတတ်သည်။

တိတ်တိတ်ကလေးချစ်ဂတဲ့အဖြစ်ကို အားမဂတော့ ပါဘူး ပန်းရုံဂယ်၊

ပန်းရုံက ကိုယ့်ကို သားသားလေးတွေ ၊ မီးမီးလေးတွေ မွေးပေးဂုမည်၊ ဘယ်လောက်များ ပျော်စရာကောင်းမလဲ

အမြဲမ ပတ္တမြားနတ်မယ် မပေးနိုင်တဲ့ သားသမီး ဂုတနာ လေးတွေကို ပန်းရုံ ကိုယ့်ကို လက်ဆောင်ပေးနော် ။

♥♥♥

ဦးစိုးအုပ်၏ ရင်ဖွင့်စာများမှာ မှတ်တမ်းစာအုပ်၏ သုံးပုံနှစ်ပုံခန့်ရှိသည်၊ စာမျက်နှာ တစ်ရာကျော်ကျော် လောက်ရေးဖွဲ့ထား၏။

တစ်ထိုင်တည်းရေးထားခြင်းမဟုတ်ပဲ ၊ ခံစားချက် ရှိသည့်အခါတိုင်း ရေးခဲ့ခြင်းဖြစ်ပုံရသည်။

အားလုံးဖတ်ကြည့်လိုက်မှ ဦးစိုးအုပ်သည် ပန်းရုံကို ခြေတော်တင်ရုံ ကြံစည်ခဲ့ခြင်းမဟုတ်တာ ပေါ်လွင်လာ သည်။ ပတ္တမြားနတ်မယ်သာ မနှောက်ယှက်ခဲ့လျှင် ပန်းရုံ မှာ ဦးစိုးအုပ်၏တရားဝင်ဇနီးမယား ဖြစ်နေပေရော့မည်။

ပတ္တမြားနတ်မယ်သည် ဤမှတ်တမ်းစာအုပ်ကို ဖတ် မိခဲ့ပြီး ... မနာလိုစိတ်ဖြင့် ဦးစိုးအုပ်နှင့်ပန်းရုံအပေါ် လက်စားချေခဲ့ခြင်းဖြစ်ပါလေမည်။ မိန်းမသားတို့၏ အချစ် ရန်ညှိုးကာ ကြောက်မက်ဖွယ်ကောင်းပေစွ။

ထိုညတွင် မပန်းရုံနှင့်စကားပြောသည့်အခါ ဦးစိုး အုပ်စာအုပ်ထဲမှာပါသည့် အချက်တချို့ကို မေးကြည့်မိ သည်။

" မပန်းရုံမှာ ပါးချိုင့်ရှိတယ်ဆို "

" ဟုတ်ပါတယ် ၊ သခင် ဘယ်လိုလုပ်သိသလဲ ၊ သခင်မှ ကျွန်မကို မမြင်ဘူးတာပဲရှင် "

" သခင်ကြီးရဲ့ မှတ်တမ်းစာအုပ်ကို ဖတ်ရလို့ပါ "

" ဪ ... "

" သခင်ကြီးက မပန်းရုံကို တော်တော်ချစ်တာပဲ ၊ စာအုပ်ထဲမှာ မပန်းရုံအကြောင်းတွေချည်းရေးထားတယ် "

" စာအုပ်နီနီလေး မဟုတ်လားသခင် ၊ သခင်ကြီး က ပြဘူးပါတယ် ၊ ကျွန်မက စာမတတ်တော့ ဘာတွေ ရေးထားတယ်ဆိုတာ မဖတ်နိုင်ပါဘူးသခင်ရယ် "

" ဪ ... မပန်းရုံက စာမတတ်ဘူးကိုး ၊ ဒါနဲ့ မပန်းရုံ ဓာတ်ပုံရိုက်ဖူးသလား "

" ဓာတ်ပုံ "

" ဓာတ်ပုံဆိုတာ မပန်းရုံနားလည်သလား၊ ညည့်ခန်းမှာချိတ်ထားတဲ့ သခင်ကြီးရဲ့ပုံမျိုး ... "

" ကျွန်မနားလည်ပါတယ်သခင် ၊ ကျွန်မတစ်သက်မှာ ဓာတ်ပုံတစ်ခါပဲရိုက်ဖူးပါတယ်၊ ရွာထဲကရှင်ပြုနားသအ လှူတစ်ခုမှာပါ၊ ဘာဖြစ်လို့မေးတာလဲသခင် "

" မပန်းရုံကို မြင်ဘူးချင်လို့ပါ၊ အဲဒီပုံ ဘယ်နားမှာရှိသလဲ၊ မပန်းရုံ သိသလား "

" ကျွန်မ ဘယ်သိနိုင်ပါတော့မလဲ သခင်ရယ် "

" မပန်းရုံ ကျွန်တော်မြင်ရအောင် ကိုယ်ထင်ပြပေးပါလားဟင်၊ ကျွန်တော် မပန်းရုံကို မြင်ဘူးချင်လို့ပါ "

" အမလေး ၊ ဘယ်ဖြစ်မှာလဲ သခင်ရယ်၊ သခင်တို့လိုဘုန်းကံရှိတဲ့လူအနားကို ကျွန်မတို့ဝိညာဉ်တွေ လာလို့မရပါဘူး၊ ကျွန်မတို့မှာ ပူလောင်လွန်းလှပါတယ်သခင် "

" အဝေးကနေ မြင်အောင်ပြလို့ရော ရသလားမပန်းရုံ၊ ကျွန်တော်ရောက်တဲ့နေ့က အခန်းထဲမှာ မပန်းရုံကိုမြင်လိုက်ရတာပဲ "

" ကျွန်မတို့မှာ ဘာတန်ခိုးသတ္တိမှမရှိပါဘူးသခင်ရယ်၊ ကျွန်မကတော့ လူတွေကိုမြင်နေရတာပါပဲ၊ သခင့်

ကိုလဲ တွေ့မြင်နေရတာပါပဲ၊ လူတွေကတော့ ကျွန်မကို မြင်တဲ့အခါမြင်တယ်၊ မမြင်တဲ့အခါ မမြင်ကြပါဘူး ”

ကံနိမ့်တဲ့အချိန်မှာ နာနာဘာဝတွေကို မြင်ရတယ် ဆိုတဲ့သဘောမျိုးဖြစ်လိမ့်မည်ထင်ပါသည်။

“ ကျွန်မ လူတွေကိုတွေ့တိုင်း လက်ယပ်ခေါ်လေ့ ရှိပါတယ်၊ တချို့က ကျွန်မကိုမမြင်ကြပါဘူး၊ မြင်တဲ့တချို့ ကျတော့ ကျွန်မကိုကြောက်လန့်ပြီးထွက်ပြေးကြပါတယ်၊ ကျွန်မကိုမြင်ဘို့အတွက် ကိုယ်ထင်ပြနိုင်တဲ့အစွမ်း ကျွန်မမှာ မရှိပါဘူးသခင်၊ မြင်ချင်လဲမြင်လိမ့်မယ်၊ မမြင်ပဲနဲ့လဲရှိနိုင် ပါတယ်၊ တကယ်တော့ ကျွန်မဒီအခန်းထဲမှာပဲ အမြဲရှိနေ တာပဲလေ၊ သခင်ကသာ မမြင်တာပါ၊ ကျွန်မက သခင့်ကို မြင်နေရပါတယ်သခင် ”

“ ဒီလိုလုပ်ပါလားမပန်းရုံ၊ မပန်းရုံတစ်နေရာရာမှာ ရပ်နေပါလား၊ ဘယ်နေရာမှာနေမယ်ဆိုတာပြော၊ မြင်ရ မမြင်ရ ကျွန်တော်ကြည့်ပါရစေ ”

မပန်းရုံဘက်မှ အသံတိတ်သွားသည်။

ခဏကြာမှာ မပန်းရုံအသံ ပန်းအိုးထဲမှ ထွက်ပေါ် လာ၏။

" သခင်နဲ့ခပ်ဝေးဝေးတစ်နေရာမှာ ရပ်နေမယ် လေသခင်၊ ကျွန်မ လှေကားထိပ်တည့်တည့်မှာ ရပ်နေပါ့ မယ်၊ သခင် ထွက်ကြည့်ပါ "

ကျွန်တော်ဝမ်းသာသွားသည်။ မမြင်ရလျှင်လည်း မ တတ်နိုင်။ မြင်ရလျှင်တော့ အမြတ်ပင်။

ကျွန်တော်က အိတ်ထဲမှ ကင်မရာကိုထုတ်ယူလိုက်၏။ ကင်မရာထဲတွင် ဖလင်၊ဓာတ်ခဲအသင့်ရှိနေပြီး ပုံဆယ် ပုံခန့်သာရိုက်ရသေးသည့် ရိုက်လက်စဖလင်ရှိနေသည်။

မပန်းရုံကိုမြင်ရလျှင် ဓာတ်ပုံနှင့်မှတ်တမ်းတင်ထား ရန် အကြံနှင့် ကင်မရာကိုယူကာ ညေ့ခန်းသို့ထွက်လိုက် ၏။

ညေ့ခန်းမှ အပေါ်ထပ်သို့ အဆစ်အချိုးမရှိ၊ တည့်တည့်ကြီး ထောင်တက်နေသောလှေကားကြီးဆီသို့ မော်ကြည့်လိုက်သည်။ ညအမှောင်ထုကြောင့် လှေကားကို ဝိုးတဝါးသာမြင်တွေ့နေရပြီး … လှေကားထိပ်၌ ဘာမှမ မြင်ရပေ။

ခဏနေတော့ … လှေကားထိပ်၌ ဖြူဖြူသဏ္ဌာန် အရိပ်တစ်ခုမြင်လာရသည်။ အရိပ်ဖြူဖြူသည် မြူနှင်းထု နှယ်ပါးလွှာပြီး ထုထည်မရှိသယောင် လှုပ်ယိမ်းနေသည်။

ကြည်လင်သောရေအောက်မှ အရာဝတ္ထုတစ်ခုကို ကြည့်ရသကဲ့သို့ပင် ရိပ်ရိပ်...ရိပ်ရိပ်နှင့် ပုံရိပ်ထင်နေ၏။

မိန်းမသဏ္ဍာန်ဆိုတာတော့ သိသာသည်။ ခေါင်းနေရာ၊ ကိုယ်နေရာ၊ ခြေလက်နေရာများ အချိုးတကျမြင်နေရ၏။ တစ်ကိုယ်လုံးကို အဖြူရောင်ပြင်တစ်ပြင်လုံးအဖြစ်မြင်ရပြီး အချိုးအကွေ့ အရေးအကြောင်းများကို မမြင်တွေ့ရပေ။ မျက်နှာကိုလည်း မျက်လုံး၊နှာတံ၊နှုတ်ခမ်းများဟူ၍ ခွဲမမြင်ရပဲ ချပ်ပြားသဏ္ဍာန်သာ တွေ့မြင်ရ၏။

မိန်းမခန္ဓာကိုယ်သဏ္ဍာန် ကိုက်ညှပ်ထားသော ဇာပုဝါပါးပါးတစ်စကို ချိတ်ဆွဲထားသည့်အလား ထင်ရလေသည်။ ဇာပုဝါးသည် လေထဲတွင်လွင့်နေသည့်သဖွယ် လွန့်လွန့်...လွန့်လွန့်နှင့် မြင်နေရ၏။

ကျွန်တော်သည် ကင်မရာကို ပုံရိပ်ဆီသို့ချိန်ကာ ခလုတ်နှိပ်လိုက်သည်။ အားကောင်းသော ဖလက်ရှ်ဂန်းမီးအဖြူရောင်က တစ်အိမ်လုံးကို ဝါးမြိုလိုက်သည်။

ဖလက်ရှ်ဂန်းမီးရောင်အလင်းတွင် မပန်းရုံ၏ဝိညာဉ်ရိပ်ဖြူဖြူသည် မီးအလင်းဖြူအောက်တွင် ရော၍ပျောက်ကွယ်သွားလေသည်။ မီးရောင်အပျောက်မှာ မပန်းရုံသဏ္ဍာန်ပြန်ပေါ်လာ၏။

ကျွန်တော်က ကင်မရာခလုတ်ကို သုံးကြိမ်တိတိ ဆက်တိုက်နှိပ်ပြီး ဓာတ်ပုံရိုက်ယူလိုက်သည်။ တစ်ပုံမကောင်းလျှင် တစ်ပုံရရန် သေချာအောင်ရိုက်ယူလိုက်ခြင်း ဖြစ်ပါ၏။

ဓာတ်ပုံရိုက်ပြီးသည်နှင့် မပန်းရုံ၏ဝိညာဉ်အရိပ်သည် တဖြည်းဖြည်းမှိန်ဖျော့ပျောက်ကွယ်သွားလေသည်။

အိပ်ခန်းထဲ ကျွန်တော်ပြန်ဝင်ခဲ့၏။

ပန်းအိုးလေးကို နားတွင်ကပ်၍ မပန်းရုံနှင့် ပြန်လည်ဆက်သွယ်ကြည့်တော့--

" မြင်ရသလားသခင် "

" မြင်ရပါတယ်မပန်းရုံ "

" မီးရောင်လင်းသွားတာ ဘာလုပ်လိုက်တာလဲသခင် "

" ဓာတ်ပုံရိုက်လိုက်တာပါ "

" အို "

" ဒါနဲ့မပန်းရုံ ၊ ဟောဒီအိမ်ကြီးထဲမှာ မပန်းရုံဝိညာဉ်တစ်ခုထဲရှိတာလား၊
တခြားဝိညာဉ်တွေရှိသေးသလား မပန်းရုံ "

" ကျွန်မတစ်ယောက်ထဲရှိတာပါ၊ ဘာဖြစ်လို့လဲသခင် "

ပတ္တမြားနတ်မယ်၏ သွေးကွက်သည် ဝိညာဉ်မရှိပဲ အသက်ဝင်နေသည်မှာ ပဟေဠိတစ်ပုဒ်ဖြစ်နေပြန်၏။

" ဝိညာဉ် နာနာဘာဝအချင်းချင်းရော မြင်နိုင်သလားမပန်းရုံ "

" ကျွန်မအစာရှာထွက်တဲ့အခါ ရွာပြင်ကသစ်ပင်တွေမှာနေကြတဲ့ ပြိတ္တာဘုံသားတွေကို မြင်တွေ့ရပါတယ်၊ ပြိတ္တာတွေဟာ အစားအသောက်အတွက် အမြဲပူပန်ပြီးရှာဖွေနေရလို့ အချင်းချင်း ပြောဆိုတာ၊ ဆက်ဆံတာ မရှိသလောက်ပါပဲ "

" ဩော် ... "

" တချို့ပြိတ္တာတွေဟာ လူ့ဘဝတုန်းက ကျွန်မသိတဲ့လူတွေပါ၊ ပြိတ္တာဘဝက မကျွတ်လွတ်နိုင်ပဲ သက်တမ်းရှည်နေတဲ့ ပြိတ္တာတွေလည်းရှိပါတယ်၊ အဲဒါဟာ သက်ဆိုင်တဲ့ ကျန်ရစ်သူတွေဆီက အမျှအတန်းကို မရလို့ပါပဲသခင်၊ ကျွန်မလည်း ဒီလိုပါပဲ၊ ကျွန်မကိုကယ်တင်ပါဦး သခင်ရယ်၊ ကျွန်မ ဒီဘဝဆိုးကြီးက ကျွတ်လွတ်ချင်ပါပြီရှင်၊ ကျွန်မအလောင်းကိုရှာပေးပါ၊ ကျွန်မသချိုင်းကိုရှာပေးပါ၊ ကျွန်မကိုသပိတ်သွတ် အမျှဝေပေးပါသခင်ရယ် ... "

ဩော် ... ဖြစ်ရလေမပန်းရုံရယ် ...

မပန်းရုံဘဝကျွတ်လွတ်အောင် ကျွန်တော်အစွမ်းကုန်ကြိုးစားပါ့မယ်။

❤ ❤ ❤

□

မပန်းရုံ၏ဝိညာဉ်ကို သုံးပုံရိုက်ယူပြီးသည့်အချိန်တွင် ကျွန်တော့်ကင်မရာ၌ ဖလင်ကွက် ၁၈ကွက် ကုန်သွားပြီဖြစ်၏။ ဖလင်၁၅ကွက်ခန့်ရိုက်ရန်ကျန်သည်မို့ ... ဓာတ်ပုံရိုက်ရန် အပြင်သို့ထွက်လာခဲ့သည်။

ဖလင်ကွက်အားလုံးကုန်မှ ဓာတ်ပုံကိုကူးယူနိုင်မည်ဖြစ်သည်။

ကျွန်တော်သည် ခြံရှေ့တွင်ရပ်ရင်း မျက်နှာချင်းဆိုင်ရှိ ရောဝတီမြစ်ရှုခင်းကို ငေးမျှော်ကြည့်လိုက်သည်။

မြစ်ကမ်းစပ်တွင် ဓာတ်ပုံရိုက်ရန်ဆုံးဖြတ်လိုက်၏။

ရောဝတီမြစ်သည် ညနေဆည်းဆာချိန်၌ ရောင်စုံတိမ်များယှက်သန်းကာ လှချင်တိုင်းလှနေ၏။

ကျွန်တော်က ရောဝတီမြစ်ကမ်းဆီသို့ ရွာနှင့်ဝေးသည့်ဖက်မှကွေ့ပတ်၍လျှောက်ခဲ့သည်။ ယာတောအိမ်ကြီးနှင့်ရောဝတီမြစ်ကြားတွင် လယ်ကွက်အပျက်များ၊ကိုင်းတောများနှင့်ရွံ့နွံများခံနေသည်မို့ တည့်တည့်ဖြတ်လျှောက်လို့မရပေ။

ကျွန်တော်က လမ်းလျှောက်လို့ရသည့်လူသွားလမ်းပေါင်းလေးအတိုင်းလိုက်ရင်း လမ်းမှာတွေ့သည့် လှပသောရှုခင်းရှုကွက်များကို ဓာတ်ပုံရိုက်လာလိုက်သည်။ ရေအိုင်ထဲမှာ ခြေတစ်ဖက်ထောက်ရပ်၍ ငါးစောင့်နေသော

ဗျိုင်းတစ်ကောင်က စိတ်ဝင်စားစရာကောင်းသလို၊ အိပ်တန်းပြန်လာသောငှက်တစ်အုပ်၏ မြင်ကွင်းကလည်း လှပလွန်းပါသည်။ ထိုရှုခင်းများကို မလွတ်တန်းရိုက်ယူလိုက်၏။

မြစ်ကမ်းစပ်ရောက်တော့ ပိုက်ကွန်ချနေသည့် တံငါလှေတစ်စင်းကို တစ်ပုံ၊ ကောင်းကင်မှာ တိမ်ရောင်စုံတောက်ပနေသော ရှုခင်းကိုတစ်ပုံ၊ မိုးကုပ်စက်ဝိုင်းထဲကို နေတစ်ဝက်မြုပ်ဝင်သွားသည့် နေဝင်ချိန်အလှပုံကတစ်ပုံ... တန်းစီပြီးရိုက်ယူလိုက်သည်။

ပုံများဆေးသားကောင်းမွန်စွာနှင့် ရှုခင်းလှပစွာထွက်ပေါ်လာပါက ကျွန်တော့်စာအုပ်များအတွက် မျက်နှာဖုံးပုံများဖြစ်လာပေလိမ့်မည်။

ကျွန်တော်က ဓာတ်ပုံရိုက်ရင်း မြစ်အဆုန်ဖက်သို့ ရွေ့လာခဲ့ရာ မြကျွန်းသာရွာနှင့်တည့်တည့်နေရာသို့ရောက်လာခဲ့၏။

ရွာဖက်သို့မျှော်ကြည့်လိုက်ရာ ရွာသည် တောအုပ်နှင့်တောင်တန်းနောက်ခံဖြင့် လှပစွာရှိနေ၏။ နေဝင်ချိန်တွင် ရွာ၏အလှက လွမ်းမောဘွယ်ရာပင်။ ဟိုးတစ်ဖက်မှာတော့ ကျွန်တော်တို့ယာတောအိမ်ကြီးက ထီးထီးမားမားကြီးတည်နေပါ၏။

ကျွန်တော်က ရွာ၏ရှုခင်းနှင့် ယာတောအိမ်ကြီးပါ ပါအောင် ဓာတ်ပုံများရိုက်ယူလိုက်ပြန်သည်။

မြစ်ဆုန်ဖက်သို့ဆက်လျှောက်လာရာ တစ်နေရာ၌ သောင်ပြင်ပေါ်တွင် ရွှေကျင်နေသည့်ရွာသားတချို့ကိုတွေ့ရ လေသည်။ သဲသောင်များကို ဇကာနှင့်တိုက်ချကာ ရွှေကျင် နေကြခြင်းဖြစ်၏။ သူတိုပုံကို ခပ်လှမ်းလှမ်းမှတစ်ပုံရိုက်ယူ လိုက်ပြီး ရွှေကျင်နေသည့်နေရာသို့လျှောက်သွားလိုက်သည်၊

ကျွန်တော်နှင့်မျက်မှန်းတန်းမိနေသည့် ရွာသားတ ချို့ကိုတွေ့ရ၏။

ကျွန်တော်က ရွှေကျင်ပုံကိုလေ့လာရင်း ရွှေကျင် သည့်အကြောင်းကိုမေးမြန်းရင်း စကားလက်ဆုံကျနေမိ၏။ ဒေသန္တရဗဟုသုတဖြစ်၍ သင့်တော်သောဝတ္ထု၌ထည့်၍ရေး ရပေမည်။ ရေးလက်စ **ချစ်ရည်စက်စက်ယို** တွင်လည်းအံ ဝင်လျှင် ထည့်၍ရေးဖြစ်ပေဦးမည်။

မှောင်ရီသန်းလာသည့်အခါ ရွှေကျင်သူများကိုနှုတ် ဆက်၍ ကမ်းပေါ်ပြန်တက်ခဲ့သည်။

အိမ်အထိရောက်ရန် ခရီးအတော်လှမ်းသွားပေပြီ။

ကျွန်တော်က ရွာထဲမှမဖြတ်ပဲ ရွာ့အပြင်ဖက် ရွာ နှင့်မြစ်အကြား သဲလမ်းမှဖြတ်၍ပြန်လာခဲ့သည်။

ရွာအစပ်နားအရောက်တွင် ထန်းပင်အပင်နှစ်ဆယ်ခန့်ရှိသည့် ထန်းတောတစ်ခုကိုတွေ့ရ၏။ ထန်းတဲဘေးတွင် ခုံပုလေးများဖြင့် ထန်းရည်ဝိုင်းဖွဲ့နေသော ရွာသားတချို့ကိုလည်း လှမ်းမြင်ရသည်။

ကျွန်တော်သည် ထန်းတောဘေးမှဖြတ်လျှောက်လာခဲ့ရင်း အစွန်ဆုံးထန်းပင်တစ်ပင်တွင် သစ်သားပြားပေါ်၌ မီးသွေးနှင့်ရေးထားသည့်ဆိုင်းဘုတ်တစ်ခု သံနှင့်ကပ်ရိုက်ထားတာကိုတွေ့ရသည်။




စာရေးဆရာတစ်ယောက်၏ ကလောင်နာမည်နှင့်တူနေ၍ ပြုံးလိုက်မိသေးသည်။ ဆိုင်းဘုတ်ကတော့ ရေးထားတာ နှစ်ပေါင်းအတော်များများကြာမြင့်နေပြီဖြစ်ဟန်တူသည်။

ကျွန်တော်က ထန်းတောကို လွန်၍လျှောက်လာလိုက်သည်။

“ ဆရာလေး ... ဆရာလေး ”

နောက်မှခေါ်သံကြောင့် တုံ့ကနဲရပ်၍ လှည့်ကြည့်လိုက်သည်။

အဘိုးအိုတစ်ဦးက ကျွန်တော့်ကို လှမ်းခေါ်ရင်း နောက်မှလိုက်လာ၏။ အနားရောက်လာတော့ အသားအရည်များတွန့်ရှုံ့နေသည့် အသက်ရဝကျော်ခန့်အဘိုးအိုတစ်ဦးကိုတွေ့ရလေသည်။

“ ဆရာလေးက ယာတောအိမ်ကြီးကို လာလည်တဲ့ဧည့်သည်မဟုတ်လား ”

အဘိုးအိုက သူ၏မှုံသောမျက်လုံးများကို မှေး၍ လက်ဖြင့်ကာရင်း ကျွန်တော့်ကိုသေချာကြည့်သည်။

“ အို ... သခင်ကြီးနဲ့ တထေရာထဲပါလား ”

အဘိုးအို အပြောကြောင့် ကျွန်တော့်မှတ်ဉာဏ်ထဲတွင် တစ်စုံတရာကို သတိရလိုက်သည်။

“ အဘက ဦးညိုအေးလား ”

ယာတောအိမ်ကို လာရောက်ရှင်းလင်းပေးသွားသည့်အဖွဲ့ထဲက ဦးစံမြင့်ဆိုသည့်ရွာသားကြီးပြောသွားသည့် “ဒီအိမ်ကြီးအကြောင်းကို ခရေစေ့တွင်းကျသိတဲ့လူကြီးတစ်ယောက် ခုထိရှိသေးတယ်ဗျ၊ ဦးညိုအေးတဲ့၊ ရွာပြင်ကထန်းတောမှာနေတယ် ” –ဆိုသည့်စကားကို သတိရလိုက်ခြင်းဖြစ်သည်။ ကျွန်တော်ရောက်နေသည့်နေရာသည်မောင်

ညိုအေးထန်းတောဖြစ်ပြီး အဘိုးကြီးက ကျွန်တော့်ကို ဦးစိုးအုပ်နှင့်တူသည်ဟု မှတ်ချက်ချလိုက်ခြင်းမှာ ထိုအဖိုးအိုကို ဦးညိုအေးမှန်း တန်း၍သိသွားစေတော့၏။

" ဩော ... ဆရာလေးက ကျုပ်ကိုသိသကိုး "

" ဦးစံမြင့်ပြောပြဘူးလို့ပါ အဘ "

" ကောင်းကွယ်၊ ကျုပ်ထန်းတော ဝင်ပါဦးဆရာလေးရဲ့ "

ကျွန်တော်က အနည်းငယ်တွေဝေသွားသည်။

" ကျွန်တော် ထန်းရည်မသောက်တတ်ဘူးအဘ "

" မသောက်တတ် မသောက်နဲ့ပေါ့ကွယ်၊ စကားစမြည်ပြောရတာပေါ့ ၊ ဆရာလေးရုပ် မြင်လိုက်ရတော့ သခင်ကြီးကိုသထိရလွန်းလို့ပါ၊ ရှေးဟောင်းနှောင်းဖြစ်တွေ တွေးမိလို့ပါ "

ရှေးဟောင်းနှောင်းဖြစ်တဲ့။ ယာတောအိမ်ကြီးရဲ့ အတိတ်ဖြစ်ရပ်များကို ဦးညိုအေးဆီမှ မေးလို့ရနိုင်ပေမည်။

" လာ - ဆရာလေး "

ဦးညိုအေးက တန်းတောထဲခေါ်သွားကာ ထန်းလက်ဖြင့်ပြုလုပ်ထားသည့် ပက်လက်ကုလားထိုင်တစ်လုံးချပေးပြီး ကျွန်တော့်ကို ထိုင်စေသည်။

“ ဖိုးပျော့ရေ၊ ရေနွေးကြမ်းကရားနဲ့ ထည့်ဖုံး ယူခဲ့စမ်းဟေ့ ”

ဦးညိုအေးက တဲဆီလှမ်းအော်လိုက်ကာ အခြား ကုလားထိုင်တစ်လုံးနှင့် ကျွန်တော်နှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်၏။

“ သတင်းကြားတယ်၊ ဆရာလေးကိုလာတွေ့မလို့ ပဲ၊ အသက်ကကြီးလာတော့ တစ်ယောက်ထဲဝေးဝေးမသွား နိုင်ဘူးဆရာလေးရေ၊ အိမ်ကသမီးတွေကလဲ မလွှတ်ဘူးဗျ”

“ ဟုတ်တာပေါ့ အဘရယ် ”

ကောင်လေးတစ်ယောက်က ခုံပုလေးတစ်လုံးယူ လာကာ ကျွန်တော်နှင့်ဦးညိုအေးကြားမှာ ချ၏။ ခုံပေါ်မှာ ရေနွေးကရား၊ အကြမ်းပန်းကန်နှင့် ထန်းလျက်များပါသော ပုလင်းတစ်လုံးကိုတင်ပေးသည်။

“ အဲဒါကျုပ်မြေးလေ၊ အသက်ကြီးလာတော့ ထန်းရည်ရောင်းတာ၊ထန်းပင်တက်တာကအစ မြေးတွေ၊သ မက်တွေပဲခိုင်းရတော့တယ်၊ ထည့်စား ဆရာလေး၊ ထန်း ရည်မသောက်တတ်တော့ ထည့်စားပေါ့ဗျာ၊ တကယ်က ဒီထန်းပင်ကချည်းပါပဲ၊ ဟား … ဟား … ဟား … ”

အတော်စကားများမည့်အဘိုးကြီး၊ နဂိုကစကားများ တတ်တာလား၊ အသက်ကြီးလာလို့စကားများတာလားတော့ မသိ။

“ အဘက ကျွန်တော့်ဦးလေးဦးစိုးအုပ်နဲ့ အတော် ရင်းနှီးသလား ”

“ ရင်းနှီးပြီလားဗျာ၊ တောပစ်ထွက်ရင် ကျုပ်ချည်း ခေါ်တာပဲ၊ ကျုပ်က ဒီနားတဝိုက် တောကျွမ်းသလေ၊ သ ခင်ကြီးက သိပ်အားကိုးတာပေါ့ ”

ဦးစိုးအုပ်နှင့်အတူ တောပစ်ထွက်သည့်အကြောင်း တွေတသီတတန်းကြီး ပြန်ပြောပြနေ၏။ ဆတ်ကြီးကိုပစ်စဉ် ကအကြောင်း ၊ ဦးစိုးအုပ်က သူ့ကိုသေနတ်ပေးကိုင်သည့် အကြောင်း ၊မြင်းကြီးအောင်စည်လိမ္မာသည့်အကြောင်းတွေ လဲပါသည်။ရေပက်မဝင် သူချည်းပြောနေတော့၏။ ကျွန် တော်သိချင်သည်မှာ ယာတောအိမ်ကြီးမှလူများအကြောင်း သာဖြစ်သည်။ စကားများသောဦးညိုအေး စကားများကို သည်းခံနားထောင်နေရ၏။

“ ဘကျွာစိုးကြီးဦးဖိုးသာဒင်အကြောင်းပြောပါဦး”

“ သာဒင်က ကျုပ်သူငယ်ချင်းပဲ၊ ဒီကောင်က ည နေဆို ကျုပ်ထန်းတောရောက်လာတတ်တာ၊ သခင်ကြီးက ထန်းရည်သောက်တာကို ခွင့်ပြုပေမယ့် အရမ်းမူးအောင်

သောက်ရင်မကြိုက်ဘူး၊ ဒီတော့ ဒီကောင်က ထန်းရည် တစ်မြူချ၊ ပြီးရင် ထည်ကန်နဲ့ချက်တဲ့တောတစ်လုံး ခါးကြား ထိုးပြီးပြန်တာပဲ ၊ ဟား – ဟား – ဟား – ”

အဘိုးကြီးက ပြောရင်းရယ်လိုက်သည်။

“ ချက်အရက်ပုလင်းကို ခြံစည်းရိုးအစပ်ကခြုံပုတ်ထဲ ဝှက်ထားခဲ့တာဗျ၊ ည သခင်ကြီးအိပ်မှာ ယူပြီးတစ်ည လုံးသောက်တာပဲ၊ သာဒင်က အဲ့လိုကောင် ”

“ ဦးဖိုးသာဒင်က အိမ်ထောင်ရှိလား ”

“ ကျဘူးတယ် ၊ မြကျွန်းသာရောက်တော့ သူ့အိမ်ထောင်က ဆုံးသွားပြီ၊ မုဆိုးဘိုပေါ့ ”

“ ဒေါ်အိုဇာကရော၊ ဒေါ်အိုဇာအကြောင်းပြောပြပါဦး ”

“ ကလေးထိန်းမိန်းမကြီးပါ၊ ယောကျ်ားမရှိဘူး ၊ အပျိုကြီးတဲ့၊ အသက်ကကျုပ်တို့ သာဒင်တို့ထက် ဆယ်နှစ် လောက်ပိုကြီးမယ်၊ အမယ်ကြီးလဲ သွေးဆုံးကိုင်သေတာပါပဲ ”

“ မပန်းရုံကရော ”

“ ပန်းရုံ ဟုတ်လား ၊ အင်း … ပန်းရုံ ၊ ပန်းရုံ”

ဦးညိုအေးက သက်ပြင်းချရင်း တွေဝေသွားသည်။

“ သနားစရာမိန်းကလေးပါကွယ်၊ ရိုးလဲရိုး၊ အ,လဲ အ,ရှာတယ်၊ ကြားက ဓားစာခံဖြစ်ပြီးအထိနာဆုံးကတော့ ပန်းရုံပဲ ”

“ ဘယ်လိုအထိနာတာလဲအဘ၊ ကျွန်တော့်ကို ပြောပြပါဦး ”

ဦးညိုအေးက ကျွန်တော့်ကို ဖျတ်ကနဲကြည့်လိုက်သည်။

“ ဒီအကြောင်းတွေ ဆရာလေးလဲသိပြီးသားဖြစ်မှာပါ ”

“ လူကြီးတွေပြောပြသလောက်ပဲ သိရပါတယ် အဘ၏ ကျွန်တော်မမွေးခင်က အကြောင်းတွေလေ၊ အဘလိုသိမှီလိုက်တဲ့ လူကြီးတွေဆီကကြားချင်ပါတယ်၊ အဘက ယာတောအိမ်ကြီးကို ဝင်ထွက်နေတဲ့သူဆိုတော့ တိတိကျကျပြောနိုင်မှာမို့ပါ ”

“ အင်း … ”

အဘိုးအိုက ညည်းသံပြုရင်း အဝေးကိုငေးသွားသည်။

“ ပတ္တမြားသခင်မက အိမ်ထောင်ရှင်မ မပီသခဲ့တော့ ဒါတွေဖြစ်လာရတာပဲ ဆရာလေး၊ ပတ္တမြားသခင်မဟာ သခင်ကြီးရဲ့ဇနီးဖြစ်ပေမယ့် သခင်ကြီးနဲ့အတူမနေဘူး၊

ရန်ကုန်မှာပဲနေတယ်၊ သခင်ကြီးက ဗျာ၊ အရွယ်ကောင်းပဲ၊ ပန်းရုံကလဲ အရွယ်ရောက်လာတော့ ငြိစွန်းကြတာပေါ့၊ ဒါဟာ သဘာဝပဲ ၊ မဟုတ်ဘူးလားဆရာလေး ”

“ ဟုတ်ကဲ့ ”

“ ကျုပ်တော့ သခင်ကြီးကို အပြစ်မမြင်ဘူးဗျ ၊ ယောကျ်ားကိုး၊ အရွယ်ရှိတာကိုး၊ ဒီလိုမဖြစ်အောင် ပတ္တမြားသခင်မက သခင်ကြီးနဲ့အတူနေရမယ်ဗျ၊ ထိမ်းသိမ်းရမယ်ဗျ၊ ခုတော့ဗျာ … သူ့ကြောင့်လဲအိမ်ထောင်ရေး ကမောက်ကမဖြစ်ရသေးတယ်၊ သူက ပန်းရုံလေးကိုသတ်ပစ်သေးတယ် ”

“ ပတ္တမြားနတ်မယ်က မပန်းရုံကို အဆိပ်ခပ်သတ်တယ်ဆိုတာ တကယ်ပဲလားအဘ ”

“ တရားရုံးမှာ သခင်ကြီးအစစ်ခံတော့ ပြောပြတယ်လေ၊ ပန်းရုံကိုသတ်ပစ်လို့ပဲ သခင်ကြီးက သူ့မိန်းမကို သေနတ်နဲ့ပစ်တာကိုး ”

“ မပန်းရုံရဲ့အလောင်းကို တွေ့သလားအဘ ”

“ မရှာကြဘူး၊ အဖြစ်က ပြီးပြီလေ၊ ပတ္တမြားသခင်မလဲ သေ၊ သခင်ကြီးလဲ ကြိုးပေးခံရ ”

" ဦးဖိုးသာဒင်ကလဲ ထွက်ပြေးသွားတယ်မှတ်လား၊ အဖြစ်အပျက်အစအဆုံးကို ဦးဖိုးသာဒင် သိနိုင်တာပေါ့ "

" အခင်းဖြစ်တဲ့ညမှာပဲ သာဒင်ပျောက်သွားတယ်လေ၊ တရားခံသခင်ကြီးက အားလုံးဝန်ခံလိုက်တော့လည်း သာဒင့်ကိုမရှာကြတော့ဘူးပေါ့ "

" မပန်းရုံအလောင်းက ဘယ်ကိုရောက်သွားတာလဲ ဦးဖိုးသာဒင်တစ်ယောက်ပဲ သိနိုင်တော့တာပေါ့ "

" ခုလောက်ရှိ အရိုးလဲဆွေးပြီပေါ့ဆရာလေးရယ်၊ သာဒင်လဲ ဒီစိတ်တွေကြောင့်ထင်ပါရဲ့၊ ကျုပ်နဲ့ပြန်တွေ့တော့ နလံမထူတော့ဘူး "

" ဘာ – အဘနဲ့ပြန်တွေ့တယ်၊ ဦးဖိုးသာဒင်ကို အဘပြန်တွေ့သေးတယ်၊ ဟုတ်လားအဘ၊ ဘယ်မှာတွေ့တာလဲ၊ ဘယ်တုံးကတွေ့တာလဲ ၊ အခုရှိသေးလားအဘ "

ကျွန်တော်က အငမ်းမရမေးလိုက်သည်။

" အမှတ်မထင်ပြန်တွေ့တာပါ၊ လွန်ခဲ့တဲ့ငါးနှစ်ကပေါ့၊ ပုဂံကို ဘုရားဖူးသွားရင်းပြန်တွေ့တာ "

" ဟာ ... ပြောပါဦးအဘရယ် ၊ သူ ၊ သူ ၊ ဘယ်မှာနေသလဲ "

" ပုဂံက တောင်ဘီရွာမှာ နေသတဲ့ကွဲ၊ သူ့မြေးလေးနဲ့နေတယ်ပြောတယ်၊ ကျုပ်က ဘုရားဖူးကားနဲ့လိုက်သွားတာဆိုတော့ ကားရပ်တုန်း ခဏပဲဆုံလိုက်တာ "

" တောင်ဘီရွာမှာ အခုရော ရှိနိုင်သေးသလားဟင် "

" လူကြီးဆိုတော့ ပြောနိုင်ဘူးလေ၊ သေရင်လဲ သေရောပေါ့၊ ကျုပ်နဲ့တွေ့တော့ ကျန်းမာရေးမကောင်းလှဘူး၊ အသက်ကလည်းမငယ်တော့ဘူး၊ ကျုပ်နဲ့ရွယ်တူဆိုတော့ ၇၀–ကျော်ပြီဗျ "

ပုဂံ ၊ တောင်ဖီရွာ

ပုဂံ ၊ တောင်ဖီရွာ

ကျွန်တော်က ဦးဖိုးသာဒင်ကိုတွေ့ခဲ့သည့် တောင်ဖီရွာနာမည်ကို မမေ့အောင် ထပ်တလဲလဲရွတ်နေမိသည်။

ဦးညိုအေးနှင့်တွေ့လိုက်သည့်အတွက် မမျှော်လင့်သောသဲလွန်စတစ်ခုကို ရလိုက်ပေပြီ။

မပန်းရုံရဲ့အလောင်း ဘယ်နေရာမှာ မြှုပ်ထားတယ်ဆိုတာ ဦးဖိုးသာဒင်တစ်ယောက်သာ သိနိုင်တယ်မဟုတ်လား။

" တော်တော်တောင်မှောင်သွားပြီအဘ၊ ကျွန်တော့်ကိုခွင့်ပြုပါဦး၊

ဦးညိုအေးကိုနှုတ်ဆက်ကာ မောင်ညိုအေးထန်းတောမှ ကျွန်တော်ပြန်လာခဲ့သည်။

အချိန်က ညအမှောင်ထုလွှမ်းနေပေပြီ။

အိမ်ပြန်ရောက်တော့ ... ပေါ်တီကိုအောက်က လှေကားထစ်မှာ ထမင်းချိုင့်လေးကိုင်စောင့်နေတဲ့ မောင်ဇာနည့်ကိုတွေ့ရသည်။ ကျွန်တော် အိမ်တခါးသော့ခပ်ခဲ့၍ အိမ်ထဲမဝင်နိုင်ခြင်းဖြစ်သည်။

" ဟေး – မောင်ဇာနည် ၊ ရောက်နေတာကြာပြီလားကွ "

" ကြာပြီဆရာ ၊ ဆရာဘယ်သွားနေတာလဲ "

" ကမ်းနားသွားပြီးဓာတ်ပုံရိုက်တာကွ "

ကျွန်တော်က ကင်မရာကိုမြှောက်ပြပြီးပြောလိုက်သည်။

ထိုညက မောင်ဇာနည်အပြန်တွင် ကင်မရာထဲမှ ဖလင်လိပ်ကိုထုတ်၍ပေးလိုက်သည်။

" မနက် မင်းအဖေ ပေါက်ဦးတောသွားရင် ပေးလိုက်ပါကွာ၊ ပေါက်ဦးတောက ဓာတ်ပုံဆိုင်တစ်ဆိုင်ဆိုင်မှာ ကူးခဲ့ပါလို့ "

❤ ❤ ❤

□

“ ဦးညိုအေးကိုသိသလားမပန်းရုံ ”

“ ထန်းတောဦးညိုအေးလား၊ ကျွန်မသိပါတယ် သခင် ”

“ ဒီနေ့ … ကျွန်တော် ဦးညိုအေးနဲ့တွေ့ခဲ့ရတယ် မပန်းရုံ ”

“ အို … သူရှိသေးတယ်ပေါ့၊ ကောင်းပါလေ့ သခင်၊ ကျွန်မနဲ့ရင်းနှီးတဲ့လူတွေအားလုံး မရှိကြတော့ဘူး မှတ်တာ၊ ဦးညိုအေးက မသေသေးပဲကိုး ”

“ ဦးညိုအေးဆီက ကျွန်တော်သတင်းတစ်ခုရခဲ့ တယ်၊ ဦးဖိုးသာဒင်ကို လွန်ခဲ့တဲ့ငါးနှစ်လောက်က ပုဂံမှာ တွေ့ခဲ့ရတယ်တဲ့ ”

“ အို … သခင် ၊ ဦးဖိုးသာဒင်မသေသေးဘူး ပေါ့၊ ဝမ်းသာလိုက်တာသခင်ရယ်၊ ကျွန်မ ဘယ်လိုသေရ တယ်၊ ကျွန်မသင်္ချိုင်းဘယ်မှာရှိတယ်ဆိုတာ သူတစ်ယောက် ပဲသိနိုင်ပါတယ် သခင် ”

“ သူသိနိုင်တယ်ဆိုတာ သေချာသလားမပန်းရုံ ”

“ ကျွန်မသေတဲ့အချိန်က သူ ကျွန်မအနားမှာရှိနေမယ်ထင်တယ် ”

“ ပြန်စဉ်းစားကြည့်ပါဦး မပန်းရုံ၊ မပန်းရုံလူ့ဘဝမှာ နေခဲ့တဲ့နောက်ဆုံးအချိန်ကို မှတ်မိသမျှ ပြန်စဉ်းစားကြည့်ပါဦး ”

“ ကျွန်မ … ကျွန်မ … ရီးအိုဇာနဲ့မတွေ့ခင်အချိန်တုန်းက … ကျွန်မမှတ်မိသလောက်ကတော့ … ”

မပန်းရုံက စဉ်းစားနေဟန်ဖြင့် အသံတိတ်သွားသည်။

“ အဲဒီအချိန်တုန်းက ဒီအိမ်ကြီးမှာ ပတ္တမြားသခင်မကြီးရောက်နေတယ် သခင် ၊ ဟုတ်တယ် … ပတ္တမြားသခင်မကြီးရောက်နေလို့ … ကျွန်မ သခင်ကြီးနဲ့မျက်နှာချင်းမဆိုင်မိအောင် ဆင်ခြင်နေရတယ် ၊ တစ်နေ့တော့… တစ်နေ့တော့ … ဟုတ်တယ် ၊ အဲဒီတစ်နေ့ဟာ လူ့ဘဝကို ကျွန်မမှတ်မိတဲ့ နောက်ဆုံးနေ့ပဲ … ”

“ အဲဒီနေ့က ဘာတွေဖြစ်သလဲ ”

“ ပတ္တမြားသခင်မကြီးက ကျွန်မကိုခေါ်ပါတယ် သခင် ၊ ပြီးတော့ … ထမင်းစားခိုင်းပါတယ် ”

“ ထမင်းစားခိုင်းတယ် ”

“ ဟုတ်ပါတယ်သခင် ၊ ဟင်းနဲ့အဆင်သင့်နယ်ဖတ်ထားပြီးသား ထမင်းပါ၊ သခင်မကြီးကိုကြောက်လို့သာစားလိုက်ရတယ်၊ ကျွန်မသိပ်အံ့ဩတယ်၊ ကျွန်မကသာ သူတို့ကိုပြုစုကျွေးမွေးရတဲ့ ကျွန်,ပါ၊ သခင်မကြီးက ထမင်းပွဲပြင်ကျွေးတယ်ဆိုတော့ ကျွန်မသိပ်အံ့ဩသွားပါတယ်၊ ဘာမှတော့ ပြန်မမေးရဲဘူး၊ ကျွန်မစားလိုက်တယ် ”

“ အဲဒီတော့ အနားမှာ ဘယ်သူရှိသလဲ ”

“ ဘယ်သူမှမရှိပါ သခင် ၊ အိမ်မှာဦးဖိုးသာဒင်ပဲရှိပါတယ်၊ အဲဒီအချိန်တုန်းက အနားမှာမရှိပါဘူး၊ သခင်ကြီးကတော့ အမဲပစ်ထွက်နေပါတယ် ”

“ ထမင်းစားပြီးတော့ မပန်းရုံ ဘာဖြစ်လဲ ”

“ မမှတ်မိတော့ပါဘူး၊ သခင်စဉ်းစားခိုင်းလို့ ပြန်တွေးကြည့်မှ ကျွန်မအမှတ်ရလာတာပါ ”

ပတ္တမြားနတ်မယ်သည် အဆိပ်လူးထားသောထမင်းကိုကျွေး၍ မပန်းရုံကို သွေးအေးစွာသတ်ပစ်ခဲ့ခြင်းဖြစ်သည်ပြီးတော့ - မပန်းရုံရင်ကိုခွဲ၍ အသည်းထုတ်ကာ ဟင်းချက်ခဲ့သည်။

ဦးစိုးအုပ်ပြန်အလာတွင်လည်း ဇာချွေမပျက်ထမင်းပွဲပြင်ကျွေးခဲ့သည်။ ရက်စက်ကြမ်းကြုတ်သောအပြုအမူများကို သွေးအေးတည်ငြိမ်စွာပြုလုပ်သွားခဲ့ခြင်းပါတကား။

ပတ္တမြားနတ်မယ်လုပ်ရပ်များမှာ ဦးဖိုးသာဒင်အကူအညီ ပါ–မပါ သိလိုလှသည်။ မပန်းရုံအလောင်းကို ဘယ်လိုဖျောက်ဖျက်ခဲ့သလဲ သိလိုလှသည်။

လူတစ်ယောက်လုံးကို သတ်ဖြတ်ခြင်း၊ ရင်ကိုခွဲ၍အသည်းထုတ်ခြင်း၊ အလောင်းကိုဖျောက်ဖျက်ခြင်းအလုပ်များကို မိန်းမသားတစ်ယောက်ထဲ လုပ်နိုင်လိမ့်မည်မထင် ၊ ဦးဖိုးသာဒင်အကူအညီ ပါကိုပါရပေမည်။

အခင်းဖြစ်ပွားပြီး ဦးဖိုးသာဒင်ပျောက်ဆုံးသွားခြင်းမှာ သူကိုယ်တိုင်ပါဝင်ပတ်သက်ခဲ့၍ ... အရေးယူခံရမှာကြောက်လန့်ပြီး ထွက်ပြေးတိမ်းရှောင်သွားခြင်းဖြစ်နိုင်ပါသည်။

" သခင် "

ရေဒီယိုထဲမှ မပန်းရုံအသံထွက်လာမှာ ကျွန်တော်၏ရှည်လျားသောအတွေးများ ရပ်တန့်သွားလေသည်။

" မပန်းရုံ "

" ဦးဖိုးသာဒင်ကို သွားတွေ့ပေးပါသခင်၊ ကျွန်မရဲ့နောက်ဆုံးအဖြစ်ကို သူသိနိုင်ပါတယ်၊ ကျွန်မအလောင်းဘယ်မှာမြှုပ်ထားတယ်ဆိုတာ သူသိနိုင်ပါတယ်၊ ကျွန်မကိုကူညီပါသခင် "

“ သူရှိတဲ့နေရာကို သေချာမှတ်ခဲ့ပါတယ်၊ ကျွန်တော်သွားတွေ့ပေးပါ့မယ် မပန်းရုံ ”

“ ကျွန်မကို ဝိညဉ်နာနာဘာဝဘဝကကျွတ်အောင် ကူညီနိုင်တာ သခင်တစ်ယောက်ပဲ ရှိပါတယ် သခင်ရယ် ”

ဪ … သနားစရာကောင်းလိုက်တဲ့မပန်းရုံ။

❤ ❤ ❤

□

“ ဟင် … ကိုသာအိ ”

ယနေ့ညနေ ထမင်းလာပို့သူမှာ မောင်ဇာနည်မဟုတ်ပဲ ကိုသာအိဖြစ်နေ၍ ကျွန်တော်က အံ့သြစွာနှုတ်ဆက်လိုက်သည်။

ကိုသာအိက ဓာတ်ပုံဆိုင်တံဆိပ်ပါသော စာအိပ်တစ်အိပ်ကိုကမ်းပေးသည်။

“ ခင်ဗျားကူးခိုင်းတဲ့ ဓာတ်ပုံတွေ ”

“ ဪ … ဓာတ်ပုံတွေတောင်ရပြီးကိုး ”

ကျွန်တော်က အိတ်ထဲမှဓာတ်ပုံတွေကို ထုတ်ကြည့်မည်ကြံဆဲ… ကိုသာအိပြောလိုက်သောစကားကြောင့် တုန့်သွားရသည်။

“ ကိုမိုးနောင်အတွက် သံကြိုးစာတစ်စောင်ရောက်လာလို့၊ အရေးကြီးမယ်ထင်လို့ နောက်ဆုံးရထားကိုတောင်မစောင့်ပဲ ပြန်လာခဲ့တာ ကိုမိုးနောင် ”

“ ဗျာ ”

ကိုသာအိက အင်္ကျီအိပ်ကပ်ထဲမှ ကြေးနန်းစာရွက်ကိုထုတ်ပေး၏။

" ရှာအတွက် စာတို့၊သတင်းစာတို့ကို ကျွန်တော်ပဲယူလာနေကျလေ၊ သံကြိုးစာဆိုတော့ ခင်ဗျားမြန်မြန်သိရအောင် ကျုပ်လည်း စောစောပြန်ခဲ့တာ "

" ကျေးဇူးပါပဲကိုသာအိရယ် "

ကြေးနန်းရိုက်အကြောင်းကြားတယ်ဆိုတော့

အရေး

ကြီးသောအကြောင်းတစ်စုံတစ်ခုဖြစ်မည်ဆိုသည့်အသိဖြင့် စိုးရိမ်စွာဖောက်ဖတ်လိုက်သည်။

| |
|---|
| သား မောင်မိုးနောင်<br>အမြန်ပြန်လာပါ၊<br>အရေးကြီးသည်၊<br>ဖေဖေ ဦးဖေအောင် |

ကျွန်တော့်ဖခင်ကြီး ရိုက်လိုက်သော ကြေးနန်းစာပင်။

ရန်ကုန်မှာကျွန်တော့်အတွက် သံယောဇဉ်တွယ်စရာနှင့် စိုးရိမ်ကြောင့်ကြစရာဆို၍ ဖေဖေတစ်ယောက်ပဲရှိပါသည်။ ဖေဖေက အသက်ကြီးလှပြီ။

ဖေဖေများ နေမကောင်းဖြစ်နေသလား။

ကြေးနန်းစာမှာ ဖေဖေကိုယ်တိုင်ရိုက်လိုက်သည်ဟုထင်စရာရှိသော်လည်း ကြေးနန်းစာ၏သဘောက တခြားတစ်ယောက်ကရိုက်ပေးပြီး ဖေဖေ့နာမည်နှင့်ထည့်လိုက်လျှင်လည်း ရသည်ပင်။

စာထဲမှာ အကျိုးအကြောင်းဖော်ပြမထား၍ ...သို့လော ၊ သို့လောတွေးကာ ကျွန်တော့်ရင်မှာ ပူလောင်လာရသည်။

“ ခင်ဗျား ဘယ်လိုလုပ်မလဲ ကိုမိုးနောင်၊ နက်ဖြန်ပြန်မှာလား ”

ကြေးနန်းစာမှာ အိပ်ဖွင့်ပေးစာမို့ ကိုသာအိကဖတ်ကြည့်သိရှိပြီးဖြစ်လေသည်။

“ ပြန်ရမှာပေါ့ကိုသာအိရယ်၊ အရေးကြီးတယ်ဆိုတာ ဘာကိစ္စမှန်းမှမသိတာ ”

“ ဒါဖြင့် မနက်၅နာရီအရောက် ကျုပ်ဆီထ,လာခဲ့ပေတော့၊ ၆နာရီရထားအမီ ထွက်ကြမယ် ”

ကိုသာအိက မောင်ဇာနည့်လိုမဟုတ်၊ လိုရင်းကို ပြောကာ ထမင်းစားသည်ကိုပင် မစောင့်ပဲပြန်ပြန်သွားလေသည်။

ကျွန်တော်က ဓာတ်ပုံများကို ထုတ်ကြည့်လိုက်၏။

ဓာတ်ပုံအားလုံး ဆေးသားကောင်းမွန်စွာနှင့် အလင်းမှောင်ညီစွာ ထွက်ပေါ်လာပါ၏၊

သို့ရာတွင် ...

ကျွန်တော်က မပန်းရုံ၏ဝိညာဉ်ကိုရိုက်ထားသော ပုံများကိုကြည့်လိုဇောဖြင့် ရွေးထုတ်လိုက်ရာ ...

" ဟာ "

စိတ်ပျက်စွာ ရွတ်ဆိုလိုက်မိ၏။

ဓာတ်ပုံထဲတွင် ယာတောအိမ်ကြီး၏လှေကားကြီးက ထင်ရှားစွာ၊ ပီပြင်စွာပုံရိပ်ထင်နေပါ၏။ ရိုက်ခဲ့သောပုံသုံးပုံစလုံးပင် ဓာတ်ပုံကောင်းများအဖြစ်ရရှိလိုက်ပါ၏။

သို့သော် ...

မပန်းရုံ၏ဝိညာဉ်ပုံကတော့ ဓာတ်ပုံထဲတွင်ပုံရိပ်ထင် ၍ပါမလာပါချေ။ ကျွန်တော့်မျက်စိနှင့်မြင်ခဲ့ရသော်လည်း ဓာတ်ပုံထဲမှာတော့ ပုံရိပ်မထင်ခဲ့ပေ။

လှေကားပုံကြီးနှင့်လှေကားထိပ်မှ နံရံကြီးသာ ပကတိအတိုင်း ဓာတ်ပုံထဲမှာ ထင်နေ၏။

စိတ်ပျက်စွာဖြင့် ဓာတ်ပုံများကိုချထားလိုက်သည်။

ညစာကို စိတ်မပါစွာ စားဖြစ်ခဲ့၏။

မနက်ဆိုလျှင် … သည်အိမ်ကြီးမှ ကျွန်တော်ပြန်ရပေတော့မည်။

မပန်းရုံကို နှုတ်ဆက်ရန် ပန်းအိုးလေးကို ကောက် ကိုင်လိုက်၏။

“ မပန်းရုံ ”

“ သခင် ”

“ ကျွန်တော် မနက်ဖန် ရန်ကုန်ကိုပြန်ရမယ် မပန်းရုံ”

“ အို … သခင် ”

“ ကျွန်တော် နောက်တစ်ခေါက်ပြန်လာဦးမှာပါ ”

“ ကျွန်မကိုပစ်မထားပါနဲ့သခင်ရယ် ၊ ဒါနဲ့သခင် ရုတ်တရက်ကြီးဘာလို့ပြန်သွားရတာလဲဟင် ”

“ ကျွန်တော့်အဖေက သံကြိုးရိုက်ခေါ်လို့ပါ ”

“ သခင့်ကိုသံကြိုးနဲ့ရိုက်တယ် ”

" ဟို ... အမြန်စာပို့ပြီးခေါ်တာကိုပြောတာပါ မပန်းရုံ ၊ အရေးကြီးတဲ့ကိစ္စရှိလို့ခေါ်တာပါ "

" သခင်ရယ် ၊ ကျွန်မလွတ်မြောက်ဖို့အတွက် အားကိုးရာဟာ သခင်ပဲရှိပါတယ်၊ ဒါပေမယ့် ကျွန်မသခင့်ကိုတားခွင့်မရှိပါဘူး၊ ကျွန်မကိုသတိရရင်သာ ကယ်တင်ဘို့ပြန်လာပေးပါတော့ သခင် "

" ဘာလို့အားငယ်ရတာလဲ မပန်းရုံ၊ ကျွန်တော် မပန်းရုံကိုကယ်ပါမယ်၊ ဟိုမှာ အားလုံးကိစ္စတွေပြီးရင်ပြန်လာပါ့မယ်၊ ကတိပေးပါတယ်မပန်းရုံ "

" ကျေးဇူးတင်ပါတယ်သခင်၊ အို... သခင်၊ ကျွန်မ တစ်ခုမှာပါရစေဦး "

" ဘာများလဲ မပန်းရုံ "

" သခင့်ရဲ့ဇနီးနဲ့ပြန်ပေါင်းပါ၊ အတူတူနေကြပါ သခင်၊ လင်မယားဆိုတာအတူနေရပါတယ်သခင်၊ သခင်တို့ လင်မယား ပြန်ပြီးညှိနှိုင်းကြပါဦးသခင် "

" ကြော် ... မပန်းရုံရယ် "

ဝိဉာဉ်နာနာဘာဝဖြစ်သော်လည်း... တစ်ပါးသူလူမှုရေးအတွက်စိုးရိမ်ပူပန်နေရှာသည်။

မပန်းရုံသည် စိတ်ထားကောင်းသောဝိညာဉ်မလေးပါတကား။

❤ ❤ ❤

□

မြကျွန်းသာရွာသည်
တဖြည်းဖြည်းဝေး၍ကျန်ခဲ့လေ ပြီ။

ကျွန်တော်တို့ဘိုးစဉ်ဘောင်ဆက်မှစ၍ တည်တောင်ခဲ့သောရွာမို့ မြကျွန်းသာကို သံယောဇဉ်တွယ်နေမိပြီ။

ကျွန်တော်သည် မြကျွန်းသာမှာနေရတာ နေလို့မဝသေး။ အသားကျရုံရှိသေးသည်။ မြကျွန်းသာသို့လာရသည့် ရည်ရွယ်ချက်လည်းမပြည့်ဝသေးပါ။ ကျွန်တော့်ဝတ္တုလည်း မပြီးပြတ်သေးပေ။

အထူးသဖြင့် ... မပန်းရုံ

မပန်းရုံကို မမြင်ဘူးရပါပဲ ၊ အရိပ်အယောင်လေး မြင်ရရုံ၊ စကားပြောရရုံဖြင့် သံယောဇဉ်တွယ်ငြိနေမိသည်။

သနားနေမိသည်။ သူ့အတွက် ဘာမှမဆောင်ရွက်ပေးနိုင်သေးပဲ စွန့်ခွာခဲ့ရသည့်အတွက် မပန်းရုံကို ဂရုဏာသက်နေမိပါသည်။

ထိုထိုသောအကြောင်းများကြောင့် မြကျွန်းသာသို့ ကျွန်တော်နောက်တစ်ခေါက်ပြန်လာဖြစ်ဦးမည်ဖြစ်ပါ၏။

ကိုသာအိ၏မြင်းလှည်းက တောအုပ်ထဲသို့ ချိုးကွေ့လိုက်သည့်အခါ အရုဏ်ဦးနှင်းမြူထုအောက်ဝယ် မပီပိုးတဝါးမြင်နေရသောရွာကလေးသည် မြင်ကွင်းမှ လုံးလုံးပျောက်ကွယ်သွားလေ၏။

❤ ❤ ❤

□

ခြံရှေ့တွင် တက်စီရပ်လိုက်သည်နှင့် ကားပေါ်မှ အလျင်အမြန်ဆင်းဖြစ်လိုက်သည်။

ဖေဖေ့အတွက်ပူပန်စိတ်ဖြင့် ခြံဝမှ လူခေါ်ဘဲလ် ကိုနှိပ်လိုက်၏။ ဖေဖေ့ကို ဘယ်လိုအနေအထားမျိုးဖြင့် မြင်တွေ့ရမှာပါလိမ့်။

" ဟော ... အစ်ကိုကြီးပြန်လာပြီ "

ခြံစောင့်ကောင်လေးက ခြံတခါးလာဖွင့်ပေးရင်း ကျွန်တော့်ကိုနှုတ်ဆက်လိုက်သည်။

ကျွန်တော်က ဖေဖေဘာဖြစ်လဲဟု မေးမည်ပြုဆဲ မှာပင် ... ပွင့်သွားသောခြံဝင်းတခါးကြောင့် ခြံထဲမှာပန်း

ပင်များကို ရေပိုက်ဖြင့်လိုက်ဖျန်းနေသော ဖေဖေ့ကိုတွေ့လိုက်ရသည်။

ကျွန်တော်သည် ဖေဖေ့ကို ကျန်းကျန်းမာမာမြင်လိုက်ရသည့်အတွက် ဝမ်းသာသွားသလို၊ ဘာလို့ကြေးနန်းရိုက်ခေါ်ပါလိမ့်ဆိုသောအတွေးဖြင့် ပဟေဋ္ဌိဖြစ်ရလေ၏။

" ဖေဖေ "

" သား ၊ ပြန်လာပြီကိုး "

ရေပိုက်ခေါင်းကိုပိတ်ပစ်လိုက်ကာ မြက်ခင်းပေါ်ချထားလိုက်၏။

" သားကိုပြန်ခေါ်တာ ဘာအရေးကြီးလို့လဲ ဖေဖေ "

" အရေးကြီးတာပေါ့ သားရယ် "

ဖေဖေက ကျွန်တော့်ပခုံးကိုသိုင်းဖက်လိုက်၏။

" လာ သား ၊ အိမ်ထဲသွားကြစို့ "

ဖေဖေက ကျွန်တော့်ကိုဖက်လျှက် အိမ်ထဲထိခေါ်သွား၏။

ဖေဖေ၏အပြုအမူအတွက် ကျွန်တော်အံ့သြရပါသည်။ ဖေဖေသည် လူတစ်ဖက်သားနှင့် ဘယ်တုံးကမှ အရောတဝင်မနေတတ်။

ဖေဖေသည် တက္ကသိုလ်မှ ပါမောက္ခအဆင့်ဖြင့် ပင်စင်ယူထားသော အပြုံးအရယ်နည်းသည့် တည်တံ့သော ကျောင်းဆရာတစ်ယောက်ဖြစ်ပါသည်။

ဖေဖေက ကျွန်တော့်ကိုဖက်လှဲတကင်းပြုလျှက် အိမ်ထဲထိဝင်ခဲ့ရင်း ကျွန်တော့်အခန်းရှေ့အရောက်တွင် …

“ အရေးတကြီးကိစ္စကတော့ ဟောဒီ သားအခန်းထဲမှာပဲ၊ ဝင်ကြည့်ပေတော့ ”

ကျွန်တော်က ဖေဖေ့ကိုအံ့ဩစွာပြန်ကြည့်ရင်း ကျွန်တော့်အခန်းတခါးကိုဖွင့်ရန် လက်လှမ်းလိုက်သည်။ သို့သော် … အခန်းတခါးဆီသို့ ကျွန်တော့်လက် မရောက်မီမှာပင် အခန်းတခါးပွင့်သွား၏။

ခန်းဆီးစကို လက်နှင့်သိမ်းဖယ်၍ ထွက်လာသော တစ်စုံတစ်ယောက်ကို မြင်လိုက်ရသည်တွင် …

“ ဟာ … အငုံ ”

မျှော်လင့်မထားသောဖြစ်ရပ်ကြောင့် ကျွန်တော့်မှာ အံ့အားသင့်စွာ ၊ ဝမ်းသာစွာအော်လိုက်သည်။

“ ဟုတ်ပါတယ်မောင် ၊ အငုံပါ ”

“ အငုံ ၊ အငုံ ၊ အငုံဘယ်တုန်းကပြန်ရောက်နေတာလဲဟင် ”

“ ကဲ – ကဲ ၊ ဖေဖေပြောတာ ယုံပြီမှုတ်လားကွ၊ ဒါ့ထက်အရေးကြီးတဲ့ကိစ္စ ဘာရှိရဦးမှာလဲ ၊ ဟား ဟား ဟား ဟား … ”

ဖေဖေက ကျွန်တော့်အဖြစ်ကိုကြည့်ကာ သဘောကျစွာ ရယ်မောနေ၏။

“ ကဲ … ကဲ ၊ အလွမ်းသယ်ကြပေတော့ပေါ့၊ ဖေဖေသွားပြီ ”

ဖေဖေက အလိုက်သိစွာ ရှောင်ထွက်သွားလေတော့သည်။

“ အငုံ ”

ကျွန်တော်က အငုံ့ပခုံးနှစ်ဖက်ကို လှမ်း၍ဆုပ်ကိုင်လိုက်သည်။

“ အငုံပြန်လာတယ် ၊ မောင်မမျှော်လင့်ဘူး အငုံရယ် ”

ကျွန်တော်က အငုံ့မျက်နှာနှင့်တစ်ကိုယ်လုံးကို စေ့စေ့ငုငုကြည့်လိုက်သည်။ အငုံကား အရင်အတိုင်းပင် ၊ လှပမြဲ၊ နုပျိုမြဲ ။ ၂နှစ်ဆိုသောအချိန်ကာလအတွင်း ဘာမှပြောင်းလဲမသွားခဲ့ပေ။

“ အငုံ အပြီးပြန်လာခဲ့တာမောင် ”

" ဝမ်းသာလိုက်တာအငုံရယ် ၊ ဘယ်လိုစိတ်တွေပြောင်းပြီးများ ပြန်လာဖြစ်တာလဲအငုံ "

" မောင့်ကိုလွမ်းလို့လို့တော့ မညာချင်ပါဘူး၊ မောင့်ကိုလဲ လွမ်းတော့်လွမ်းပါတယ် ၊ အငုံ ဟိုမှာ အဆင်မပြေဘူးမောင် "

" အဲဒါ မောင့်အတွက်တော့ ဝမ်းသာစရာပဲ ၊ အငုံ ဘယ်နေ့က ပြန်ရောက်တာလဲဟင် "

" သုံးရက်ရှိပြီမောင် "

" ဒါနဲ့များကွာ ၊ အငုံကိုယ်တိုင်ကြေးနန်းရိုက်ပြီး မောင့်ကိုခေါ်တာမဟုတ်ဘူး ၊ မောင်က ဖေဖေများ နေမကောင်းဘူးလားလို့ "

" မောင်အံ့သြသွားအောင် လုပ်လိုက်တာလေ "

" မောင် အံ့သြသွားပါတယ်၊ ဝမ်းလဲသာသွားပါတယ်အငုံ "

❤ ❤ ❤

□

အငုံက ဟိုမှာ အဆင်မပြေခဲ့သည့်အကြောင်းတွေကိုပြောပြသည်။

အငုံအလုပ်ဝင်သည့်ဆေးရုံကြီးမှာ လူဖြူများကိုသာဦးစားပေးသည်ဟုဆိုသည်၊ လူမည်းများကို လူနာအဖြစ်လက်မခံ။ ဆရာဝန်ကိုပင် လူမည်းဆရာဝန်ဆိုလျှင်မခန့်ဟုဆိုသည်။ အငုံတို့အရှေ့တိုင်းသူများမှာ လူဝါများဖြစ်၍အလုပ်တော့ခန့်ပါသည်။ အခွင့်အရေးမှာတော့ ခွဲခြားမှုရှိနေ၏။ လုပ်ခလစာကို လူဖြူဆရာဝန်များနှင့်တန်းတူမပေးပဲ ခွဲထားသည်။

အငုံ့အတွက် အဆင်မပြေသော အခြားအကြောင်းများရှိသေးသည်။

လုပ်ငန်းခွင်မှာမဟုတ်ပဲ ပြင်ပလူမှုရေးကိစ္စများတွင်အံမဝင်တာ၊အလိုမကျတာတွေကို ကြာလေကြုံရလေဖြစ်ခဲ့ရ

သည်။ နောက်ဆုံးတော့ အမိမြန်မာပြည်ကိုပဲပြန်ရန် အင်္ဂါ ဆုံးဖြတ်ခဲ့တော့၏။

“ အခုတော့ အင်္ဂါနားလည်ပါပြီ၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးထက် နွေးထွေးတဲ့ရင်ခွင်မျိုး မရှိနိုင်ပါဘူး မောင် ”

ဒေါက်တာမြတ်လေးငုံ အမြင်မှန်ရသွားခဲ့လေပြီ။

“ မြန်မာနိုင်ငံသားတွေအကျိုးအတွက် မြန်မာနိုင်ငံ မှာပဲ အင်္ဂါအလုပ်လုပ်တော့မယ် ”

နောက်တစ်ပတ်ကြာတော့ ဥပဟုခေါ် သည့် အစိုးရမဟုတ်သော စေတနာ့ရှင်အဖွဲ့အစည်းတစ်ခုမှာ အင်္ဂါ အလုပ်ရသွားသည်။ ထိုအဖွဲ့မှာ ဆင်ခြေဖုံးရပ်ကွက်များရှိ ဆင်းရဲသောလူထုအတွက် အခမဲ့ဆေးကုသပေးသော နိုင်ငံ တကာအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

“ ဒါမျိုးကိုမှ ကုသိုလ်လဲရ၊ ဝမ်းလဲဝတဲ့အလုပ်လို့ ခေါ် တာအင်္ဂါရ ”

ကျွန်တော်တို့အိမ်ထောင်ရေးလည်း ပြန်၍အဆင် ပြေသွားပါသည်။

ဒီအကြောင်းတွေ မပန်းရုံကို ကျွန်တော်ပြောပြချင် လှ၏။ မပန်းရုံဝမ်းသာပေမည်။

မြကျွန်းသာမှအကြောင်းများကို ကျွန်တော်ဘယ်သူ့မှ မပြောမပြခဲ့ပါ။ ပြောလျှင်လည်း ယုံကြမည်မဟုတ်ပေ။

ကျွန်တော်ကတော့ ကျွန်တော့်ကယ်တင်မှုကိုစောင့်မျှော်နေရှာမည့် ဝိညာဉ်မလေးမပန်းရုံကိုသတိရရင်း သနားနေမိ၏။

၂နှစ်ကြာမျှခွဲနေရသည့်ဇနီးသည်နှင့် ပြန်ပေါင်းထုတ်ရ၍ ဝမ်းသာကြည်နူးရသည်ကတစ်ပိုင်း၊ မြကျွန်းသာကိုပြန်သွားချင်သည်ကတစ်ပိုင်းဖြစ်နေသည်။

အင်ုံက ကျွန်တော့်ရင်ခွင်ထဲပြန်ရောက်ခဲ့ပြီးမို့ စိတ်ချလက်ချရှိပေပြီ။ ကျွန်တော့်ကိုမျှော်နေရှာမည့် မပန်းရုံဆီ ကျွန်တော်ပြန်ချင်လှပြီ။

ရန်ကုန်မှာ ရက်၂၀ကြာ နေပြီးသည့်နောက် ... မြကျွန်းသာကိုသွားဖို့ အင်ုံ့ဆီမှာ ကျွန်တော်ခွင့်တောင်းရတော့သည်။

❤ ❤ ❤

□

“ မြကျွန်းသာ၊ မြကျွန်းသာဟာ မောင့်ကို ဒီလောက်ထိအောင်ဆွဲဆောင်မှုရှိသလားမောင် ”

“ ရွာကလေးဟာ မောင်တို့ဘိုးဘွားတွေစ,တည်ထောင်ခဲ့တာပဲ အငုံ ၊ ဘိုးဘွားတွေရဲ့သွေးတွေက မောင့်ကိုယ်မှာစီးနေတယ်ထင်ပါရဲ့ ၊ မြကျွန်းသာက ယာတောအိမ်ကြီးကို မောင်ခင်တွယ်တယ်၊ အငုံကိုလည်းပြချင်တယ်၊ အငုံလိုက်နိုင်ရင်ကောင်းမှာပဲ ”

“ အလုပ်ဝင်ကာစမှာ အငုံလိုက်လို့ဘယ်ကောင်းမှာလဲ မောင်ရယ် ”

“ ဟုတ်မှာပါလေ၊ နောက်မှ အငုံနဲ့သွားလည်တာပေါ့ ”

“ မောင်က အခု ဘာသွားလုပ်မှာလဲဟင် ”

“ မောင့်ဝတ္ထုလေးကို လက်စသတ်ရင်းပေါ့ ”

“ ဝတ္ထုလက်စသတ်တာများမောင်ရယ်၊ ဒီမှာရေးတော့လည်း ဒီဇာတ်လမ်းပဲမဟုတ်ဘူးလား ”

“ အငွေ့အသက်ချင်းမတူဘူး အငုံရဲ့ ”

အငုံက သက်ပြင်းချသည်။

" မောင့်စာပေကိစ္စတွေ အငုံနားမလည်ပါဘူး၊ လိုက်မမီဘူး ၊ တကယ် "

အငုံက အရင်ကလိုတော့ အတိုက်အခံမပြောတော့ မလျှောင်ပြောင် မချိုးနှိမ်တော့ပေ။

" မောင့်မှာ လုပ်စရာကိစ္စလေးတွေလည်း ရှိနေသေးလို့အငုံ၊ မောင်သွားပါရစေ "

" မောင် သွားချင်သွားပါ၊ အငုံမတားပါဘူး ၊ အငုံရောက်ခါစမို့ အနားမှာနေစေချင်တာပါ၊ ဟိုမှာ မောင့်ကိစ္စကဘာလဲ "

" ပြောလို့မဖြစ်သေးဘူးအငုံ၊ တစ်ချိန်ကျ အငုံကို ပြောပြဖြစ်ရင်လည်း ပြောဖြစ်မှာပါ၊ တစ်ခုတော့ သိထားပါ အငုံ ၊ မောင်လုပ်မယ့်ကိစ္စက မောင်တို့မြကျွန်းသာမျိုးရိုးရဲ့ ဂုဏ်သိက္ခာကို ဆယ်ဖို့ကိစ္စပဲ၊ ယာတောအိမ်ကြီးရဲ့ ပျက်နေတဲ့နာမည်ကို ပြန်ပြီးထူထောင်ဖို့ မောင်ကြိုးစားကြည့်မလို့ပါ "

" အို "

နောက်ဆုံးတော့ အငုံက ကျွန်တော့်ကို ခွင့်ပြုလိုက်ပါသည်။

" မောင်အလွန်ဆုံး ဆယ်ရက်လောက်ပဲကြာမှာပါ"

❤ ❤ ❤

□

မြကျွန်းသာကို တကယ်သွားမည်ဆိုတော့ … ကျွန်တော်ကြိုစည်စိတ်ကူးထားတဲ့ကိစ္စများအတွက် ဖေဖေ့ဆီက ခွင့်တောင်းရပါသည်။

“ မြကျွန်းသာက ယာတောအိမ်ကြီးဟာ ပိုင်ရှင်မဲ့ ဒီအတိုင်းပစ်ထားတာပါဖေဖေ၊ သားတို့လည်းအသုံးမပြုနိုင်တဲ့အတူတူ ရွာကောင်းကျိုးအတွက် တစ်ခုခုလုပ်ဖို့ ရွာကို လှူပစ်ခဲ့ချင်တယ်၊ ဖေဖေခွင့်ပြုနိုင်မလား ”

“ ဖေဖေက မြကျွန်းသာကို ရောက်လဲမရောက်ဖူးဘူး၊ သားမေမေနဲ့လက်ထပ်တုန်းကလဲ မြကျွန်းသာအဆက်အနွယ်မှန်းသိခဲ့တာမဟုတ်ဘူး သား၊ ရန်ကုန်နဲ့ဝေးတဲ့ တစ် ရပ်တစ်ရွာက ဖေဖေနဲ့မပတ်သက်တဲ့အိမ်ကို ဖေဖေမက် မောစရာအကြောင်းမရှိပါဘူး ”

“ မေမေနဲ့သက်ဆိုင်တဲ့အမွေပစ္စည်းမို့ ဖေဖေ့ဆီ ခွင့်တောင့်တာပါ ဖေဖေ ”

“ သားရဲ့သိတတ်မှုအတွက် ဝမ်းသာပါတယ်သားရယ်၊ သားမေမေပစ္စည်းဟာ သားပစ္စည်းပါ၊ သားနဲ့ပိုဆိုင်တာပေါ့ ၊ ယာတောအိမ်ကလည်း အမွေခံဆိုလို့ သားတစ်

ယောက်ထဲရှိတော့တာ၊ သားသဘောပါ၊ ဖေဖေကန့်ကွက်စရာမရှိပါဘူး ”

“ ရွာအတွက် စာသင်ကျောင်းဖြစ်ဖြစ် ၊ စာကြည့်တိုက်ဖြစ်ဖြစ် ၊ ဒါမှမဟုတ်လဲ ဘုန်းကြီးကျောင်းပဲဖြစ်ဖြစ်ပေါ့ဖေဖေ၊ ရွာလူကြီးတွေ စီမံခန့်ခွဲပြီး လိုရာသုံးဖို့ လှူခဲ့ဖို့ဆုံးဖြတ်ထားတယ် ”

“ သားရဲ့ ရက်ရောမှုကို ဖေဖေသာဓုခေါ်ပါတယ်ကွယ် ”

သွားခါနီး ဖေဖေ့ကို ကန်တော့လိုက်သည်။

“ သွားလေရာ လာလေရာ ခလုတ်မထိ၊ ဆူးမငြိပါစေနဲ့ကွယ် ”

ဖေဖေက ဆုပေးသည်။

ဒုတိယအကြိမ်အဖြစ် မြကျွန်းသာသို့ထွက်ခဲ့ပါသည်၊

မြကျွန်းသာသို့...ဟု ဆိုသော်လည်း၊ ကျွန်တော်လက်ရှိဦးတည်နေသည့်အရပ်မှာ... ပုဂံ–ညောင်ဦးဖြစ်ပါ၏။

❤ ❤ ❤

□

ပုဂံရောက်သည်နှင့် တောင်ဖီရှာကိုစုံစမ်းရသည်။

ရှာကိုတော့ အလွယ်တကူစုံစမ်း၍ရပါသည်။

ဦးဖိုးသာဒင်ကိုစုံစမ်းရသည်မှာတော့ မလွယ်ကူပါချေ။ ဦးဖိုးသာဒင်နှင့်ပတ်သက်၍ အများသိသာသောဝိသေသဆို၍ ကျွန်တော်ဘာမှ ပြောမပြတတ်၊ တကယ်တန်းကျ ဦးဖိုးသာဒင်ကို ဓာတ်ပုံတောင် ကျွန်တော်မြင်ဘူးခဲ့တာမဟုတ်။

နာမည်တစ်ခုပဲသိတဲ့ လူတစ်ယောက်ကို ရှာထဲလှည့်၍ကျွန်တော်စုံစမ်းသည်။

“ သူ့အသက်က အခုဆို ၇၀ကျော်လောက်ရှိလိမ့်မယ် ”

တစ်အိမ်တက်ဆင်းလျှောက်မေးပြီးမောတော့ ကွမ်းယာဆိုင်လေးတစ်ခုမှာ စီးကရက်ဝယ်သောက်ရင်း ထိုင်နေမိ သည်။

ခဏကြာမှ ကွမ်းယာဆိုင်ရှင်ကောင်လေးက စဉ်းစားမိဟန်ဖြင့်ကျွန်တော့်ကိုပြောသည်။

" နောင်ကြီးမေးတဲ့လူကြီးက မျက်စိမမြင်တဲ့အဘိုးကြီးများဖြစ်နေမလားမသိဘူး "

" ဗျာ ၊ မျက်စိမြင်မမြင်တော့ သူ့ရဲ့အခုအခြေအနေကို ကျွန်တော်မသိဘူး ၊ ကျွန်တော်လဲ သူ့ကိုမမြင်ဖူးဘူး ဗျ "

" သေချာအောင် ကျွန်တော်မေးကြည့်ပေးမယ်လေ၊ သူ့မြေးတစ်ယောက်က ဟိုနားကယွန်းထည်အရောင်းဆိုင်မှာလုပ်တယ်၊ ခဏစောင့်နေပေးနော်၊ ကျွန်တော် သွားမေးပေးမယ် "

ကွမ်းယာဆိုင်ရှင်ကောင်လေးက စက်ဘီးနှင့်ထွက်သွားသည်။ ကိုယ့်အကျိုးမဟုတ်ပဲ ကူညီဖော်ရ၍ ကျေးဇူးတင်ရပါသေးသည်။

ခဏနေတော့ ကောင်လေးသည်စက်ဘီးနောက်မှာ အသက်အစိတ်အရွယ်ခန့် မိန်းကလေးတစ်ယောက် ပါလာသည်။

" နာမည်တော့တူတယ်ဗျို့ နောင်ကြီး၊ သူ့ကိုမေးပေးတော့၊ မကေသီ ၊ ခင်ဗျားအဖိုးကိုလာစုံစမ်းတာ ဒီနောင်ကြီးပဲ "

" ကျွန်မအဖိုး နာမည်ကတော့ ဦးသာဒင်ရှင့်၊ အရင်ကတော့ ဖိုးသာဒင်ခေါ်တယ်ပြောတာပဲ "

“ အဲ – သူက လွန်ခဲ့တဲ့နှစ်၃ဝလောက်က မန္တလေးနားကမြကျွန်းသာရွာမှာ နေခဲ့ဘူးသလားဗျာ ”

မကေသီက ခဏစဉ်းစားနေပြီး …

“ ဟုတ်မယ်၊ ဟုတ်မယ် ၊ အဘိုးပြောဘူးတယ်၊ မြ ကျွန်းသာဆိုလားပဲ ၊ ကျွန်မတို့မမွေးခင်ကတည်းက အဘိုး က အမေ့ဆီပြန်လာတာ၊ အမေက အဘိုးရဲ့သမီးလေ ”

“ ကျွန်တော်တွေ့ပါရစေဗျာ ”

“ လာ … လိုက်ခဲ့လေ၊ ကျွန်မ အိမ်ပို့ပေးမယ်၊ ရှင်ရှာတဲ့လူဟုတ်ရင်တော့ နေခဲ့ပေါ့၊ ကျွန်မတော့ အိမ်လိုက်ပြပြီး ပြန်မယ်၊ ဆိုင်က ကြာကြာထွက်လို့မရဘူးရှင့်”

မကေသီက ရွာထဲကိုဦးဆောင်ခေါ်သွားသည်။

သပ်သပ်ရပ်ရပ် တစ်ထပ်အိမ်လေးရှေ့ရောက်သည့်အခါ …

“ ဒီအိမ်ပဲ ”

… ဆိုကာ အထဲဝင်သွားရင်း

“ အဘိုး ၊ အဘိုး ၊ ဒီမှာ အဘိုးကို လူတစ်ယောက်လာမေးနေတယ် ”

အိမ်အတွင်းထဲသို့ လှမ်းအော်လိုက်သည်။

“ ထူးထူးဆန်းဆန်းဟ ၊ ဘယ်သူများတုံး ၊ ငါ့လာမေးတာ ”

အိမ်အတွင်းထဲမှ ဒုတ်ကောက်နှင့် မြေကိုစမ်းရင်း ထွက်လာသည့် အဘိုးအိုတစ်ဦးကို တွေ့လိုက်ရပါသည်။

“ အဘိုးက မျက်စိမမြင်တော့ဘူးရှင့် ၊ ရှင်မေးကြည့်လေ ”

ကျွန်တော်က အဘိုးအိုကို စကားစ,လိုက်သည်။

“ အဘက မြကျွန်းသာမှာ နေခဲ့တဲ့ ဘဏ္ဍာစိုးကြီး ဦးဖိုးသာဒင်လားခင်ဗျာ ”

“ အမလေးဗျာ ”

အဘိုးအိုက လွှတ်ကနဲ အလန့်တကြားအော်လိုက်သည်။

“ သခင်ကြီး ၊ သခင်ကြီးအသံပါလား၊ သခင်ကြီးလားဟင် ၊ အို … မဖြစ်နိုင်ပါဘူး ”

ကျွန်တော် အံ့အားသင့်သွားသည်။ ကျွန်တော်နှင့် ဦးစိုးအုပ် ရုပ်ချင်းဆင်တူတာကို တွေ့ဘူးသူအားလုံးကပြောသလို၊ ဓာတ်ပုံကြောင့် ကျွန်တော်ကိုယ်တိုင်လည်း လက်ခံထားပါသည်။

အဘိုးအိုကတော့ အသံကြားရုံနှင့် ဦးစိုးအုပ်နှင့် အထင်မှားနေပြန်သည်။ ကျွန်တော်သည် ဦးစိုးအုပ်နှင့် အသံပါတူနေပြီကော ။

သူ့မှတ်ချက်ကြောင့်ပင် ဤအဘိုးအိုမှာ ဦးဖိုးသာ ဒင်အမှန်ဖြစ်ကြောင်း သေချာသွားလေသည်။

“ အဘ ဦးဖိုးသာဒင်ပေါ့နော်၊ ကျွန်တော် အဘကို လာရှာတာပါအဘ ”

“ ဘယ် … ဘယ်သူလဲ၊ အခုလာတာ ဘယ်သူလဲ၊ ဘုရား ဘုရား ၊ သခင်ကြီးအသံအတိုင်းပါလားကရို့ ”

“ ကျွန်တော်ဟာ သခင်ကြီးဦးစိုးအုပ်နဲ့ အသံသာ တူတာမဟုတ်ပါဘူး၊ ရုပ်ချင်းလဲ တူပါတယ်အဘ ”

“ အလို ၊ အလို ၊ အံ့စရာပါလား ၊ မောင်ရင် ၊ မောင်ရင်က ဘယ်သူလဲဟင်၊ သခင်ကြီးတော့မဟုတ်ပါဘူး”

“ ကျွန်တော်က ဦးစိုးအုပ်ရဲ့အစ်မ ဒေါ်သူဇာတင် တင်ရဲ့သားပါ၊ နာမည်က မောင်မိုးနှောင်ပါ ”

“ ဟင် … ဒါ့ကြောင့်ကိုး၊ သူဇာသခင်မရဲ့သား ကိုး၊ ကျွန်တော်မျိုးမြကျွန်းသာမှာနေစဉ်ကတော့ သူဇာသ ခင်မမှာ သားသမီးမထွန်းကားသေးပါဘူး သခင်လေး ”

ကျွန်တော့်ကို မြကျွန်းသာအနွယ်တော်တစ်ယောက် မှန်းသိလိုက်သည်နှင့် ဦးဖိုးသာဒင်က အခေါ်အဝေါ် ပြောင်းသွားသည်။

“ ကျွန်တော့်ကို သခင်တွေ၊ဘာတွေ မခေါ်ပါနဲ့ အဘ၊ ဒီလိုခေါ်ရမယ့် ခေတ်မျိုးလည်းမဟုတ်တော့ပါဘူး”

“ ဘယ်ဟုတ်မှာလဲ သခင်လေးရယ်၊ သခင်လေး တို့က ကျွန်တော်မျိုးကြီးတို့ရဲ့ အရှင်သခင်တွေဟာကိုး ”

ဘေးမှရပ်ကြည့်နေသောမကေသီက ကျွန်တော်တို့ နှစ်ယောက်စကားကို ကြားဝင်ဖြတ်လိုက်သည်။

“ ကဲ ၊ ရှင်ရှာနေတာ ကျွန်မအဘိုးဟုတ်နေပြီ၊ နေခဲ့ပေတော့၊ ကျွန်မတော့ ဆိုင်ပြန်လိုက်ဦးမယ် ”

“ ကျေးဇူးတင်ပါတယ် မကေသီ ”

မကေသီ ပြန်ထွက်သွားသည်။

“ အိမ်ထဲဝင်ထိုင်ပါသခင်လေး ”

ဦးဖိုးသာဒင်က ဧည့်ခန်းထဲခေါ်သွားပြီး ထိုင်စရာ နေရာကိုညွှန်ပြ၏။ အိမ်ထဲမှာတော့ ကျွမ်းကျင်စွာ သွားလာ နိုင်ရှာသည်။

“ ကျွန်တော်မျိုးကြီးကို ဘယ်လိုများစုံစမ်းလာလဲ သခင်လေး ”

“ မြကျွန်းသာက အဘရဲ့သူငယ်ချင်း ဦးညိုအေး လမ်းညွှန်လိုက်တာပါ၊ သူနဲ့အဘ လွန်ခဲ့တဲ့၅နှစ်လောက်က ဆုံခဲ့တယ်ဆို ”

“ အလို ၊ ညိုအေးလမ်းညွှန်တယ်ဆိုတော့ သခင် လေးဟာ မြကျွန်းသာရောက်ပြီးပြီပေါ့၊ အင်း … သူနဲ့တွေ့ တုန်းကကျွန်တော်မျိုးကြီးမျက်စိမကွယ်သေးဘူး၊ မျက်စိကွယ် သွားတာ၂နှစ်ရှိပြီသခင်လေး၊ သခင်လေးကို မြင်ချင်စမ်းပါ တယ်ဗျာ၊ ဒါနဲ့ သူဇာသခင်မကြီးရော၊ ကျန်းမာပါရဲ့လား ”

“ ဆုံးသွားတာ ဆယ်နှစ်ရှိပါပြီ ”

“ အလို ၊ သဒ္ဓါရ၊ သဒ္ဓါရတွေပါလား၊ ကျွန်တော် မျိုးကြီးလည်း သေမယ့်နေ့ကိုစောင့်နေတာပါသခင်လေး ”

“ ကျွန်တော်လာတာ ယာတောအိမ်ကြီးရဲ့ အခင်း ဖြစ်တဲ့ညက အဖြစ်မှန်တွေကို သိချင်လို့ပါအဘ ”

“ အလို ”

ဦးဖိုးသာဒင်၏ ခန္ဓာကိုယ်မှာ ဆတ်ကနဲမတ်သွား သည်။ မမြင်ရသောမျက်လုံးအိမ်တွင် အရိပ်အယောင်များ ဖြတ်သန်းသွားသယောင်ထင်ရ၏။

“ ပြီးခဲ့ပါပြီ၊ ကြာခဲ့ပါပြီသခင်လေး၊ မပြောပါရ စေနဲ့၊ အတိတ်ဟောင်းတွေ ပြန်မဖော်ပါရစေနဲ့တော့၊ ကျွန် တော်မျိုးကြီး စိတ်ချောက်ချားလွန်းလို့ပါ ”

“ အဘပြောသလို မပြီးပြတ်သေးပါဘူး အဘ ”

“ အလို ၊ ဘာများပါလိမ့် ”

“ မပန်းရုံရဲ့အလောင်းကို ဘယ်မှာမြှုပ်ထားတယ် ဆိုတာ သိဘို့လိုပါတယ် ”

“ အလို ၊ အလို ၊ ကျွန်တော်မျိုးမပါဘူး၊ မပန်းရုံ ကို ကျွန်တော်မျိုးမသတ်ဘူး ”

“ အဘသတ်တယ်လို့လဲ မစွပ်စွဲရပါလား၊ ကျွန် တော်သိချင်တာက မပန်းရုံအလောင်းကို ဘယ်မှာမြှုပ်ထား သလဲ ၊ ဒါပဲပြောပါ ”

“ သခင်လေးရယ်၊ အမှုဟောင်းကိုပြန်ဖော်ထုတ် ဦးမလို့လား ၊ ဒီကိစ္စထဲမှာ ကျွန်တော်မျိုးကြီးမပါပါဘူးဗျာ”

“ အဘမပါပေမယ့် အဘသိတယ်လေ၊ သိတာကို တော့ပြောရလိမ့်မယ်အဘ ”

ဦးဖိုးသာဒင်သည် တုန်လှုပ်စွာဖြင့်မျက်ရည်များကျ လာ၏။

“ ယာတောအိမ်ကြီးကနေ အဘရှောင်ပြေးသွား တာ ဘာ့ကြောင့်လဲ ”

ဦးဖိုးသာဒင်က လက်နှစ်ဖက်ကိုကာ၍ ကျွန်တော့် စကားကိုတားမြစ်လိုက်သည်။

“ ဒီအဖြစ်တွေက ကျွန်တော်မျိုးကြီးကိုတစ်သက်လုံးချောက်လှန့်နေခဲ့တာပါ၊ အိပ်မက်ထဲမှာတောင် မကြာမကြာလာပြီး ချောက်လှန့်ပါတယ်သခင်လေး၊ ကျွန်တော်မျိုးကြီး ဒါတွေကို ပြန်မစဉ်းစားချင်ဘူး ”

“ မစဉ်းစားချင်ပေမယ့် ဖြစ်ခဲ့တာက တကယ်ဖြစ်ခဲ့တာပဲအဘရယ်၊ အဖြစ်အပျက်အားလုံးကိုသိတဲ့လူက အဘတစ်ယောက်ပဲရှိတယ်၊ မြကျွန်းသာရဲ့လူယုံတစ်ယောက်အနေနဲ့ မြကျွန်းသာအနွယ်တော်တစ်ယောက်ကိုတော့ ပြန်ပြောပြပါအဘ ”

ဦးဖိုးသာဒင် ငိုင်သွားသည်။

အတိတ်ဖြစ်ရပ်များသည် သူ့နှုတ်မှ တစ်လုံးချင်း ထွက်ပေါ်လာလေ၏။

“ တကယ်တော့ ပတ္တမြားသခင်မကြီး အဲဒီတစ်ခေါက်ရောက်လာတာဟာ ယာတောအိမ်ကြီးအတွက် ဂြိုဟ်ဆိုးဝင်တာပါပဲလေ ၊ သခင်ကြီးနဲ့ပန်းရုံနဲ့ ငြိစွန်းနေတယ်ဆိုပေမယ့် ပတ္တမြားသခင်မ မသိဘူး၊ ပိပိရိရိရှိခဲ့တယ်၊ ပတ္တမြားသခင်မ သိအောင် ပြန်ပြောပြမယ့်လူလည်းမရှိဘူးလေ၊ ကျွန်တော်မျိုးရယ်၊ မယ်အိုဇာရယ် ၊ ပန်းရုံကောဟာ သခင်ကြီးရဲ့ သစ္စာရှိတဲ့ ကျွန်ယုံတွေကိုး ၊ ယာတောအိမ်ကြီးက အကြောင်းကို ရွာထဲကလူတွေလည်း မသိဘူး ”

“ ဟုတ်တာပေါ့ ”

“ ပန်းရုံမှာကိုယ်ဝန်ရှိလာလို့ တခြားရွာသွားမွေးခဲ့တယ်လေ၊ ကလေးကအဖတ်မတင်ခဲ့ဘူး၊ သခင်ကြီးနဲ့ပန်းရုံမှာ ကလေးတစ်ယောက်ရတဲ့အထိဖြစ်ခဲ့တာတောင် ပတ္တမြားသခင်မ မသိခဲ့ပါဘူး ”

“ ဒါနဲ့ ပြသနာဖြစ်ကြတော့ကော ”

“ ဘာမဟုတ်တဲ့ မှတ်တမ်းစာအုပ်လေးကြောင့်ပါ သခင်လေး၊ သခင်ကြီးက သူနဲ့ပန်းရုံနဲ့အကြောင်းတွေရေးထားတဲ့မှတ်တမ်းစာအုပ်ကို ပတ္တမြားသခင်မတွေ့သွားတယ်”

ထိုနေ့က သခင်ကြီးအမဲပစ်ထွက်နေသည်။

ပတ္တမြားနတ်မယ်သည် သခင်ကြီး၏မှတ်တမ်းစာအုပ်အနီလေးကိုကိုင်ကာ အသားတဆတ်ဆတ်တုန်ရင်း ဖိုးသာဒင်အလုပ်လုပ်နေရာသို့ရောက်လာ၏။

“ ဟဲ့ ... ဖိုးသာဒင် ”

“ သခင်မ ”

“ ဒီစာအုပ်ထဲကဟာတွေနင်သိလား၊ ဖတ်စမ်း ”

ဖိုးသာဒင်က စာအုပ်ကိုအနည်းအကျဉ်းဖတ်ကြည့်လိုက်ရုံနှင့် တုန်လှုပ်သွားသည်။ ဤအိမ်မှာနေ၍ ဤအ

ကြောင်းများကို မသိပါဟုငြင်းလျှင် ပတ္တမြားနတ်မယ်က လက်ခံမည်မဟုတ်။

" ဟဲ့ ... ဖိုးသာဒင် ၊ နင်သိတယ်မဟုတ်လား "

" မှန် ၊ မှန်ပါ့သခင်မ "

" တယ်တော်တဲ့ ကျေးကျွန်တွေပဲ၊ နင်တို့သခင်ကို သာ သခင်လို့မှတ်တယ်ပေါ့လေ ၊ ငါ့ကိုတော့ ဖုံးဖိထား တယ်ပေါ့၊ တယ် – ငါလေ "

" ပတ္တမြားသခင်မဟာ တစ်နေ့လုံးဒေါသထွက်နေ ပါတယ် သခင်လေး "

" မပန်းရုံကို မေးမြန်းတာ၊ နှိပ်စက်တာ မလုပ် ဘူးလား "

" မလုပ်ပါဘူးသခင်လေး၊ နေ့လည်ခင်းကျတော့ ကျွန်တော်မျိုးကို ထမင်းပွဲပြင်ခိုင်းပါတယ် "

" ဗျာ "

" ပန်းရုံကိုကျွေးဖို့ ထမင်းပါ၊ ထမင်းထဲမှာဆေး ရည်တွေတချို့လောင်းထည့်ခိုင်းပြီး ထမင်းကို ဟင်းနဲ့နယ် စေပါတယ်၊ အဲဒီတုန်းကတော့ ဆေးရည်ဟာ အဆိပ်ဆို တာ ကျွန်တော်မျိုးကြီးမသိခဲ့ပါဘူး သခင်လေး "

ဖိုးသာဒင်နယ်ပေးသော ထမင်းပန်းကန်ကိုယူသွားကာ ပတ္တမြားနတ်မယ်က ပန်းရုံကိုခေါ်လိုက်သည်။

ပန်းရုံကို ထမင်းစားစေ၏။ ဖိုးသာဒင်သည် ပတ္တမြားနတ်မယ် လုပ်ရပ်အားလုံးကို ချောင်းကြည့်နေခဲ့၏။ ထမင်းထဲမှာ အဆိပ်ကို သူကိုယ်တိုင်နယ်ထည့်ပေးလိုက်တာကို မသိသည်မို့ ပတ္တမြားနတ်မယ်လုပ်ရပ်ကိုသာ အံ့သြနေခဲ့သည်။

ဘာမှမသိရှာသော ပန်းရုံလေးသည်လည်း သခင်မ ကျွေးသောထမင်းကို စောဒကမတက်ရဲရှာပဲ စားရှာသည်။

" ကျွန်တော်မျိုးကြီးလဲ မသင်္ကာတာနဲ့ ပန်းရုံအခန်းထဲချောင်းကြည့်တော့ ပန်းရုံဟာ လူးလိမ့်ပြီးဝေဒနာခံစားနေရတာကို တွေ့ရတယ်သခင်လေး၊ ကျွန်တော်မျိုးကြီး ပန်းရုံကိုပြုစုပါသေးတယ်၊ အဆိပ်က သိပ်ပြင်းတယ်ထင်ပါရဲ့၊ ကျွန်တော်မျိုးကြီးလက်ပေါ်မှာပဲ ပန်းရုံအသက်ပျောက်သွားရှာတယ် "

" ကျွတ် ... ကျွတ် "

ဖိုးသာဒင်က တုန်လှုပ်ချောက်ချားစွာဖြင့် ပန်းရုံသေဆုံးကြောင်းသတင်းကို ပတ္တမြားနတ်မယ်အား သွား၍ပြောပြလိုက်သည်။

ပတ္တမြားနတ်မယ်က ကြောက်မက်ဖွယ်ကောင်း အောင်ပြုံးလိုက်သည်။

“ ဒါ ဘာဆန်းလဲ၊ နင်နယ်ပေးတဲ့ ထမင်းထဲမှာ အဆိပ်ခတ်လိုက်တာလေ ၊ ဟီ ၊ ဟီ ၊ ဟီ ၊ ရွှေခွက်ကို မှတက်နှိုက်ချင်တဲ့ကျွန်မ ၊ သေပြီပေါ့ ”

“ ပတ္တမြားသခင်မဟာ သွေးအေးအေးနဲ့ ရက်စက်ခဲ့တာပါသခင်လေး၊ သခင်ကြီးအမဲပစ်က ပြန်လာတော့လဲ သူက ဘာမှမဖြစ်သလို ပြုံးပြုံးရွှင်ရွှင်ဆီးကြိုခဲ့တယ်၊ သခင်ကြီးကို ထမင်းပွဲပြင်ကျွေးတယ်၊ အရက်တိုက်တယ်၊ ချက်ထားတဲ့ အသည်းဟင်းကို ပန်းရုံရဲ့အသည်းလို့ပြောခဲ့တယ် ”

“ ပန်းရုံအလောင်းက အသည်းကိုခွဲထုတ်တော့ အဘကူညီရမှာပေါ့ ”

“ မဟုတ်ဖူး သခင်လေး၊ မဟုတ်ဖူး ၊ အသည်းဟင်းဟာ ပန်းရုံအသည်း လုံးဝမဟုတ်ပါဘူး ”

“ ဟင် ”

ကျွန်တော်က သိထားပြီးဇာတ်လမ်းနှင့်ကွဲထွက်သွားသည့်အတွက် အံ့သြစွာရေရွတ်လိုက်သည်။

“ ပန်းရုံအသည်းမဟုတ်ဘူး ”

" ပတ္တမြားသခင်မဟာ အသည်းဟင်းကို သူကိုယ်တိုင်ချက်ခဲ့တာ မှန်ပါတယ်၊ အဲဒီနေ့က ရွာထဲမှာနွားပေါ်လို့ ကျွန်တော်မျိုး ဝယ်ထားတဲ့အမဲသားတွေပါ ၊ အမဲအသည်းတွေပါလာတော့ ပတ္တမြားသခင်မက သူကိုယ်တိုင်ချက် ၊ သူကိုယ်တိုင် ကျော်လှော်ခဲ့တာပါ "

" ဟင် … ဒါဖြင့် သခင်ကြီးကို ပန်းရုံအသည်းတွေပါလို့ ဘာလို့ပြောသလဲ "

" သခင်ကြီးရဲ့စိတ်ကိုနှိပ်စက်ချင်လို့ သက်သက်ပြောတာပါသခင်လေး၊ ဒါတွေကို ကျွန်တော်မျိုး အခန်းအပြင်မှာရှိနေလို့ အားလုံး သိနေ မြင်နေရပါတယ် "

ဒေါသအကြီးအကျယ်ထွက်သွားသောသခင်ကြီးသည် ညီ့ခန်းမှ သေနတ်ကို သွားဖြုတ်လိုက်သည်။

ပတ္တမြားသခင်မက သခင်ကြီးကို စိတ်ဓာတ်စစ်ဆင်ရေးပြုလုပ်မြဲ ဆက်လုပ်သည်။

" ပန်းရုံဘယ်မှာလဲ ၊ မှန်မှန်ပြောစမ်း ၊ ငါပစ်လိုက်မှာနော် "

" သေပြီလို့ရှင့်ကို ဘယ်နှခါပြောရမလဲ၊ ကျွန်မကိုယ်တိုင်သတ်လိုက်တယ်၊
အဆိပ်ကျွေးပြီးသတ်လိုက်တယ်"

" ဖိုးသာဒင် ၊ ဖိုးသာဒင် "

ဦးစိုးအုပ်က အသံနက်ကြီးဖြင့်အော်လိုက်သည်။

ထမင်းစားခန်းအပြင်ဘက်တွင် အဆင်သင့်ရှိနေသော ဖိုးသာဒင်က ချက်ချင်းရောက်လာသည်။

“ ဖိုးသာဒင် ၊ ပန်းရုံ ဘယ်မှာလဲ ”

“ ပန်းရုံ မရှိတော့ပါဘူး သခင် ”

“ ဘာ ၊ ဘယ်လိုမရှိတာလဲ ”

“ အသက်မရှိတော့တာပါ၊ ပန်းရုံလေး သေပါပြီ သခင် ”

“ ဒါ – ဒါ တကယ်ပဲပေါ့ ”

“ ဟား ... ဟား ... ဟား ... ဟား ”

ပတ္တမြားနတ်မယ်က ဟားတိုက်ရယ်လိုက်သည်။

“ ရှင် တစ်ကိုက်ချင်းကိုက်စားချင်တယ် ဆိုတဲ့ ပန်းရုံအသည်းကို ရှင့်ဆန္ဒအတိုင်းစားရအောင် ကျွန်မက ပြည့်ဆည်းပေးလိုက်တာပါ မောင်မောင်ရဲ့ ”

“ မင်းကိုသတ်မယ် ၊ မင်းကိုသတ်မယ် ”

“ ပန်းရုံအသည်းလေးက လတ်ဆတ်ပါတယ် မောင်မောင် ၊ သေသေချင်း ရင်ကိုခွဲပြီး ... ”

“ ဒိုင်း ”

ပတ္တမြားနတ်မယ်၏ စကားမဆုံးလိုက် ။

ဦးစိုးအုပ်က သေနတ်မောင်းကို ဆွဲချလိုက်သည်နှင့်အတူ ပတ္တမြားနတ်မယ်ရင်ဝတွင် သွေးများပွက်ကနဲ ထွက်သွားသည်။

“ မှားမယ်သခင် ၊ မှားပါမယ်သခင် ”

ဖိုးသာဒင်၏ ဟန့်ထားမှုက နောက်ကျသွားပေပြီ။

“ ကျွန်တော်မျိုး အဖြစ်မှန်ကိုပြောဖို့ တားပါသေးတယ်သခင်လေး၊ သခင်ကြီးက ပတ္တမြားသခင်မကို သေနတ်နဲ့သုံးချက်ဆက်တိုက်ပစ်လိုက်တာ ပတ္တမြားသခင်မလဲ နေရာတွင်ပင် အသက်ပျောက်သွားခဲ့တယ်၊ အဖြစ်ဆိုးတွေက ဖြစ်ပြီးပြီ၊ ကျွန်တော်မျိုးလဲ ကြောက်ကြောက်နဲ့ ယာတောအိမ်ကြီးကနေ ထွက်ပြေးခဲ့ပါတယ် သခင်လေး ”

ပြန်ပြောရင်း ဦးဖိုးသာဒင်မှာ တဆတ်ဆတ်တုန်လှုပ်ကာ မျက်ရည်များစီးကျလာသည်။

“ ထွက်မပြေးခင် မပန်းရုံအလောင်းကို မြေမြှုပ်ခဲ့တယ်ပေါ့ ”

“ မဟုတ်ပါဘူးသခင်လေး၊ ပန်းရုံသေပြီးပြီးချင်း ပတ္တမြားသခင်မအမိန့်နဲ့ မြှုပ်ခဲ့တာပါ၊ သခင်ကြီးပြန်လာချိန်မှာ ပန်းရုံအလောင်းကို မြေမြှုပ်ဖျောက်ဖျက်ပြီးပါပြီ ”

“ ဟင် … ဘယ်နေရာမှာ မြှုပ်ခဲ့သလဲ ”

" မြင်းဇောင်းဘေးမှာပါ၊ မြင်းဇောင်းကို အုတ်တိုက်နဲ့ဆောက်လုပ်နေဆဲပါသခင်လေး၊ တစ်ဝက်တပျက်ပြီးနေပါပြီ၊ မြင်းဇောင်းဆောက်ဖို့ အင်္ဂတေဖျော်ဖို့အတွက် ကျင်းတစ်ခုတူးထားပါတယ်၊ အဲဒီ အင်္ဂတေဖျော်တဲ့ကျင်းထဲကို ပန်းရုံအလောင်းထည့်ပြီး မြေဖို့ပစ်လိုက်တာပါ၊ ကျွန်တော်မျိုးတစ်ယောက်ထဲ မြေကြီးတူးဖို့မတတ်နိုင်ပါဘူး၊ စိတ်တွေလည်း သိပ်ချောက်ချားနေပါတယ်၊ အလွယ်တကူပဲ အင်္ဂတေဖျော်တဲ့ကျင်းထဲထည့် ၊ မြေပြန်ဖို့လိုက်ပါတယ် ၊ ပြီးတော့ ... အလောင်းမြှုပ်ထားမှန်းမသိသာအောင် အုတ်ပုံကို မြေပုံပေါ်ရွှေ့ပြီး စီထားခဲ့ပါတယ် "

မြင်းဇောင်းဘေးမှအုတ်ပုံကို ကျွန်တော့်မျက်စိထဲ မြင်ယောင်လာသည်။ ယခုတော့ ... အုတ်ပုံပေါ်တွင် သစ်ပင်ခြုံနွယ်များပင် တက်နေပါပြီ။

ကျွန်တော်သည် မပန်းရုံအလောင်းရှိရာကို သိလိုက်ရ၍ စိတ်ကြေနပ်သွားသည်။ မပန်းရုံအသည်းကို ဟင်းချက်ခဲ့တယ်ဆိုတာလည်း တကယ်မဟုတ်၍ စိတ်သက်သာရာရသွားပါ၏။

" ကျွန်တော်မျိုးလည်း အဲဒီကတည်းက သမီးရှိတဲ့ ယောဒီရွာကို လာပြီးပုန်းရှောင်နေတော့တာပါပဲသခင်လေးရယ် "

ဦးဖိုးသာဒင်သည် စိတ်လှုပ်ရှားမှုဖြင့်မောဟိုက်ကာ တုန်လှုပ်ချောက်ချားကျန်ခဲ့ပေ၏။

ကျွန်တော်ကပဲ သူ့ကိုပြန်၍ နှစ်သိမ့်စကားပြောကာ ငွေတစ်သောင်းကန်တော့ခဲ့ပြီး ပြန်လာခဲ့ပါသည်။

❤ ❤ ❤

□

မြကျွန်းသာသို့ပြန်၍ရောက်ခဲ့ရပေပြီ။

ပေါက်ဦးတောဘူတာရုံမှာ ကိုသာအိမြင်းလှည်းနှင့် ပင်တွေ့၏။

" ဟော ... ခင်ဗျားပြန်လာတယ် "

" ဟုတ်တယ် ကိုသာအိ၊ ဒုတိယအကြိမ်နဲ့ နောက်ဆုံးအကြိမ်အဖြစ် ပြန်လာတာပါ "

ကျွန်တော့်စကားကို လောလောဆယ် ကိုသာအိ နားလည်ဦးမည်မဟုတ်ပါ။

ယာတောအိမ်ကြီးမှာ ယခင်အတိုင်းပင် အထီးကျန်ဆန်စွာ၊ တိတ်ဆိတ်ချောက်ကပ်စွာရှိနေမြဲ ။ သည်အိမ်ကြီးထဲတွင်လည်း အထီးကျန်ဆန်သော တစ်ကိုယ်တော်ဝိညာဉ်မတစ်ကောင် မှီတင်းလျှက်ရှိပေ၏။

*" မပန်းရုံကို သင်းကွဲဝိညာဉ်မ ဘဝကနေ ကျွတ်လွတ်အောင် ကျွန်တော်ကူညီနိုင်တော့မှာပါ မပန်းရုံ "*

ကျွန်တော်က ကြေးသော့ခလောက်ကြီးကို ဖွင့်၍ အိမ်ထဲဝင်လိုက်သည်။

ခရီးရောက်မဆိုက်ပင် ...

အခန်းထဲသို့အပြေးဝင်ကာ ပန်းအိုးလေးကို မ၍ယူလိုက်သည်။ မပန်းရုံနှင့် ဆက်သွယ်ကြည့်လိုက်သည်။

" မပန်းရုံ ... မပန်းရုံ "

" အို ... သခင်ပြန်ရောက်လာပြီ၊ ဝမ်းသာလိုက်တာသခင် "

" ကျွန်တော် ဦးဖိုးသာဒင်နဲ့တွေ့ခဲ့ပြီးပါပြီ "

" အို ... သခင် ၊ သူ ... သူ ၊ ကျွန်မရဲ့သချိုင်းကိုသိသတဲ့လားရှင် "

" သိပါတယ် ၊ မပန်းရုံအလောင်းကို မြင်းဇောင်းဘေးက အုတ်ပုံအောက်မှာမြှုပ်ထားပါတယ်တဲ့ "

" အို ... ကျွန်မ ဘယ်လိုသေခဲ့ရတာတဲ့လဲသခင် "

" မပန်းရုံဆုံးတဲ့အချိန်တုန်းက ကာလဝမ်းရောဂါအကြီးအကျယ်ဖြစ်ခဲ့ရတယ်တဲ့ ၊ တစ်ရွာလုံးလည်း ဝမ်းရောဂါကြောင့် သေကြ၊ကြေကြ၊ပျက်စီးခဲ့ကြတယ် မပန်းရုံ "

" အို "

" မပန်းရုံလည်း ကာလဝမ်းရောဂါကြောင်းကွယ်လွန်ခဲ့တာပါ၊ သခင်ကြီးနဲ့ပတ္တမြားသခင်မလည်း ကြောက်လန့်ပြီး ရန်ကုန်ပြောင်းပြေးကြတယ်၊ ဦးဖိုးသာဒင်လည်း ပုဂံက သူ့သမီးဆီ ပြန်သွားခဲ့တာပါ "

မပန်းရုံကို လိမ်ညာပြောရန် ကျွန်တော်စဉ်းစားထားသောဇာတ်ကွက်ပင်ဖြစ်သည်။ မလှပစွာ ဘဝကိုအဆုံးရှုံးခံခဲ့ရသည့် ဝိညာဉ်တစ်ကောင်အတွက် သဘာဝကျစွာ တန်ဆာဆင်ထားသည့် မုသားချိုချိုတစ်ခုဖြစ်ပါ၏။

ကျွန်တော့်မုသားစကားကို မပန်းရုံ ယုံသွားရှာသည်၊

ကျွန်တော်က ဇာတ်လမ်းလှလှလေးတွေရေးနေကျ ဝတ္ထုရေးဆရာမဟုတ်လား။

“ ဝမ်းသာစရာပြောရဦးမယ် ၊ ကျွန်တော့်ဇနီး နိုင်ငံခြားကပြန်ရောက်လာပါပြီ ”

“ ဝမ်းသာလိုက်တာသခင်၊ သခင်တို့လင်မယား ဘယ်တော့မှ မခွဲပါနဲ့တော့၊ ရာသက်ပန်ပေါင်းကြပါ၊ သားလေး သမီးလေးတွေမွေးကြပါ၊ ပျော်စရာကောင်းတဲ့ အိမ်ထောင်တစ်ခုဖြစ်ပါစေသခင် ”

“ မနက်ရောက်ရင် မပန်းရုံအလောင်းကို ဖော်ပေးပါ့မယ်၊ သရဏဂုံတင်ပေးပါ့မယ် ၊ အမျှအတန်းဝေပေးပါ့မယ် မပန်းရုံ ”

“ ကျေးဇူးကြီးလှပါပေ့သခင်ရယ် ”

❤ ❤ ❤

□

ကျွန်တော်က အုတ်ပုံပေါ်မှ ခြုံနွယ်များကို အရင် ရှင်းလိုက်သည်။

အုတ်ခဲများကို အခြားတစ်နေရာတွင် စုပုံလိုက်၏။

ပြီးသည့်အခါ … ပေါက်တူးတစ်လက်ဖြင့် အုတ်ပုံ အောက်မြေနေရာကိုတူးဆွလိုက်၏။

ဦးဖိုးသာဒင်ပြောလိုက်သည့်အတိုင်းပင်။ ထိုနေရာ သည် အင်္ဂတေဖျော်သည့်မြေကျင်းတစ်ခုဖြစ်နေပါ၏၊ အင်္ဂ တေအစအနများ ထွက်ပေါ်လာသည်။

မြေကျင်းမှာသိပ်မနက်၍ ကြာကြာမတူးလိုက်ရပေ။

တူးရင်း အရိုးတစ်ချောင်းပေါ်လာ၏။ လက်ဖျံရိုး ဖြစ်သည်။

ကျွန်တော်က မြင်းဇောင်းအုတ်ခုံပေါ်တွင် လက်ဖျံ ရိုးကို တင်ထားလိုက်သည်။

အရိုးမှာ ဆွေးမြေ့နေပြီဖြစ်၍ ပေါက်တူးနှင့်ပေါက် မိလျှင် ကြေမွသွားမှာစိုးရသည်။

ပေါက်တူးကိုမသုံးတော့ပဲ ကျန်အရိုးများကို လက်နှင့်တူးဆွကာ ရှာဖွေလိုက်ပါသည်။

ဦးဖိုးသာဒင်သည် ပြီးစလွယ်မြှုပ်နှံခဲ့ခြင်းဖြစ်၍ မြေမှာပွနေပြီး တူးဆွရလွယ်ကူလျှက်ရှိသည်။

မပန်းရုံ၏အရိုးများသည် တစ်ခုပြီးတစ်ခုပေါ်လာ၏။

နံရိုး ၊ ခြေထောက်ရိုး ၊ ဦးခေါင်းရိုး ၊ အစုံအလင်ရှိနေဆဲဖြစ်ပါ၏။

ကျွန်တော်က အရိုးတစ်ခုပေါ်လာတိုင်း မြင်းဇောင်းအုတ်ခုံပေါ် သွား–သွားတင်ထားလိုက်၏။

အရိုးအားလုံး စုံသည့်အခါ သူ့နေရာနှင့်သူဖြစ်အောင် ဆက်စပ်လိုက်သည်။

မိန်းမတစ်ယောက်၏ အရိုးစုပုံစံသည် ပီပီပြင်ပြင်ပေါ်လာပါ၏။

ကျွန်တော်က မပန်းရုံ၏အရိုးစုကိုကြည့်နေစဉ်မှာပင်… အရိုးများထက်၌ အသားများ တဖြည်းဖြည်း ပြည့်–ပြည့်လာ၏။

ခဏချင်းမှာပင် မပန်းရုံ၏ရုပ်သွင်မှာ အသားအရည်အပြည့်ဖြင့် ပေါ်လာလေ၏။

မပန်းရုံက ကျွန်တော့်ကိုပြုံးပြလိုက်သည်။

မပန်းရုံ၏ပါးနှစ်ဖက်တွင် ပါးချိုင့်လေးနှစ်ခု ထင်းသွား၏။ သခင်ကြီးဦးစိုးအုပ်မှတ်တမ်းတင်ခဲ့သော အသည်းပုံပါးချိုင့်လေးများပါလား။

" ကျေးဇူးတင်ပါတယ် သခင် "

မပန်းရုံက အပြုံးဖြင့်ပြောလိုက်သည်။ ပန်းအိုးလေးထဲမှ ကြားနေကြအသံလေးပါပဲ ။

မပန်းရုံစကားဆုံးသည်နှင့် အရိုးပေါ်မှ မပန်းရုံရုပ်သွင်မှာ တဖြည်းဖြည်းဝေဝါး၍ ပျောက်ကွယ်သွားလေသည်။ အရိုးစုချည်းသာ ကျန်ခဲ့လေတော့၏။

မပန်းရုံကား ကျွန်တော့်ကို ကိုယ်ထင်ပြသွားခြင်းဖြစ်ပါလေသတည်း။

❤ ❤ ❤

□

ကျွန်တော်ကရွာထဲသို့အမြန်သွားကာ ရွာဦးကျောင်း ဘုန်းကြီးကို အကျိုးအကြောင်းလျှောက်ထား၍ တစ်ခါထဲ ပင့်လာခဲ့သည်။

အပြန်တွင် မောင်ဇာနည့်ကို ဝင်ခေါ်ခဲ့၏။

ဘာမှန်းမသိပဲလိုက်လာခဲ့သည့် မောင်ဇာနည်သည် အရိုးစုကြီးကိုတွေ့လိုက်သည့်အခါ လန့်ဖြန့်သွား၏။

“ ဟာ … ဆရာ ၊ ဒါ … ဒါ ဘာကြီးလဲ၊ အရိုး စုကြီးပါလား၊ ဘယ်ကရောက်လာတာလဲဟင် ”

မောင်ဇာနည့်အမေးကိုပြန်ဖြေမနေအားပဲ … ဘုန်းကြီးကိုသာ လျှောက်ထားလိုက်သည်။

“ အရှင်ဘုရား ၊ ဒီအရိုးစုဟာ လွန်ခဲ့တဲ့နှစ်၃၀က ဒီအိမ်ကြီးမှာနေသွားတဲ့ အိမ်ဖော်မလေးမပန်းရုံရဲ့ အရိုးစုပါ အိပ်မက်အရ တပည့်တော်တူးဖော်ကြည့်လို့ တွေ့ရခြင်းပါဘုရား၊ သူကွယ်လွန်စဉ်က သရဏဂုံမတင်ခဲ့ရသေးပါဘူး ၊ သရဏဂုံတင်ပေးတော်မူပါဘုရား ”

ဘုန်းကြီးအိုကြီးမှာ ဤအိမ်၏ဇာတ်လမ်းကို သိပြီးဖြစ်ပေမည်။

ဣန္ဒြေမပျက်ပဲ သရဏဂုံတင်သည့်ကိစ္စကို ဆောင်ရွက်ပေးတော်မူပါ၏။

❤ ❤ ❤

□

ကိစ္စအားလုံးပြီးစီးသည့်အခါ အိမ်ထဲပြန်ဝင်ခဲ့ပြီး ပန်းအိုးလေးကိုယူကာ မပန်းရုံနှင့် ဆက်သွယ်ကြည့်လိုက်သည်။

“ မပန်းရုံ … မပန်းရုံ ”

ပြန်ထူးသံမကြားရပါ။

ကျွန်တော်က ပန်းအိုးလေးကို ချက်ချင်းပြန်ချမထားပဲ အတော်ကြာသည်ထိ နားတွင်ကပ်ကာ နားထောင်နေမိသည်။

မပန်းရုံပြန်၍ ဆက်သွယ်သည့်အသံကို မကြားရ။

ညရောက်သည်အထိ မပန်းရုံနှင့်ဆက်သွယ်လို့ မရတော့ပါ။

မပန်းရုံကား ကျွတ်လွတ်သွားလေပြီတည်း။

ကျွန်တော်က မပန်းရုံအတွက် ဝမ်းသာမိသည်။

အထီးကျန်သောခံစားမှုကိုလည်း ခံစားလိုက်ရ၏။

လူအများအမြင်တွင် ယာတောအိမ်ကြီး၌ ကျွန်တော်တစ်ယောက်ထဲနေသည်ဟု မြင်ကြပေမည်။ တကယ်က ကျွန်တော့်မှာ အဖော်ရှိပါသည်။

မပန်းရုံ။

မပန်းရုံနှင့် ညစဉ် ပန်းအိုးလေးမှတစ်ဆင့် စကားပြောခဲ့ရင်း ရင်းနှီးနေခဲ့ရပြီ။

ယခုတော့... မပန်းရုံက နာနာဘာဝဘဝမှ ကျွတ်လွတ်သွားပေပြီ။

ကျွန်တော်တစ်ယောက်ထဲ ပျင်းရိ ချောက်ကပ်စွာ၊ အထီးကျန်ဆန်စွာ ကျန်ရစ်ခဲ့ရပါတော့၏။

မပန်းရုံ ကောင်းရာဘုံဘဝရောက်ပါစေ ...

❤ ❤ ❤

□

နောက်တစ်နေ့တွင် ... ရွာထဲမှာ ရယကဥက္ကဋ္ဌနှင့် ဆယ်အိမ်ခေါင်းများကို ယာတောအိမ်ကြီးဆီသို့ဖိတ်ခေါ် လိုက်သည်။ ရွာကျောင်းမှ ကျောင်းဆရာကိုပါ ဖိတ်ခေါ် လိုက်ပါ၏။

ကျွန်တော်က ဤအိမ်ကြီးကို ရပ်ရွာကောင်းကျိုးအတွက် လှူမည်ဖြစ်ကြောင်းပြောကြားလိုက်သည်။

အားလုံးက သာဓုခေါ်ကြလေသည်။

မပန်းရုံ၏အရိုးစုများကို မြင်းဇောင်းဘေးမှာပင် အုတ်ဂူပြုလုပ်၍ သင်္ဂြိုဟ်လိုက်သည်။

နောက်သုံးရက်အကြာတွင် မြကျွန်းသာယာတော အိမ်ကြီးမှ ကျွန်တော်ပြန်လာခဲ့၏။

အိမ်ထဲမှ မဂ္ဂဇင်းစာအုပ်အဟောင်းများ၊ စာအုပ်အဟောင်းများကိုသာ ဦးစိုးအုပ်၏အမွေအနှစ်အဖြစ် ကျွန်တော်သယ်ဆောင်လာခဲ့ပါသည်။

ဦးစိုးအုပ်နှင့်ပတ္တမြားနတ်မယ်တို့၏
မှန်ဘောင်သွင်း
ဓာတ်ပုံကြီးများကိုအလှူရှင်များဓာတ်ပုံအဖြစ် သည်အတိုင်း ထားခဲ့သည်။ ယာတောအိမ်ကြီးကို ပေးလှူခဲ့ရာတွင်လည်း ဦးစိုးအုပ်နှင့်ပတ္တမြားနတ်မယ်အမည်ဖြင့်သာ ပေးလှူခဲ့ခြင်း ဖြစ်ပါသည်။

ပတ္တမြားနတ်မယ်၏ သွေးကွက်ကြီးနှင့်ပတ်သက်၍ ဖော်ပြရပေဦးမည်။

မပန်းရုံ၏အလောင်းကိုတူးဖော်ပြီး ... သရဏဂုံတင် ပေးပြီးသည့်ညနေတွင် သွေးကွက်ကြီးပေါ်လာမည်ကို ကျွန် တော်စောင့်ကြည့်နေခဲ့၏။ သွေးကွက်ပေါ်လာနေကျ ည နေဖနာရီအချိန်ဖြစ်ပါသည်။

သို့သော်... သွေးကွက်ကြီးသည် ထိုနေ့မှစ၍ ပေါ် မလာခဲ့ပါလေတော့။ နောက်နေ့... နောက်နေ့များတွင် လည်း ပြန်လည်ပေါ်ပေါက်လာခြင်းမရှိပါတော့ချေ။

ပတ္တမြားနတ်မယ်သည် ဝိညာဉ်အဖြစ်ရှိမနေပဲ သွေး ကွက်သာလျှင်ရှိနေခြင်းမှာ ထူးဆန်းလှပေသည်။ သွေး ကွက်သည်လည်း မပန်းရုံ ကျွတ်လွတ်သွားသည့်နေ့မှစ၍ ပေါ်လာခြင်းမရှိတော့ပြန်ချေ။

မပန်းရုံဝိညာဉ်နှင့် ပတ္တမြားနတ်မယ်၏သွေးကွက်တို့ မည်သို့ဆက်စပ်မှုရှိပါလေသလဲ။

သဘာဝလွန်ဖြစ်ရပ်မို့ ဆက်စပ်တွေးခေါ်စဉ်းစားရန်လည်း ခဲယဉ်းလှပါပေ၏။

မည်သို့ပင်ဆိုစေ ... ယာတောအိမ်ကြီး၌ မပန်းရုံဝိညာဉ်သည်၄င်း၊ ပတ္တမြားနတ်မယ်သွေးကွက်သည်၄င်း ... ပျောက်ကွယ်သွားပြီဖြစ်ကာ ချောက်ချားဖွယ်ဖြစ်ရပ်များသည်လည်း နိဂုံးချုပ်ခဲ့လေပြီတည်း။

ကျွန်တော်၏အပြန်ခရီးတွင် ... ကိုသာအိနှင့်မောင်ဇာနည်တို့သားအဖက ပေါက်ဦးတောဘူတာရုံအထိ မြင်းလှည်းဖြင့်လိုက်ပို့ပါ၏။

ကျွန်တော်သည် နောက်ဆုံးအနေဖြင့် မြကျွန်းသာရွာကလေးနှင့် ယာတောအိမ်ကြီးဆီသို့ မျှော်ကြည့်လိုက်သည်။

မြကျွန်းသာမျိုးဆက်၏ ပဒေသရာဇ်အနွယ်တော်ဘဝကား နိဂုံးချုပ်ခဲ့လေပြီ။

မပန်းရုံသည်လည်း နာနာဘာဝဘဝမှ ကျွတ်လွတ်ကာ ဘဝနိဂုံးအဆုံးသတ်သွားခဲ့လေပြီတည်း။

အပြန်ခရီးတွင် ကျွန်တော်သည် မပန်းရုံ၏ဝိညာဉ် တစ်ချိန်က ခိုနားခဲ့သော ပန်းအိုးလေးကို ရန်ကုန်သို့ ယူဆောင်လာခဲ့လေတော့သည်။

❤ ❤ ❤

□

မြတ်လေးငုံက ကျွန်တော်ပြောသမျှကို မျက်လုံးအဝိုင်းသားဖြင့် နားထောင်နေရှာသည်။

“ မောင်ပြောတာတွေ ယုံရဲ့လားအငုံ ”

“ မောင်ပြောတာမို့ အငုံ ယုံလိုက်ပါတယ်မောင်၊ ဝိညာဉ်နဲ့ စကားပြောရ ဆက်သွယ်လို့ရတယ်ဆိုတာ အံ့သြစရာကြီးပဲ ”

“ မောင်က ပိုအံ့သြရတာပေါ့ အငုံရယ်၊ မောင်ဟာ အရင်က ဝိညာဉ်လောက၊ ပရလောကကိုယုံခဲ့တဲ့သူမှ မဟုတ်ပဲ ၊ မောင့်လိုအယုံအကြည်မရှိတဲ့သူကမှ ဒီလိုအဖြစ်မျိုးနဲ့ကြုံရတယ်လေ ”

“ ဟုတ်ပါရဲ့မောင်၊ သရဲတစ္ဆေနဲ့အတူနေခဲ့ရပြီးမှ အဲဒီတစ္ဆေကကျွတ်သွားလို့ အိမ်ကြီးထဲမှာ တစ်ယောက်ထဲ စိတ်ချောက်ချားကျန်ခဲ့ရတယ်ဆိုတဲ့ မောင့်အဖြစ်လဲ မောင်တွေးကြည့်ပါဦး ”

အငုံနှင့်ကျွန်တော် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးရယ်မိကြသည်။

“ ဟုတ်ပါရဲ့ကွာ၊ သရဲနဲ့တစ်အိမ်ထဲရှိတုန်းက မကြောက်ဖူး၊ အဖော်ရှိတယ်ဆိုပြီး အားရှိနေတာ၊ မပန်းရုံလဲ ကျွတ်သွားရော မောင့်မှာ တစ်ယောက်ထဲ အားငယ်ပြီး ကြောက်လိုက်တာ ”

“ ဒီအကြောင်းတွေ မောင် ဘယ့်သူ့ကိုမှ ပြန်ပြောမပြနဲ့မောင်၊ အငုံမို့လို့ မောင့်ကိုယုံတာ၊ မောင့်ကို အရူးလို့ပြောကြလိမ့်မယ် ”

“ အင် ”

“ မောင်က စာရေးဆရာဆိုတော့ စိတ်ကူးယဉ်ပြီး ပြောတာလို့ထင်ကြမှာပဲ၊ တကယ်တန်းကျ မောင့်မှာ သက်သေပြစရာ ဘာရှိလို့လဲ ”

မှန်ပါသည်။ မပန်းရုံဝိညာဉ်ကို ဓာတ်ပုံရိုက်သော်လည်း အရိပ်မထင်ခဲ့။ ပန်းအိုးထဲမှ မပန်းရုံအသံကို ကူးယူထားဖို့လည်း ကျွန်တော်သတိမရခဲ့ပေ။ တစ်ချိန်က

မပန်းရုံဝိညာဉ်နှင့်ဆက်သွယ်ရင်းနှီးခဲ့ပါသည်ဆိုလျှင် ကျွန်တော့်စကားကို မည်သူကမှ ယုံကြည်ကြမည်မဟုတ်ပေ။

" ဩော် ... မောင် ၊ မောင် ၊ ဒါ့ကြောင့် ယာတောအိမ်ကြီးကိုပြန်သွားတာကိုး၊ မောင့်ရဲ့မပန်းရုံလေးလွတ်မြောက်ရေးအတွက် သွားပြီးကူညီတာကိုး "

" ဘာရယ် ၊ မောင့်ရဲ့မပန်းရုံ ဟုတ်လား၊ မပန်းရုံကွယ်လွန်တာ နှစ်၃၀တောင်ကြာခဲ့ပါပြီ၊ သူအသက်၂၀လောက်က သေခဲ့တာဆိုတော့ အခုရှိရင် အသက်၅၀ကျော်ပြီ၊ မောင်တို့မမွေးခင်က သေခဲ့ပြီးသားဝိညာဉ်ပါ အင်ုံရဲ့ "

" အင်ုံက ဘာပြောလို့လဲ၊ ဝိညာဉ်ကို သံယောဇဉ်ထားနေတဲ့ မောင့်ကိုအံ့ဩလို့ပြောတာပါ၊ မပန်းရုံဝိညာဉ်ကို ကူညီချင်လွန်းတော့ နိုင်ငံခြားကပြန်လာကာစ ကိုယ့်မိန်းမနားမှာတောင် မနေနိုင်ဘူးလေ "

" အင်ုံက မပန်းရုံကို သဝန်တိုနေတာလား "

အင်ုံက ပြုံး၍ ကျွန်တော့်ကိုမျက်စောင်းထိုးသည်။

" အကောင်အထည်မရှိတဲ့ဝိညာဉ်ကို သဝန်မတိုတတ်ပေါင်၊ အင်ုံ့ကို မောင်ဂရုမစိုက်တာကို မကြေနပ်လို့ရှင့် ၊ သိလား "

" ဟာ ... အင်ုံရယ်၊ မောင်က အင်ုံ့ကို ဘာများဂရုမစိုက်လို့လဲ "

“ အငုံဘာဖြစ်နေသလဲ၊ မောင်သိလား၊ မောင်မေး သလား ၊ ကဲ ”

“ ဟင် ”

ကျွန်တော်က အငုံ့ကို သေချာကြည့်လိုက်သည်။ အငုံ့စကားက ဘာကိုဆိုလိုပါလိမ့် ။

“ အငုံ ဘာပြောချင်တာလဲဟင် ”

“ ဟွန်း … အငုံ့အကြောင်းကို မောင့်မပန်းရုံသိ ရင်လဲ ဝမ်းသာမှာပါ ”

“ မပန်းရုံက ပါလာပြန်ပြီ၊ မပန်းရုံနဲ့ ဘာဆိုင်လို့ လဲ အငုံရဲ့ ”

“ မပန်းရုံက လင်မယားခွဲမနေဘို့ မောင့်ကိုဆုံးမ ခဲ့တယ်ဆို၊ သားတွေ သမီးတွေမွေးဖို့ တိုက်တွန်းခဲ့တယ် ဆို ”

“ ဟာ … အငုံ ”

ကျွန်တော်က အငုံ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း မေးလိုက်သည်။

“ အငုံ ၊ အငုံ ၊ ဘာဖြစ်နေလဲ၊ ပြောစမ်းပါ ”

အငုံကခေါင်းငုံ့သွားသည်။

တစ်လုံးချင်းပြောသည်။

" အငံ့မှာ ကိုယ်ဝန်ရှိနေပါပြီမောင် "
" အငံ့ရယ် ... "

❤ ❤ ❤

□

မြကျွန်းသာမျိုးဆက်နှင့်ပတ်သက်သော၊ ယာတော အိမ်ကြီးနှင့်ပတ်သက်သောအဖြစ်များသည် ပြီးဆုံးခဲ့ပြီဟု ကျွန်တော်ထင်ခဲ့သည်။

တစ်နေ့ နေ့လည်ခင်းတွင် ... ဖေဖေကကျွန်တော့် ကို သူ၏ စာဖတ်ခန်းထဲခေါ်၍ စကားပြောခဲ့၏။

" ဖေဖေက အသက်ကြီးပြီသား၊ နောက်နေ့ရလှ လေးငါးနှစ်ပဲ ၊ ဖေဖေမသေခင်မှာ သားကိုပြောသင့်တယ် ထင်လို့ စကားတစ်ခွန်းပြောခဲ့ချင်တယ် "

ဖေဖေ့နိဒါန်းစကားက ဆန်းလှပေသည်။

" ဖေဖေပြောမယ့်စကားဟာ ဖွင့်ဟဝန်ခံချက်လို့ ပြောရင်လဲ ရပါတယ်ကွယ်၊ ဒါပေမယ့် ... သား ခံနိုင်ရည် ရှိဘို့တော့လိုမယ် "

" ဘာများလဲ ဖေဖေရယ်၊ ပြောပါ၊ သားသိချင်လှပြီ "

" ဖေဖေနိဒါန်းပျိုးတာ ရှည်လို့ စိတ်မရှည်တော့ဘူးလား၊ ကြားရမှာပါသား၊ ဖေဖေဟာ ဒီစကားကို သား မေမေဆုံးပြီးကတည်းက ပြောသင့်မပြောသင့် ချိန်ဆခဲ့တာပါ၊ သားမေမေကလည်း ဖေဖေပြောသင့်တယ်ထင်မှ ပြောဖို့၊ မပြောချင်ရင်လဲ ဖေဖေသေတဲ့အထိ ရေငုံနှုတ်ပိတ်နေလိုက်ဖို့ မှာခဲ့တယ် "

" မေမေက မှာခဲ့တယ် "

" ဟုတ်တယ်သား၊ သားမေမေကလည်း သူမသေခင်မှာ သားကို ဒီအကြောင်းပြောသင့် မပြောသင့် ချိန်ဆရင်းနဲ့ပဲ ဆုံးသာသွားရှာတယ်၊ သားကို ဖွင့်မပြောဖြစ်ခဲ့ရှာဘူး "

" ဘာများလဲ ဖေဖေရယ်၊ ပြောစရာရှိ ပြောပါတော့ "

" အင်းလေ ... ခုတော့သားက နိုင်ငံကျော်စာရေးဆရာတစ်ယောက်တောင်ဖြစ်နေပြီပဲ၊ ဖေဖေ

ထိန်ချန်မထား ချင်တော့ဘူး၊ အမှန်တရားကို ထိန်ချန်ထားခဲ့ရင် ဖေဖေ့ မှာ အပြစ်ဖြစ်မှာလည်းစိုးတယ် ”

“ ဖေဖေ ”

“ ပြောမှာပါသား၊ ခံနိုင်ရည်သာ မွေးထားပေတော့ ”

ပြောမည်ဆိုပြီးမှ ပြောရမှာဝန်လေးသလို ဖေဖေက နှုတ်တွန့်နေပြန်သည်။

ဖေဖေသည် သက်ပြင်းတစ်ချက်ကိုချရင်း ...

“ သား ၊ သားဟာ ဖေဖေ့ရဲ့ သားအရင်း မဟုတ်ဖူးကွဲ့ ”

“ ဗျာ ”

“ အေးကွယ် ၊ သားက ဖေဖေ့သား မဟုတ်ဘူး၊ ဒါပေမယ့် သားဟာ မြကျွန်းသာမျိုးဆက်အစစ်ပါ ”

“ ဟင် – ဖေဖေ ၊ ဒါဖြင့် မေမေဟာ ... ”

“ တလွဲချော်မတွေးနဲ့သား၊ သားကို သားမေမေက မွေးခဲ့တာလဲ မဟုတ်ဘူး ”

“ ဘာတွေလဲ ဖေဖေရယ် ”

" ဖေဖေဟာ သားသမီးမရနိုင်တာကို ဆေးစစ်ကြည့်လို့ သိပြီးနောက်ပိုင်းမှာ သားသမီးရတနာကို မမျှော်ကိုးတော့ဘူးပေါ့ သားရယ် ၊ ဒါပေမယ့် သားမေမေကတော့ ကလေးလိုချင်ရှာတယ် ၊ မိခင်စိတ်ရှိတဲ့မိန်းမသားပေကိုး "

ဖေဖေက ပြောရင်း နံရံမှာချိတ်ထားသည့် မေမေဒေါ်သူဇာတင်တင်၏ဓာတ်ပုံကြီးကို လှမ်းကြည့်လိုက်သည်။

" တစ်နေ့တော့ လသားလောက်ရှိတဲ့ကလေးတစ်ယောက်ကို သားမေမေက ယူလာတယ်၊ မွေးစားမယ်တဲ့ ၊ ဖေဖေကတော့ ထုံးစံအတိုင်းပေါ့၊ ကိုယ့်ရင်သွေးအစစ်မဟုတ်တဲ့ကလေးကို မွေးစားမယ်ဆိုတော့ ဒီကလေးဟာ မျိုးရိုးသန့်ရဲ့လား ၊ ဘယ်ကလဲ မေးရတာပေါ့ "

" မျိုးရိုးက သန့်ပါတယ် အစ်ကိုကြီးရဲ့၊ သန့်ဆိုမြကျွန်းသာမျိုးရိုးပဲလေ "

" ဘာကွဲ့ "

ဦးဖေအောင်က အံ့အားသင့်သွားသည်။

" မြကျွန်းသာမျိုးရိုး ဟုတ်လား၊ ဘယ်သူကမွေးတာလဲ တင်တင် "

" ဒါတော့ အသိမပေးပါရစေနဲ့ အစ်ကိုကြီး၊ များပြားလှတဲ့မြကျွန်းသာအဆက်အနွယ်တွေထဲက မိန်းကလေး

တစ်ယောက်လို့ပဲ မှတ်ထားလိုက်ပါတော့၊ မိန်းကလေးရဲ့ သိက္ခာအတွက် ဘယ်သူဆိုတာတော့ တင်တင် အစ်ကိုကြီး ကို လျှို့ဝှက်ထားပါရစေ၊ တင်တင့်ကိုခွင့်လွှတ်ပါ အစ်ကိုကြီး”

ဦးဖေအောင်က အနှီးနှင့်ထွေးထားသော ကလေး နီတာရဲလေးကို ငုံ့ကြည့်လိုက်သည်။

“ ချစ်စရာမကောင်းဘူးလားဟင် ၊ အစ်ကိုကြီး ”

“ လသားလေးဆိုတော့ ရုပ်ကမပေါ်သေးဘူး၊ ရုပ် ရည်ပေါ်လွင်လာရင်တော့ တင်တင်တို့မြကျွန်းသာမျိုးနွယ် တွေရဲ့ ရုပ်အတိုင်း ခန့်ညားမယ့်ပုံပဲဟေ့ ”

“ သားသားလေးကို ချစ်ရဲ့လားဟင် အစ်ကိုကြီး ”

“ ချစ်ပါတယ်ကွယ် ၊ ချစ်ပါတယ်၊ ကလေးမရှိရင် တစိမ်းတောင်မွေးစားရသေးတာပဲ၊ ဒီကလေးက တင်တင် တို့မျိုးရိုးဆိုတော့ ဘာပြောစရာရှိသလဲ၊ အစ်ကိုကြီးရဲ့သား လေးပဲပေါ့ကွယ် ”

“ ယုံပါသား၊ ဖေဖေဟာ သားကို သားအရင်းလိုပဲ ချစ်ခဲ့ပါတယ်၊ အခုစကားပြောနေတဲ့အချိန်အထိ သားအ ပေါ် ဖေဖေဆက်ဆံခဲ့ပုံတွေ သားပြန်စဉ်းစားကြည့်ရင် သိ နိုင်ပါတယ်၊ သားကိုအဖြစ်မှန်တွေပြောရလို့ ဖေဖေ့ရင်မှာ မချိပါဘူးကွယ် ”

ဖေဖေက ပြောရင်း မျက်ရည်စို့လာသည်။

ကျွန်တော်က ချစ်သိမ့်သည့်အနေဖြင့် ဖေဖေ့ဒူး နှစ်ဖက်ကို ဆုတ်ကိုင်လိုက်သည်။

“ ယုံပါတယ်ဖေဖေ၊ ဖေဖေ သားကိုချစ်တာ ယုံပါတယ်၊ အဲဒါကိုယုံလွန်းလို့လဲ သားဟာ ဖေဖေနဲ့မေမေရဲ့ သားအရင်းမဟုတ်ဘူးဆိုတာကို မယုံနိုင်ဘူးဖေဖေ၊ သား လက်မခံနိုင်ဘူးဖြစ်နေတယ် ”

“ အဖြစ်မှန်ကိုတော့ လက်ခံရမယ်သား ”

“ ဖေဖေရယ် ”

ကျွန်တော်က ကြမ်းပြင်ပေါ်ဆင်းထိုင်ရင်း ဖေဖေ့ပေါင်ပေါ်မျက်နှာအပ်ကာ ငိုမိပါသည်။ ဖေဖေက ကျွန်တော့်ဆံစများကို လက်နှင့်သတ်ရင်း သူပါမျက်ရည်ကျလာကာ ကျွန်တော့်ကို နှစ်သိမ့်မှုမပေးနိုင်ပဲရှိနေ၏။

“ ဒါဖြင့် ကျွန်တော့်မိဘအရင်းတွေက ဘယ်သူတွေလဲဖေဖေ ”

“ ဖေဖေလဲ မသိဘူး သား၊ သားမေမေကိုပေးထားတဲ့ကတိအတိုင်း ဖေဖေမမေးခဲ့ဘူး ၊ မစပ်စုခဲ့ဘူး ”

“ ဒါဆို သားက မိဘအရင်းတွေကို မသိနိုင်တော့ဘူးပေါ့ ”

“ သားမေမေရေးခဲ့တဲ့စာ ရှိပါတယ်ကွယ်၊ တင်တင်မဆုံးခင်က ဒီစာကိုရေးပြီး သားကိုပေးသင့်ရင်ပေးဖို့ ၊ ဖေဖေ့ဆန္ဒအတိုင်းဆုံးဖြတ်ပါဆိုပြီး ပေးခဲ့တာကွဲ့၊ တင်တင့် စာထဲမှာတော့ သားမိဘအရင်းတွေ ဘယ်သူဆိုတာ ဖွင့် ပြောထားလိမ့်မယ် ထင်ပါရဲ့ ”

ဖေဖေက စာရေးစားပွဲဆီသို့ ထ,သွားကာ သော့ခတ်ထားသောအံဆွဲကိုဖွင့်သည်။

ဖေဖေ့လက်ထဲတွင် စာအိပ်ညိုတစ်လုံးပါလာပါ၏။


ဖေဖေက စာကို ကျွန်တော့်လက်ထဲ အပ်ရင်း ...

“ သားမေမေစာကို ဖေဖေဖတ်မကြည့်ဘူးသား၊ သားဖတ်ပြီးလို့ သားမိဘရင်းတွေဘယ်သူဆိုတာသိရင် ဖေဖေ့ကို ပြောချင်ပြော၊ မပြောချင်လဲ နေနိုင်ပါတယ်ကွယ် ”

ဖေဖေက စာအိပ်ကို ကျွန်တော့်လက်ထဲထည့်ပေးပြီး... စာကြည့်ခန်းထဲမှ ထွက်ခွာကာ သူ့အိပ်ခန်းထဲသို့ တရွေ့ရွေ့လှမ်းဝင်သွားလေသည်။ ဖေဖေ စိတ်နှလုံးထိခိုက်သွားပေပြီ။

ကျွန်တော်က လက်ထဲမှ စာအိပ်လေးကိုကြည့်လိုက်၏။

မေမေ့လက်ရေးဖြင့် ...




ဟု … လိပ်တပ်ထားပါသည်။

ကျွန်တော်က တုန်လှုပ်သောရင်ဖြင့် စာအိပ်ကို ဖွင့်ဖောက်ကာ မေမေ့စာကို ဖတ်ကြည့်လိုက်သည့်အခါ တွင်ကား …

❤ ❤ ❤

□

*သား –*

*မေမေရေးခဲ့တဲ့ ဒီစာကို သားဖတ်ချင်မှလဲ ဖတ်ရပေလိမ့်မယ်၊*

*သားကို မေမေပြောမထွက်တဲ့စကားတွေ စာနဲ့ ရင်ဖွင့်ခဲ့ပါတယ်ကွယ်၊*

ဒီစာကို သားဖေဖေက ပေးဖတ်ခဲ့မယ်ဆိုရင်တော့ သားဟာ မေမေတို့ရဲ့မွေးစားသားဆိုတာ သိပြီးရောပေါ့၊

သားအဖေ အမေအရင်းတွေ ဘယ်သူဆိုတာ ပြောပါမယ်သား ၊ တကယ်တော့ ဒီအကြောင်းအဖြစ်မှန်တွေကို သားဖေဖေတောင် မသိရှာပါဘူးကွယ် ၊ မျိုးရိုးဂုဏ်သိက္ခာအတွက် မေမေလျှို့ဝှက်ခဲ့တာပဲ ၊

မေမေတို့ မြကျွန်းသာအနွယ်တွေရဲ့ ပုံပြင်ဆန်တဲ့ဇာတ်လမ်းပေါင်းများစွာထဲက … ဟိုး မြကျွန်းသာရွာမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်တစ်ခုကိုတော့ သားငယ်ငယ်ကတည်းက ဒဏ္ဍာရီတစ်ပုဒ်လိုကြားခဲ့ဘူးပြီးသားပါလေ၊

မေမေ့ရဲ့မောင်အရင်း မောင်စိုးအုပ်ဟာ မြကျွန်းသာရွာရဲ့ယာတောအိမ်ကြီးမှာ လယ်ယာလုပ်ငန်းတွေ အုပ်ချုပ်လုပ်ကိုင်ရင်းက တစ်အိမ်ထဲနေတဲ့ အိမ့်ကျွန်မလေး ပန်းရုံနဲ့ ငြိစွန်းခဲ့တယ်သား၊

သခင်နဲ့ကျွန်ပေမယ့် ဖိုမသဘာဝအတိုင်း လူနေနည်းပါးတဲ့ အိမ်ကြီးထဲမှာအတူနေကြရင်းက ငြိစွန်းမိကြတာဟာ မဆန်းပါဘူး၊

ဆန်းတာကတော့ မောင်စိုးအုပ်ရဲ့ဇနီး မယားဟာ ပတ္တမြားနတ်မယ်ဖြစ်နေခြင်းပဲကွဲ့၊ ပတ္တမြားဟာ အမျက်မာန်စောင်ကြီးတဲ့မိန်းမပဲ၊

ပတ္တမြားရဲ့ သွေးအေးအေးနဲ့လက်စားချေတဲ့အကြံအစည်ကြောင့် မပန်းရုံလဲ အဆိပ်ကျွေး အသတ်ခံရရှာတယ်၊ ဒီကိစ္စကြောင့် မောင်စိုးအုပ်က ပတ္တမြားကိုသေနတ်နဲ့ပစ်သတ်ပြန်တယ်၊ မောင်စိုးအုပ်လဲ သေစားသေစကြိုးမိန့်ကျခဲ့ရတယ်သား၊

ဒီအကြောင်းတွေ ငါ့သားကြားဘူးပြီးသားပါ၊

မေမေ ဒါတွေပြန်ပြောနေတာကြည့်ချင်းအားဖြင့် သား သဘောပေါက်လောက်ပါပြီ၊

ပတ္တမြားမသိခဲ့တဲ့ အဖြစ်တစ်ခုရှိခဲ့တယ်၊

ပန်းရုံမှာ မောင်စိုးအုပ်ရဲ့သန္ဓေဝိတွယ်ခဲ့ပြီး အဝေးကရွာတစ်ရွာမှာ ကလေးမီးဖွားခဲ့တာပဲ၊

ပတ္တမြားသိသွားရင် သံသရာရှည်မှာစိုးတာကြောင့် အထိန်းတော်ကြီးဒေါ်အိုဇာနဲ့ မေမေနဲ့တိုင်ပင်ပြီး ... မွေးလာတဲ့ကလေးဟာ အသက်ပါမလာဘူးလို့ မောင်စိုးအုပ်နဲ့ပန်းရုံကိုပြောခဲ့တယ်၊

*တကယ်တော့ ကလေးဟာ ကျန်းမာသန်စွမ်းစွာမွေးဖွားလာခဲ့တာပါ၊ အဲဒီကလေးကတော့ သားပဲပေါ့ကွယ် ၊*

❤ ❤ ❤

□

" မငိုပါနဲ့မောင် ၊ မငိုပါနဲ့ "

အငုံက ကျွန်တော့်ကို နှစ်သိမ့်ပေးရှာသည်။

" အငုံ ၊ မောင်ဟာ အိမ့်ကျွန်မနဲ့ရတဲ့သားဆိုတာ သိရတော့ အငုံ မောင့်ကို အထင်မသေးဘူးလားဟင် "

" ဘာဆိုင်လို့လဲမောင် ၊ အငုံက ဆရာဝန်ပါ၊ လူ သားမှန်သမျှ အသွေးအသားနဲ့ဖွဲ့စည်းထားတဲ့ တန်းတူတွေ ဆိုတာ အငုံခံယူထားပြီးပါမောင်ရယ် "

" မောင် မပန်းရုံအတွက်၊ အမေ့အတွက် ဝမ်း နည်းလွန်းလို့ပါ၊ အမေဟာ မောင့်ကို သူ့သားလို့သာ သိ သွားရင် ဘယ်လောက်ဝမ်းသာရှာမလဲ၊ ခုတော့ - အရိုးခံ အတိုင်း သူမွေးခဲ့တဲ့ကလေးဟာ အသက်ပါမလာဘူးလို့ ယုံကြည်သွားရှာတယ်၊ ဘဝတလျှောက်လုံး အနှိမ်ခံ၊ အညာ ခံခဲ့ရတဲ့ အမေ့ဘဝကို သနားလွန်းလို့ပါ "

" မောင့်အမေအတွက် ကောင်းမှုကုသိုလ်လုပ်ကြ တာပေါ့မောင်၊ မောင့်ရဲ့အမျှအတန်းကို မောင့်အမေရမှာ ပါ "

" မောင့်ကို သခင်-သခင်လို့ ခေါ်ခဲ့တဲ့အသံလေး ကိုကြားယောင်မိတယ်ကွယ်၊ အမေနဲ့သား ဆုံရက်နဲ့မှ သား အမိမှန်းမသိရတာ ဘယ်လောက်ရင်နာဘို့ကောင်းသလဲ "

" မောင့်အကူအညီကြောင့် တစ္ဆေဘဝကကျွတ် သွားရတာဟာ မောင်ဆပ်လိုက်တဲ့ မွေးကျေးဇူးပါပဲ မောင် ရယ် "

ဩော် ... အငုံ ၊ မောင့်ကိုစိတ်ပြေပျောက်အောင် နှစ်သိမ့်တတ်လှချေလားကွယ်။

စာပေမတတ်ပြီး ရိုးအခဲ့ရှာသော်လည်း “ သား သမီးလေးတွေမွေးဖွားပြီး သာယာတဲ့ အိမ်ထောင်ရေးထူ ထောင်ဖို့ ”သူ့ဘဝနှင့်ယှဉ်ပြီး ဆုံးမသွားရှာခဲ့သည့်အမေ။

စိတ်ချပါအမေရယ်၊ လူ့လောကမှာ အသက်ရှင် ရက်ရှိတယ်ဆိုတာတောင်သိမသွားခဲ့တဲ့ အမေ့သားက အ မေ့မျိုးဆက်မြေးကလေးကို မကြာခင် မွေးဖွားတော့မှာပါ၊ အမေ့စကားအတိုင်း သားတို့အိမ်ထောင်ရေးကို သာယာ အောင် ၊ ခိုင်မြဲအောင်ကြိုးစားပါ့မယ်။

ပြီးဆုံးခဲ့ပြီဟုထင်ခဲ့သော မပန်းရုံဘဝကား အဆုံး မသတ်သေးပါတကား။

ကျွန်တော်သည် မြကျွန်းသာတွင် မောင်ဇာနည့်ချစ် သူနှင်းပေါက်နှင့် ဇာတ်လမ်းအကြောင်း ဆွေးနွေးစဉ်က ကျွန်တော်ပြောခဲ့သည့်စကားများကို သတိရမိသည်။

*“ လောကမှာ အဆုံးသတ်သွားတဲ့အဖြစ်ဆိုတာ မရှိပါဘူး၊ လူတစ်ယောက်သေသွားဦးတော့ ၊ သူအသက် ရှင်စဉ်က လုပ်ခဲ့တဲ့ လုပ်ရပ်တွေရဲ့အကျိုးဆက်ဟာ ကျန် နေခဲ့သေးတာပဲလေ ”*

ကျွန်တော့်ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ပြောခဲ့သော စကားများသည် ကျွန်တော့်ဘဝတွင် လက်တွေ့လာ၍ မှန် နေပါပြီကော။

❤ ❤ ❤

□

ပြာသိုလပြည့်နေ့တွင် သမီးလေးကို ကျွန်တော့် ဇနီးမြတ်လေးငုံက မွေးဖွားပေးခဲ့ပါသည်။

သမီးလေးမွေးမယ်ဆိုတာကို အာထလာဆောင်းရိုက်ထားပြီးဖြစ်၍ ကြိုတင်သိရှိပြီးဖြစ်သည်။

မိန်းကလေးဆိုတာကြိုသိထားသော်လည်း... သမီးလေး တကယ်လူ့လောကရောက်လာတော့ သမီးလေးကို ကြည့်ပြီးပီတိတွေဖြစ်ရသည်။

" ဘာလေးမွေးမယ်ဆိုတာကြိုသိထားတော့ တကယ်မွေးလာတဲ့အချိန်မှာ ရင်မခုန်တော့ဘူးပေါ့ " ဟု စာရေးဆရာသူငယ်ချင်းတစ်ယောက်က ပြောခဲ့သည်။ ကျွန်တော်ကလည်း ဟုတ်သယောင်ထင်ခဲ့၏။

သူ့စကား မှားသွားပါသည်။

ကြိုသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ၊ ကိုယ့်ရင်သွေးကို ကြည့်၍ဖြစ်ပေါ်ရသော ပီတိအဟုန် လောကနိယာမတရားကတော့ ပျောက်ပျက်မသွားပါပေ။

ကိုယ်တိုင်သားသမီးရမှ မိဘတွေရဲ့မေတ္တာကို နားလည်လာသတဲ့။

မည်သူမဆို ဖခင်အနေနှင့်ဖြစ်စေ၊ မိခင်အနေနှင့်ဖြစ်စေ ရင်သွေးမွေးဖွားပြီးချိန်၌ ... ငါ့မိဘတွေကလည်း ငါ့ကိုဒီလိုပဲ ချစ်ခဲ့မှာပါလားဟု ယှဉ်ထိုးစဉ်းစားမိမြဲဖြစ်ပါသည်။

ကျွန်တော်လည်း သမီးလေးကိုကြည့်၍ မေတ္တာစိတ်များယိုဖိတ်ကာ ကျွန်တော့်ကို မွေးခဲ့သည့် အမေ့အားသတိရမိသည်။

ဪ … ကျွန်တော့်အမေကတော့ ကလေးမှာ အသက်မပါခဲ့ဘူးဟု အလိမ်ခံရကာ ကျွန်တော့်ကို မြင်တောင်မြင်မသွားရရှာပေ။ ရင်ထဲတွင်နင့်ကနဲနာသွား၏။

“ ယောက်ျားဝါဆို၊ မိန်းမပြာသိုတဲ့၊ ပြာသိုလပြည့်မွေးတာခင်ဗျားသမီးကောင်းစားမယ်ဗျို့ ၊ စာရေးဆရာကြီး”

သမီးကိုမွေးပေးတဲ့ အညာသူသူနာပြုဆရာမကြီးက လှမ်းအော်သွားသည်။

နှစ်ဖက်ဆွေမျိုးတွေအားလုံးက သမီးလေးကို သဲသဲလှုပ်နေကြတော့၏။ အငုံတို့ဖက်ကလည်း မြေဦး၊ ကျွန်တော်တို့ဖက်ကလည်း မြေးဦး။

အငုံ့ညီမတစ်သိုက်မှာ မွေးစကလေးလေးကိုကြည့်၍ အမျိုးမျိုးဝေဖန်ရင်း ဆူညံနေကြတော့၏။

“ ကလေးက ဘယ်သူနဲ့တူလဲဟေ့ ”

“ မမကြီးနဲ့တူတာလား၊ ကိုကြီးမိုးနဲ့တူတာလား ”

“ ဪကွယ် ၊ ဒီအချိန် ဘယ်ရုပ်ပေါ်ဦးမှာလဲ သုံးလေးလနေမှ ရုပ်ပေါ်လာမှာဟဲ့ ”

အငုံ့အမေက သူ့သမီးတွေကို ရှင်းပြနေသည်။

“ ကဲ ၊ စာရေးဆရာ ၊ ကိုယ့်သမီးကိုယ် နာမည်မှည့်ပေတော့ ”

ကျွန်တော်က ကျွန်တော့်သမီးလေးကို သူ့အဘွား နာမည်လည်းပါအောင် “ ပန်းကေရီ ” ဟု နာမည်မှည့် ပေးလိုက်ပါသည်။

❤ ❤ ❤

□

သမီးလေး လေးလအရွယ်ရောက်ပေပြီ။
“ ပန်းကေရီရေ ၊ ပန်းကေရီ ”
သမီးလေးက သူ့နာမည်ခေါ်တာကိုသိနေပေပြီ။

သမီးလေးက ကျွန်တော်နှင့်အငုံ့ကို ကုတင်ပေါ်မှာ ပက်လက်ကလေးနှင့် ယက်ကန်ယက်ကန်လုပ်ရင်း ရယ်ပြနေ၏။

သမီးလေးကို အဖေနဲ့တူမလား ၊ အမေနဲ့တူမလား လောင်းကြေးစားကြေးလုပ်ထားကြသော အငုံ့ညီမများ ဘယ်သူကမှမနိုင်ပဲ သရေကျသွားခဲ့သည်။

သမီးလေးသည် အငုံနှင့်မတူပါ။

ကျွန်တော်နှင့်လည်း မတူပါ။

“ သမီးလေး ပန်းကေရီ ”

ခေါ်လိုက်သည့်အခါ သမီးလေးက ရယ်ပြ၏။

ရယ်နေသော သမီးလေး၏ ပါးပြင်နှစ်ဖက်တွင် ပါးချိုင့်လေးများပေါ်နေသည်။

အသည်းပုံပါးချိုင့်လေးများဖြစ်ပါ၏။

ြော် ... လောကမှာ အဆုံးသတ်သွားတဲ့ အဖြစ်ဆိုတာ မရှိပါကလား။

❤ ❤ ❤ ❤ ❤

ဆောင်းလုလင်
13.7.2002 to

11.8.2002

*ဆောင်းလုလင်*
*သင်းကွဲဝိညာဉ်မ*

*ဆောင်းလုလင်*
*သင်းကွဲဝိညာဉ်မ*

*ဆောင်းလုလင်*

*သင်းကွဲဝိညာဉ်မ*

*ဆောင်းလုလင်*
*သင်းကွဲဝိညာဉ်မ*

*ဆောင်းလုလင်*
*သင်းကွဲဝိညာဉ်မ*